# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်၊ တနင်္လာနေ့။ Monday, 6 February 2023 ၁၁၀၀၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဒေသတွင်းမှ ထွက်ရှိသည့် မွေးမြူရေးထုတ်ကုန်များကို ဈေးကွက်သို့ လျင်မြန်စွာ ရောက်ရှိစေရေးနှင့် ဈေးနှုန်းသက်သာစေရေးအတွက် သယ်ယူပို့ဆောင်ရေးသည် အရေးကြီး

## စနစ်ကျနသည့် မွေးမြူရေးလုပ်ငန်းဖြစ်ရန်လိုပြီး ဒေသနှင့် ဒေသခံများကိုလည်း အကျိုးဖြစ်စေရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တွံတေးမြို့နယ် ရွှေမုယင်းဒေသရှိ ငါးမွေးမြူရေးကန်များအတွင်း ငါးမွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ရွှေမုယင်းဒေသအတွင်း ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ငါးလုပ်ငန်းသိပ္ပံ(တွံတေး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ရွှေမုယင်းဒေသအတွင်း ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့မှ ငါးမွေးမြူရေး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐


ယနေ့ ဖတ်စရာ

**ပြည်ထောင်စုအမွေ၊ သွေးချင်းတို့မြေ၊ ရောဝတီရေလို**
ဆောင်းပါး
စာမျက်နှာ » ၈

**ဖွံ့ဖြိုးရှင်သန်လှပ မဲနယ်တောင်တန်းဒေသ(၁)**
ဆောင်းပါး
စာမျက်နှာ » ၁၇





**ကြက်သီးမထသော လုလင်**
စာမျက်နှာ » ၂၀

**လူငယ်များ သိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ**
ပါဘလို ပီကာဆို
စာမျက်နှာ » ၂၁

ကြေးမုံ

# ပြည်တွင်းရေးစွက်ဖက်မှု လက်မခံ ဆန့်ကျင်ကန့်ကွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံ့တာဝန်ထမ်းဆောင်မှု နှစ်နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ နိုင်ငံအချို့နှင့် ကုလသမဂ္ဂတာဝန်ရှိသူအချို့က အပြုသဘောမဆောင်သော သတင်းထုတ်ပြန်မှုများပြုလုပ်ခဲ့သည်ကို စိတ်ပျက်ဖွယ်ကြားသိခဲ့ရပါသည်။ မြန်မာနိုင်ငံအပေါ် အစဉ်တစိုက် အကောင်းမမြင်သော သဘောထားရှိသောသူများ၏ ပြောဆိုချက်များမှာ အထူးအဆန်းမဟုတ်သော်လည်း အမှန်တရားကို မျက်ကွယ်ပြုပြီး တစ်ဖက်သတ် ဘက်လိုက်ပြောဆိုချက်များကိုမူ လက်မခံ တုံ့ပြန်ကန့်ကွက်ပယ်ချရမည်ဖြစ်သည်။

ကမ္ဘာပေါ်ရှိနိုင်ငံအများစုသည် မြန်မာနိုင်ငံနှင့်ပတ်သက်၍ အကောင်းဘက်သို့ ရောက်ရှိစေလိုသောဆန္ဒရှိကြသော်လည်း နိုင်ငံအချို့နှင့် ကုလသမဂ္ဂတာဝန်ရှိသူအချို့အနေဖြင့် မြန်မာနိုင်ငံ၏ ပကတိဖြစ်စဉ်အမှန်ကို မျက်ကွယ်ပြုပြီး မမှန်ကန်သော သတင်းအချက်အလက်အမှားများကို ကိုးကား၍ မြန်မာနိုင်ငံအပေါ် စွပ်စွဲပြစ်တင်ပြောဆိုချက်များသည် ပြည်တွင်းရေးကို ရည်ရွယ်ချက်ရှိရှိ စွက်ဖက်နေခြင်းနှင့် ကုလသမဂ္ဂ၏ အခြေခံမူများကို လိုက်နာရန်ပျက်ကွက်ပြီး လုပ်ပိုင်ခွင့်ကို ကျော်လွန်လုပ်ဆောင်နေခြင်းသာဖြစ်သည်။ ၎င်းတို့သည် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော အကြမ်းဖက်မှုဖြစ်စဉ်များနှင့်ပတ်သက်ကျူးလွန်သူများကို မှန်ကန်စွာထုတ်ဖော်ပြောကြားခြင်းမပြုဘဲ အကြမ်းဖက်မှုများကို ဖြေရှင်းနေသော အစိုးရအပေါ်ကိုသာ ပြစ်တင်ပြောဆိုနေခြင်းသည် တရားမျှတမှုမရှိသည့် ဘက်လိုက်မှုသာဖြစ်သည်။

၎င်းနိုင်ငံအချို့နှင့် ကုလသမဂ္ဂမှ တာဝန်ရှိသူအချို့သည် ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲရပ်တည်နေထိုင်နိုင်ရေး၊ ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်ရှိရေးတို့ကို တွန်းအားပေးပြောဆိုနေသော်လည်း မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပရေး ကြိုးပမ်းလုပ်ဆောင်မှုများကို အကောင်းမမြင်ပြစ်တင်ပြောဆိုနေကြသည်မှာ ရှေ့နောက်မညီ အမြီးအမောက်မတည့်သည့် လုပ်ဆောင်ချက်များဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ အကြမ်းဖက်မှုကို မလိုလားဟုဆိုသော်လည်း အကြမ်းဖက်အုပ်စုများဖြစ်သည့် NUG၊ CRPH နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများ၏ လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူ ငါးထောင်ကျော်၏ အသက်ခန္ဓာနှင့် မိသားစုဘဝများ ဆုံးရှုံးပျက်စီးမှုများကို ဖုံးကွယ်ထားနိုင်သည်မှာ အံ့သြစရာဖြစ်နေသည်။ ထိုသို့ဖုံးကွယ်ထား၊ မျက်ကွယ်ပြုထားခြင်းသည် အကြမ်းဖက်မှုကို အားပေးရာရောက်နေသည်ကို သတိပြုသင့်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တာဝန်များထမ်းဆောင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားကို ရှေးရှု၍ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၁၂)ရပ်တို့ဖြင့် အကောင်အထည်ဖော်နေသည်။ နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် အကြမ်းဖက်မှုများနှင့် အဖျက်အမှောင့်လုပ်ငန်းများ ပိုမိုအားကောင်းလာစေမည့် လုပ်ဆောင်မှုများကို ပြုလုပ်နေမည့်အစား ပြည်သူများ၏ဆန္ဒနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် ကြိုးပမ်းအားထုတ်မှုများကို ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် တန်းတူညီမျှမှုကို လေးစားသောအားဖြင့် အပြုသဘောဆောင်၍ အထောက်အကူပြုသင့်ပါသည်။

ကုလသမဂ္ဂလက်အောက်ခံ အေဂျင်စီများအနေဖြင့် မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရုံးခန်းများဖွင့်လှစ်၍ လုပ်ဆောင်နေမှုများနှင့်ပတ်သက်ပြီး မေးခွန်းထုတ်ရန်ပင်မရှိပါ။ မြန်မာနိုင်ငံအနေဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးကဏ္ဍနှင့်ပတ်သက်၍ ဘေးအန္တရာယ်ကျရောက်မှုအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ရေးဆိုင်ရာ အာဆီယံညှိနှိုင်းရေးဗဟိုဌာန (AHA Centre) နှင့်လည်းကောင်း၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂလက်အောက်ခံ အေဂျင်စီများနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်ကို အလေးထားသင့်ပါသည်။ မြန်မာနိုင်ငံအား စိတ်ရင်းစေတနာမှန်စွာဖြင့် ကောင်းမွန်သောအခြေအနေသို့ ရောက်ရှိစေလိုပါက မြန်မာနိုင်ငံအစိုးရမှ ဆောင်ရွက်နေသည့် ရှေ့လုပ်ငန်းစဉ်များ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဒီမိုကရေစီဖြစ်ထွန်းရေး ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုသင့်ပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအပေါ် ဖိအားပေးနှောင့်ယှက်မှုများ အမျိုးမျိုးရှိနေသော်လည်း စစ်မှန်သောဒီမိုကရေစီစနစ် ပြန်လည်ထွန်းကားရေးကို အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖြစ်ပေါ်ခဲ့သည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့်ပတ်သက်၍ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုများ၊ ရွေးကောက်ပွဲဆိုင်ရာ အခွင့်အာဏာအလွဲသုံးစားပြုလုပ်မှုများ၊ အကြမ်းဖက်သမားများ၏လုပ်ရပ်များ စသည့် သက်သေအထောက်အထားများ အထင်အရှားရှိပြီးဖြစ်ရာ ယင်းတို့ကိုမျက်ကွယ်ပြု၍ မမှန်ကန်သောအချက်အလက်များဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သောလုပ်ရပ်များနှင့် သိက္ခာမဲ့သော ပြောဆိုထုတ်ပြန်မှုများကို လက်မခံ ဆန့်ကျင်ကန့်ကွက် ရှုတ်ချရမည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

## ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (၁/၂၀၂၃) အလုပ်အမှုဆောင် စုံညီအစည်းအဝေးကို ဖေဖော်ဝါရီ ၄ ရက်က ဗိုလ်တထောင်မြို့နယ်ရှိ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးခင်မောင်ဋ္ဌေးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌများက နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဦးအောင်မျိုးသန့်က အဖွဲ့၏ဆောင်ရွက်ထားမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော အလုပ်အမှုဆောင်များက ပြန်လည်မေးမြန်းချက်များကို တိုင်းဒေသကြီးဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့က ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။




ထို့နောက် အလှူငွေများပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဥက္ကဋ္ဌက လက်ခံရယူခဲ့သည်။ **တင်ဝင်းတင်**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - | ဦးဝင်းနိုင် | | | |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - | ဦးနိုင်လင်းကြည်၊ | စာပြင် | - | ဒေါ်မြသီတာနှင့်အဖွဲ့ |
| စာတည်းများ | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တွံတေးမြို့နယ် ရွှေမုယင်းဒေသအတွင်း ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

❒ ရှေ့ဖုံးမှ

လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ထွက်ရှိလာသည့် ငါးများကို တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းများနှင့် ပြင်ပသို့ သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးနိုင်မှု၊ တိုင်းစစ်ဌာနချုပ် အစာစပ်စက်ရုံမှ ငါးစာအပြင် အခြားသောမွေးမြူရေးအစာများ ထုတ်လုပ်နိုင်မှု၊ ငါးမွေးမြူရေး ဇရိယာအတွင်း မွေးမြူရေးလုပ်ငန်းများကို လုပ်ငန်းအဆင့်အလိုက် ဆောင်ရွက်လျက်ရှိမှု၊ ရွှေမုယင်းဒေသမှ ငါးထွက်ကုန်များကို ပိုမိုလျင်မြန်ချောမွေ့စွာ ဈေးကွက်သို့ ဖြန့်ချိနိုင်ရေးအတွက် ကင်းရွာ-ခရမ်းဝ-ရေတွင်းကုန်း-ကွင်းပေါက်လမ်းကွန်ကရစ်လမ်းသစ် ဖောက်လုပ်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက် ဖူလုံမှုရှိစေရေး**

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုး မွေးမြူရေးဇုန်များ သတ်မှတ်၍ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ ထုတ်လုပ်စေခြင်းသည် တိုင်းဒေသကြီး၏ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက် ဖူလုံမှုရှိစေရေးနှင့် ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရန် ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ ရွှေမုယင်းဒေသအတွင်း ငါးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်စေခြင်းသည်လည်း တိုင်းဒေသကြီးအတွင်း ငါးလိုအပ်ချက်ပြည့်မီစေရေး ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေ ၉ သန်းခန့်ရှိပြီး လူတစ်ဦးလျှင် တစ်ရက်ငါးအသား ငါးကျပ်သားခန့် စားသုံးမည်ဆိုလျှင်ပင် လိုအပ်ချက်များစွာ ရှိနေမည်ဖြစ်ကြောင်း၊ နေ့စဉ် ငါးလိုအပ်ချက်အတွက် ဧရာဝတီတိုင်းဒေသကြီးနှင့် အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တင်သွင်းနေရခြင်းထက် မိမိတို့ဒေသအတွင်း ပြည့်မီအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုကောင်းမွန်မည် ဖြစ်ကြောင်း၊ ဒေသခံများ အနေဖြင့်လည်း ဈေးနှုန်း သက်သာစွာဖြင့် ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ငါးမွေးမြူရေးလုပ်ငန်းကို ထုတ်လုပ်မှု ကုန်ကျစရိတ်နည်းစွာဖြင့် အရေအတွက် များများရရှိအောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ ထုတ်လုပ်မှု ကုန်ကျစရိတ် သက်သာပါက ပြည်သူလူထု အကျိုးရှိမည်ဖြစ်ပြီး အာဟာရ ပြည့်မီအောင် စားသုံးနိုင်မည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်သည့် ဒေသ၏အကျိုးကိုလည်း ဖြစ်ထွန်းစေရမည် ဖြစ်ကြောင်း။

**❖ ငါးမွေးမြူရေးလုပ်ငန်းကို ထုတ်လုပ်မှုကုန်ကျစရိတ်နည်းစွာဖြင့် အရေအတွက်များများရရှိအောင် ဆောင်ရွက်ကြရန်လို၊ ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာပါက ပြည်သူလူထုအကျိုးရှိမည်ဖြစ်ပြီး အာဟာရပြည့်မီအောင် စားသုံးနိုင်မည်**

**❖ ထုတ်ကုန်ကို ဈေးနှုန်းသက်သာစွာ ထုတ်လုပ်နိုင်သည်ဖြစ်သော်လည်း သယ်ယူပို့ဆောင်ရေးလမ်းကြောင်း ရှည်လျားခြင်း၊ ခက်ခဲခြင်းတို့ကြောင့် စရိတ်များ ကြီးမြင့်လာနိုင်သဖြင့် ကုန်ထုတ်လုပ်မှုလမ်းကြောင်းကို ဆောင်ရွက်ရာတွင် စနစ်တကျ ကွင်းဆင်းစစ်ဆေးပြီး တွက်ချက်ဆောင်ရွက်ရန်လို**

**အထွက်နှုန်းတိုးစေရေး**

ထိုသို့ ဆောင်ရွက်နိုင်ရေး အတွက်မွေးမြူရေးမြေဧရိယာများကို အကျိုးရှိရှိ အသုံးချရန်လိုပြီး အထွက်နှုန်းတိုးစေရေးအတွက် အစာပြည့်ဝစွာ ကျွေးမွေးရန်၊ အကောင်ရေပြည့်မီစွာ ထည့်သွင်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ ငါးမျိုးများ မှန်ကန်စွာ ရရှိရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်၍ ပေါင်းစပ်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အခြားလိုအပ်သည်များကို အစိုးရက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းတစ်ခုဖြစ်သည့် တိရစ္ဆာန်အစာထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ကြရမည်ဖြစ်ပြီး ဒေသတွင်းရရှိသည့် ကုန်ကြမ်းများဖြင့် ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ အခြားလိုအပ်သည့် တိရစ္ဆာန်ဆေးဝါးများရရှိရေးအတွက်လည်း ဆေးဝါးစက်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ဒေသတွင်းမှ ထွက်ရှိသည့် မွေးမြူရေး ထုတ်ကုန်များကို ဈေးကွက်သို့ လျင်မြန်စွာရောက်ရှိစေရေးနှင့် ဈေးနှုန်းသက်သာစေရေးအတွက် သယ်ယူပို့ဆောင်ရေးသည် အရေးကြီးကြောင်း၊ ထုတ်ကုန်ကို ဈေးနှုန်းသက်သာစွာ ထုတ်လုပ်နိုင်သည်ဖြစ်သော်လည်း သယ်ယူပို့ဆောင်ရေး လမ်းကြောင်း ရှည်လျားခြင်း၊ ခက်ခဲခြင်းတို့ကြောင့် စရိတ်များ ကြီးမြင့်လာနိုင်သဖြင့် ကုန်ထုတ်လုပ်မှု လမ်းကြောင်းကို ဆောင်ရွက်ရာတွင် စနစ်တကျ ကွင်းဆင်းစစ်ဆေးပြီး တွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ အမှန်တကယ် အသုံးဝင်ပြီး ဒေသနှင့် ကုန်ထုတ်လုပ်မှုကို အကျိုးပြုသည့် လမ်းကြောင်းဖြစ်ရန်လိုကြောင်း၊ ထို့ပြင် ရွှေမုယင်းဒေသမှ ထွက်ရှိသည့် ငါးများကို ကနဦး ပထမအဆင့် သန့်စင်ပြီး အအေးခန်းပို့ဆောင်ရေးယာဉ်များ အသုံးပြု၍ ဈေးကွက်သို့ ဖြန့်ချိနိုင်ရေး ဆောင်ရွက်နိုင်ရန်လည်း လိုကြောင်း၊ စနစ်ကျနသည့် မွေးမြူရေးလုပ်ငန်းဖြစ်ရန်လိုပြီး ဒေသနှင့် ဒေသခံများကိုလည်း အကျိုးဖြစ်စေရမည်ဖြစ်ကြောင်း မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငါးမွေးမြူရေးကန်များအတွင်း ငါးမွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန လက်အောက်ရှိ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)သို့ ရောက်ရှိကြပြီး အုပ်ချုပ်မှုတာဝန်ခံများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။ **စာမျက်နှာ ၄ သို့** »»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငါးလုပ်ငန်းသိပ္ပံ(တွံတေး)အတွင်း လှည့်လည်ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငါးလုပ်ငန်းသိပ္ပံ(တွံတေး)ရှိ အုပ်ချုပ်မှုတာဝန်ခံများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

»»» **စာမျက်နှာ ၃ မှ**

ဦးစွာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က ဘာသာရပ်အလိုက် စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြားပေးနေမှု၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)၏ သမိုင်းအကျဉ်း၊ အဆောက်အအုံများ ဆောက်လုပ်နေမှု၊ ကျောင်းသား ကျောင်းသူများကို နိုင်ငံတော်မှ ထောက်ပံ့ပေးထားမှု၊ သင်တန်းပြီးဆုံးပါက တက္ကသိုလ်၊ ကောလိပ်များသို့ ဆက်လက် တက်ရောက်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ တာဝန်ထမ်းဆောင်လျက်ရှိမှု၊ ကျောင်းသား ကျောင်းသူများ လေ့လာရေးခရီးများနှင့် ကျောင်းအားကစားပွဲများပြုလုပ်ပေးမှုနှင့် ကျောင်းရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဖြည့်စွက်တင်ပြသည်။

**ငါးနှင့် ပုစွန်မွေးမြူရေး အောင်မြင်ရန်အတွက် လူသားအရင်းအမြစ်ကောင်းများ များစွာလိုအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် မြစ်ချောင်းအင်းအိုင်များပေါများပြီး ပင်လယ်ကမ်းရိုးတန်း ရှည်လျားစွာ ပိုင်ဆိုင်ထားကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် နေရာများစွာရှိခြင်းကြောင့် ငါးမွေးမြူရေးနှင့်ပတ်သက်၍ သိပ္ပံကျောင်းဖွင့်နိုင်ရန် စီမံဆောင်ရွက်ခဲ့ကြောင်း၊ ငါးသည် စားရေးအတွက် များစွာအထောက်အကူ ပြုစေနိုင်သည့်အတွက် ငါးလုံလောက်စွာရရှိရေး စနစ်တကျဖြင့် မွေးမြူနိုင်ရန်အတွက် သုတေသနပြုဆောင်ရွက်ရန်လိုကြောင်း၊ ရေချိုပုစွန်နှင့် ရေငန်ပုစွန် မွေးမြူလုပ်ငန်းများ တိုးတက်ရေး အတွက်လည်း သုတေသနပြုလုပ်ရန်လိုကြောင်း၊ ငါးနှင့် ပုစွန် မွေးမြူရေး အောင်မြင်ရန်အတွက် လူသားအရင်းအမြစ်ကောင်းများ များစွာလိုအပ်ပြီး ယခုကျောင်းမှတစ်ဆင့် ပညာရှင်များ ပေါ်ထွန်းလာမည်ဖြစ်သဖြင့် ဂုဏ်ယူပါကြောင်း၊ အဆင့်မြင့်ပညာရပ်များကို ဆက်လက်သင်ကြားနိုင်ရန်အတွက် သိပ္ပံကျောင်းမှတစ်ဆင့် တက္ကသိုလ်နှင့် ကောလိပ်များကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း ခရိုင် ၅၀ ရှိ အထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ နည်းပညာနှင့် စက်မှုသင်တန်းများကို လာမည့်ပညာသင်နှစ်မှစတင်၍ ဖွင့်လှစ်သင်ကြား ပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနှင့် နည်းပညာဘာသာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ သင်တန်းကျောင်းများမှ ထူးချွန်သည့် ကျောင်းသား ကျောင်းသူများအနေဖြင့် အဆင့်မြင့် ပညာရပ်များ ဆက်လက် သင်ကြားနိုင်မည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငါးလုပ်ငန်းသိပ္ပံ(တွံတေး)တွင် တက်ရောက်ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ပညာသင်ကြားမှုများ အပေါ်မူတည်၍ ယခုမွေးမြူရေးသိပ္ပံကျောင်းကို ကောလိပ်အဆင့်သို့ မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံအတွက်လိုအပ်သည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသားကျောင်းသူများ အမှန်တကယ် တတ်မြောက်စေရေး အတွက် စနစ်တကျဖြင့် သင်ကြားလေ့ကျင့်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးသည့်အချိန်တွင်လည်း သင်ကြားခဲ့သည့် ဘာသာရပ်များနှင့် လျော်ညီသည့် လုပ်ငန်းများကို ဆောင်ရွက်စေလိုကြောင်း၊ လူမှန်၊ နေရာမှန်ရှိမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်သို့ ရောက်ရှိချိန်တွင်လည်း သင်ကြားပေးလိုက်သည့် ပညာရပ်များကို စနစ်တကျအသုံးချပြီး မိမိတို့၏ လုပ်ငန်းရပ်ဆိုင်ရာပညာများ ပိုမိုတိုးတက်အောင် လေ့လာ ဆောင်ရွက်ကြစေလိုကြောင်း၊ ဘာသာရပ်ဆိုင်ရာများတွင် အထောက်အကူရရှိစေရေးအတွက် အင်္ဂလိပ်ဘာသာရပ်ကို လေ့လာသင်ယူကြရန်လိုကြောင်း။

ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာရပ်များကို သင်ကြားနေမှုနှင့် ပြည့်စုံမှုမရှိဘဲ ကိုယ်တိုင်လည်း လေ့လာဆောင်ရွက်နေရန် လိုကြောင်း၊ ကျန်းမာရေးကို အထောက်အကူပြုရန်အတွက် အားလပ်ချိန်များတွင် ကိုယ်လက်လှုပ်ရှားအားကစားမှု များကိုလည်း ဆောင်ရွက်ကြရန် လိုကြောင်း၊ အလားတူ မိမိကို အကျိုးမဖြစ်စေနိုင်သည့် အရက်သေစာ သောက်စားမှုနှင့် ဆေးလိပ်၊ ကွမ်း၊ မူးယစ်ဆေးဝါးများကို ရှောင်ရှားကြရန်လိုကြောင်း၊ ဘာသာတရားအဆုံးအမများအတိုင်း လိုက်နာပြီး မိမိကိုယ်ကိုမိမိ ထိန်းသိမ်းဆောင်ရွက် သွားမည်ဆိုပါက ယဉ်ကျေးလိမ္မာသည့် လူငယ်လေးများ ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများ အသုံးပြုရန် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုပစ္စည်းများနှင့် ထောက်ပံ့ငွေများကိုပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးသူဇာမောင်က လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငါးလုပ်ငန်းသိပ္ပံ(တွံတေး) အတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ ငါးလုပ်ငန်းသိပ္ပံ (တွံတေး)ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ငါးလုပ်ငန်းနည်းပညာရပ်ဆိုင်ရာများ တိုးတက်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးအတွက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်ဆောင်ရွက်နိုင်သည့် ငါးလုပ်ငန်းသိပ္ပံကျောင်း တစ်ကျောင်းအဖြစ် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ငါးလုပ်ငန်းနှင့် ပတ်သက်သည့် ပထမဦးဆုံးသိပ္ပံတစ်ခုဖြစ်ကာ ကျောင်းတွင် ပထမနှစ်သင်တန်းသား ၁၈ ဦး၊ သင်တန်းသူ ၂၃ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။ ယခု ငါးလုပ်ငန်းသိပ္ပံ (တွံတေး)တွင် အဆင့်မြင့်ပညာများ ဆက်လက်သင်ယူနိုင်ရန်အတွက် ပညာသင်နှစ်နှင့် အကျိုးရလဒ်အပေါ် မူတည်၍ ကောလိပ်အဆင့်သို့ မြှင့်တင်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**ပညာသင်ကြားမှုများအပေါ် မူတည်၍ ယခုမွေးမြူရေးသိပ္ပံကျောင်းကို ကောလိပ်အဆင့်သို့ မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံအတွက်လိုအပ်သည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ အမှန်တကယ် တတ်မြောက်စေရေးအတွက် စနစ်တကျဖြင့် သင်ကြားလေ့ကျင့်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးသည့် အချိန်တွင်လည်း သင်ကြားခဲ့သည့်ဘာသာရပ်များနှင့် လျော်ညီသည့်လုပ်ငန်းများကို ဆောင်ရွက်စေလို**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်အသီးသီးမှ စက်မှုဇုန်ကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

# ပြည်တွင်းမှထွက်ရှိသည့် စက်မှုကုန်ကြမ်းများကိုအသုံးပြုသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကထားဆောင်ရွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စက်မှုဇုန်အသီးသီးမှ စက်မှုဇုန် ကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမ၌ တွေ့ဆုံ၍ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စက်မှုဇုန်အသီးသီးမှ ကော်မတီဥက္ကဋ္ဌများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**စက်မှုဇုန်များအတွင်း လုပ်ငန်းဆောင်ရွက်လျက်ရှိမှုနှင့် ဇုန်အလိုက်ကြုံတွေ့နေရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို တင်ပြဆွေးနွေး**

ဦးစွာ လှိုင်သာယာစက်မှုဇုန်ဥက္ကဋ္ဌ ဦးအုန်းဆိုင်က စက်မှုဇုန်အတွင်းရှိ စက်မှုလုပ်ငန်းများဆောင်ရွက်နေမှု၊ စက်ရုံများမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စက်မှုဇုန်လည်ပတ်မှု ပိုမိုအဆင်ပြေစေရန်အတွက် လျှပ်စစ်ဓာတ်အား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ လှိုင်သာယာစက်မှုဇုန်အတွင်းရှိ Ever Rich International Production Factory တွင် ခင်းကျင်းပြသထားသည့် စက်ရုံထုတ်ပစ္စည်းများကို ကြည့်ရှုစဉ်။

- ❖ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ဝါများသည် အရည်အသွေးပြည့်မီမှုမရှိသေးဘဲ ချည်မျှင်ရှည်ဝါများ ထုတ်လုပ်နိုင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိ
- ❖ အဆင့်မီသည့် ချည်မျှင်များ ထုတ်လုပ်နိုင်မှသာ အဆင့်မီသည့် အဝတ်အထည်များကို ထုတ်လုပ်နိုင်မည်
- ❖ နိုင်ငံအတွင်း လုံလောက်စွာ ထုတ်လုပ်ပြီး နောက်ပိုင်းတွင် ပြည်ပသို့ပါ တင်ပို့နိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိ

ပြည့်ဝစွာရရှိရန် လိုအပ်မှု၊ သွင်းကုန်အစားထိုးရန်အတွက် စက်မှုကုန်ကြမ်းများနှင့် စက်အပိုပစ္စည်းများ ပြည်ပမှတင်သွင်းရာတွင် မြန်ဆန်စွာဖြင့် တင်သွင်းခွင့်ရရှိရေး၊ ပြည်တွင်းမှ ထုတ်လုပ်သည့် အဆင့်မီထုတ်ကုန်များကို နိုင်ငံတော်မှဝယ်ယူပေးစေလိုမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် စက်မှုဇုန်အသီးသီးမှ ကော်မတီဝင်များနှင့် လုပ်ငန်းရှင်များက စက်မှုဇုန်များအတွင်း တရားမဝင် ဝင်ရောက်နေထိုင်သူများရှိနေပြီး ၎င်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးစေလိုမှု၊ စက်မှုလုပ်ငန်းများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်မီးလိုအပ်ချက်ကို ပြည့်မီအောင် ဆောင်ရွက်ပေးစေလိုမှု၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၏ သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်ပေးစေလိုမှု၊ စက်မှုဇုန်များတည်ရှိသည့် မြို့နယ်များအတွင်း ကျန်းမာရေးဝန်ထမ်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှု၊ စက်မှုဇုန်နယ်မြေများအတွင်း စိတ်အေးချမ်းသာစွာဖြင့် အလုပ်လုပ်နိုင်ရန်နှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးစေလိုမှု၊ အထည်ချုပ်လုပ်ငန်းများ၏ အရည်အသွေးတိုးမြှင့်နိုင်ရေး လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးစေလိုမှုတို့နှင့်ပတ်သက်၍ တင်ပြဆွေးနွေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များအလိုက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးပြောကြား**

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် သတ်မှတ်ချက်များနှင့်အညီ အမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိမှု၊ စက်မှုလုပ်ငန်းများနှင့် ပတ်သက်သည့် နည်းပညာလိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်မှုတို့နှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားသည်။

**ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်နိုင်ရန် MSME လုပ်ငန်းများကို အားပေး

**စာမျက်နှာ ၆ သို့ ○**

❍ စာမျက်နှာ ၅ မှ

ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ကြမ်းပစ္စည်းများရှိမှသာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းရှိမှသာ ရောင်းဝယ်မှုဖြစ်မည်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ကုန်ကြမ်းပစ္စည်းများကို ရရှိနိုင်ကြောင်း၊ ချည်မျှင်အတွက် ဝါကုန်ကြမ်းများ လိုအပ်ကြောင်း၊ လူတစ်ဦးသည် မွေးစမှ သေဆုံးသည်အထိ အဝတ်အထည်များကိုဝတ်ဆင်ရကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ဝါများသည် အရည်အသွေးပြည့်မီမှု မရှိသေးဘဲ ချည်မျှင်ရှည်ဝါများ ထုတ်လုပ်နိုင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ အဆင့်မီသည့် ချည်မျှင်များ ထုတ်လုပ်နိုင်မှသာ အဆင့်မီသည့် အဝတ်အထည်များကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း လုံလောက်စွာ ထုတ်လုပ်ပြီး နောက်ပိုင်းတွင် ပြည်ပသို့ပါ တင်ပို့နိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း။

စားရေးနှင့်ပတ်သက်၍ စပါးအထွက်နှုန်းများတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပသို့ ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ စိုက်ဧကများ တိုးချဲ့ခြင်းထက် တစ်ဧကချင်းအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စပါးထွက်ကုန်များကို အသုံးပြု၍ MSME ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ ဆီထွက်သီးနှံများကိုလည်း အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စားသုံးဆီနှင့် စက်သုံးဆီများလုံလောက်ခြင်းမရှိသည့်အတွက် ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း။

## လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင် ဒီမိုကရေစီအစိုးရ သက်တမ်းနှစ်ခုတွင် နိုင်ငံတစ်ဝန်းရှိ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း စီမံကိန်းအချို့ နှောင့်နှေးခဲ့ခြင်း၊ ရပ်တန့်ခြင်းနှင့် ဖျက်သိမ်းခံခဲ့ရမှုများရှိကြောင်း၊ ယခုအခါ မိမိတို့အစိုးရအနေဖြင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း စီမံကိန်းများကို ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ လေအားသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စက်ရုံလုပ်ငန်းဆောင်ရွက်နေသူများအနေဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများဖြင့် လုပ်ငန်းလည်ပတ်ခြင်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အား လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက လျှပ်စစ်ဓာတ်အားအသုံးပြုသည့် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးပြုနိုင်မည်ဖြစ်ပြီး စက်သုံးဆီသုံးစွဲမှုများကို များစွာ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင်လည်း ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ရာတွင် ဈေးနှုန်းသက်သာသည့် မီးရထားဖြင့် သယ်ယူပို့ဆောင်ကြစေလိုကြောင်း၊ လျှပ်စစ်ဓာတ်အားသုံး မော်တော်ယာဉ်များ တင်သွင်းနိုင်ရေးအတွက် အခွန်နှုန်းထားများကို လျှော့ပေါ့ပေးထားကြောင်း၊ လျှပ်စစ်ဓာတ်အားသုံး မော်တော်ယဉ်များအတွက် Power Station များကို စတင်တည်ဆောက်လျက်ရှိပြီး လူအသုံးများသည့် လမ်းများနှင့် မြို့ကြီးများတွင် ဆက်လက်တိုးချဲ့ တည်ဆောက်သွားမည်ဖြစ်ကြောင်း။

## ပြည်တွင်း၌ထွက်ရှိသည့် ကုန်ကြမ်းများ အသုံးပြုသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်

ပြည်တွင်းမှထွက်ရှိသည့် စက်မှုကုန်ကြမ်းများကို အသုံးပြုသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကထားဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ပလတ်စတစ်သုံးစွဲမှုများ များပြားသဖြင့် လျှော့ချသုံးစွဲကြရန် လိုကြောင်း၊ မော်တော်ယာဉ်များအတွက် လိုအပ်သည့် တာယာများကို ပြည်တွင်း၌ လုံလောက်စွာရရှိအောင် ထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် နှစ်စဉ် ပြည်ပမှ တင်သွင်းနေရကြောင်း၊ ရော်ဘာကိုအခြေခံသည့် တာယာထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်အနေဖြင့် အားပေးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ ဝါးနှင့်သစ်တောထွက်ပစ္စည်းများကိုအသုံးပြု၍ နိုင်ငံအတွက်လိုအပ်သည့် စက္ကူပျော့ဖတ်များကို ထုတ်လုပ်နိုင်ကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများနှင့် သဘာဝသယံဇာတများကိုအသုံးပြု၍ နိုင်ငံအတွက် လိုအပ်သည့် ပြည်ပသွင်းကုန်များကို အဆင့်မီစွာ ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ခရိုင်၊ မြို့နယ်များအားလုံးတွင် စက်မှုထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး စက်မှုဇုန်များ တည်ထောင်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို မိမိတို့အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ ထိခိုက်ဆုံးရှုံးမှုမရှိစေရေးနှင့် စီးပွားရေးဆိုင်ရာ အာမခံချက်ကို မိမိအနေဖြင့် အာမခံချက်ပေးပါကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာစက်မှုဇုန်အတွင်းရှိ Ever Rich International Production Factory နှင့် ထူးသစ်အစာတောင့်စက်ရုံတို့သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်အကြံပြုဆွေးနွေးကာ ခင်းကျင်းပြသထားသည့် စက်ရုံထုတ်ပစ္စည်းများကို ကြည့်ရှုခဲ့ပြီး စက်ရုံများ၏လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်အသီးသီးမှ စက်မှုဇုန်ကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ လှိုင်သာယာစက်မှုဇုန်အတွင်းရှိ ထူးသစ်အစာတောင့်စက်ရုံတွင် ခင်းကျင်းပြသထားသည့် စက်ရုံထုတ်ပစ္စည်းများကို ကြည့်ရှုစဉ်။

- ❖ **နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**
- ❖ **ယခင်ဒီမိုကရေစီအစိုးရ သက်တမ်းနှစ်ခုတွင် နိုင်ငံတစ်ဝန်းရှိ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းစီမံကိန်းအချို့ နှောင့်နှေးခဲ့ခြင်း၊ ရပ်တန့်ခြင်းနှင့် ဖျက်သိမ်းခံခဲ့ရမှုများရှိ**
- ❖ **ယခုအခါ မိမိတို့အစိုးရအနေဖြင့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းစီမံကိန်းများကို ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင် အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိ







မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်၊ အလှူရှင်များ လာရောက်လှူဒါန်းစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင်ပြုလုပ်ခဲ့ပြီး ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ရွှေထည် ၁၀၄ ကျပ်သား ၆ ပဲ ၃ ရွေး၊ ကျောက်မျက်ရတနာပါရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား ၁ ပဲ ၁ ရွေး၊ ကျောက်မျိုးစုံ ၃ ကီလိုဂရမ် အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေကျောက်သံပတ္တမြားများကို ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားလျက်ရှိရာ ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ဝမ်းပန်းတသာ ဆက်သွယ်၍ ဌာပနာကုသိုလ်များကို ထည့်ဝင်လှူဒါန်းလျက်ရှိကြပြီး ယနေ့တွင် နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေ၌ ရွှေထည် ၅၃ ကျပ်သား ၁၃ ပဲ ၁ ရွေး၊ ကျောက်မျက်ရတနာပါရွှေထည်ပစ္စည်း ၉၈ ကျပ်သား ၉ ပဲ ၄ ရွေး၊ ဓာတ်တော်မွေတော်၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ရန်ကုန်တိုင်းဒေသကြီး၌ ရွှေထည် ၃၈ ကျပ်သား ၁၀ ပဲ ၂ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၄၉ ကျပ်သား ၁ ပဲ ၅ ရွေး၊ ပုလဲ၊ ပလက်တီနမ်နှင့် ကျောက်မျိုးစုံ၊ ငွေထည်ပစ္စည်းများ၊ ဓာတ်တော်မွေတော်၊ ဘွဲ့တံဆိပ်များ၊ အလှူငွေကျပ် ၁၀၄၉၀၀၀၀ နှင့် မန္တလေးတိုင်းဒေသကြီး၌ ရွှေထည် ၁၈၂ ကျပ်သား ၁၅ ပဲ ၃ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၉ ကျပ်သား ၅ ပဲ ၄ ရွေး၊ စိန်၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ငွေထည်ပစ္စည်းများ၊ အလှူငွေကျပ် ၇၂၈၄၀၀၀ တို့ကို လာရောက်လှူဒါန်းခဲ့ကြောင်း၊ ထို့ပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ရွှေထည် ၂၅ ကျပ်သား ၇ ပဲ ၁ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၁၃ ကျပ်သား ၁ ပဲ ၄ ရွေး၊ စိန်၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ဓာတ်တော်မွေတော်များ၊ ဆင်းတုတော် ၁၂ ဆူ၊ ငွေထည်ပစ္စည်းများ၊ ဘွဲ့တံဆိပ်များ၊ အလှူငွေကျပ် ၅၂၂၁၁၀၀၀ တို့ကို ဌာပနာ သွင်းလှူပူဇော်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်း သွင်းလှူပူဇော်လိုပါက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများထံသို့ ဖေဖော်ဝါရီ ၈ ရက်အထိ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်းလှူဒါန်း ပူဇော်မည်ဖြစ်ပါသဖြင့် သွင်းလှူပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှု ရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် လှူဒါန်းပူဇော်လိုသည့် ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အချိန်မီသွင်းလှူပူဇော်နိုင်ရေး အောက်ပါဖုန်းနံပါတ်များသို့ ဖေဖော်ဝါရီ ၈ ရက်အထိ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ဒုတိယဗိုလ်မှူးကြီး အောင်ထက်ဟိန်း | ၀၉-၂၀၁၄၄၇၀ | |
| (ခ) | ဒုတိယဗိုလ်မှူးကြီး အောင်ကို | ၀၉-၂၅၉၀၉၉၈၉၉ | |
| (ဂ) | ဗိုလ်မှူးချုပ် ကျော်စိုးဦး | ၀၉-၃၉၁၀၀၅၄၇ | နေပြည်တော် |
| (ဃ) | ဗိုလ်မှူးချုပ် မြတ်သူစိုး | ၀၉-၃၉၁၀၀၉၃၂ | မြစ်ကြီးနား |
| (င) | ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း | ၀၉-၃၉၁၀၃၉၇၅ | လားရှိုး |
| (စ) | ဗိုလ်မှူးချုပ် ဝင်းဇော်မိုး | ၀၉-၃၉၁၀၃၂၆၆ | တောင်ကြီး |
| (ဆ) | ဗိုလ်မှူးချုပ် သန်းထွန်းအောင် | ၀၉-၃၉၁၀၃၄၈၂ | ခိုလမ် |
| (ဇ) | ဗိုလ်မှူးချုပ် ကျော်ထက် | ၀၉-၃၉၁၀၄၀၉၅ | ကျိုင်းတုံ |
| (ဈ) | ဗိုလ်မှူးချုပ် ကျော်သူရအေး | ၀၉-၃၉၁၀၁၅၄၁ | မော်လမြိုင် |
| (ည) | ဗိုလ်မှူးချုပ် သစ်လွင်ထူး | ၀၉-၃၉၁၀၀၇၈၇ | မြိတ် |
| (ဋ) | ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင် | ၀၉-၃၉၁၀၃၂၈၃ | ရန်ကုန် |
| (ဌ) | ဦးမင်းမင်းထွန်း | ၀၉-၄၂၂၅၁၁၈၈၈ | ရန်ကုန် |
| (ဍ) | ဦးသက်နိုင် | ၀၉-၆၉၃၀၁၉၄၉၅ | ရန်ကုန် |
| (ဎ) | ဗိုလ်မှူးချုပ် အောင်ခင်ဇော် | ၀၉-၃၉၁၀၀၃၄၈ | ပုသိမ် |
| (ဏ) | ဗိုလ်မှူးချုပ် ကျော်ကျော်သန်း | ၀၉-၃၉၁၀၃၂၂၄ | အမ်း |
| (တ) | ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင် | ၀၉-၃၉၁၀၀၃၄၅ | မုံရွာ |
| (ထ) | ဗိုလ်မှူးကြီး အောင်လွင် | ၀၉-၃၉၁၀၁၇၄၈ | မန္တလေး |
| (ဒ) | ဦးတင်မောင်စိုး | ၀၉-၂၅၀၈၆၂၁၅၈ | မန္တလေး |
| (ဓ) | ဦးစိုးဟိန်းနောင် | ၀၉-၆၉၅၀၀၈၆၈၀ | မန္တလေး |
| (န) | ဗိုလ်မှူးချုပ် အောင်ခိုင်ချို | ၀၉-၃၉၁၀၀၆၃၂ | တောင်ငူ |

(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုအမွေ၊ သွေးချင်းတို့မြေ၊ ဧရာဝတီရေလို

ဒေါက်တာမောင်ကျော် (ပါမောက္ခချုပ်-ငြိမ်း)

**ကျွန်တော်တို့ သွေးချင်းတို့မြေ ပြည်ထောင်စုကြီး လွတ်လပ်ရေးရခဲ့တာ ၇၅ နှစ်ရှိပြီ။ ဒီလိုလွတ်လပ်တဲ့နိုင်ငံဖြစ်ဖို့ ဘိုးဘေးဘီဘင်တို့ဟာ ပင်လုံမြေမှာ စုစည်းနိုင်ခဲ့ကြပါတယ်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်ရာ တိုင်းရင်းသားလူမျိုး ရှစ်မျိုး၊ မျိုးနွယ်စုပေါင်း ၁၃၀ ကျော်တို့ ပျော်ရွှင်ရတဲ့နေ့၊ အေးအတူပူအမျှ အတူတကွနေကြမယ်တို့၊ တိုင်းရင်းသားအပေါင်း သာယာဝပြောအောင်၊ ကျန်းမာအောင် ကမ္ဘာ့အလယ်မှာ ဂုဏ်ယူဝင့်ကြွားဖို့ဆိုတဲ့နေ့လို့ပြောရပါမယ်။**

ကိုလိုနီနယ်ချဲ့တို့က မည်သို့မည်ပုံ သွေးထိုးလှုံ့ဆော် သပ်လျှိုသွေးခွဲသည်ဖြစ်စေ၊ နားမယောင် အမြင်မတိမ်းစောင်းဘဲ ညီညွတ်စည်းလုံးခဲ့ကြလို့ သူ့ကျွန်ဘဝက လွတ်မြောက်ခဲ့ကာ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ နေထိုင်နိုင်တဲ့ဘဝဟာ အလွန်မြင့်မားပါတယ်။ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တောင်သူလယ်သမားနေ့၊ တပ်မတော်နေ့၊ အမျိုးသားအောင်ပွဲနေ့တို့ဆိုတာ မြန်မာနိုင်ငံတော်အရေးနဲ့ပတ်သက်ရင် အထွတ်အထိပ်နေ့မြတ်တွေပဲဖြစ်ပါတယ်။

## သွေးချင်းတို့မြေ၊ ဧရာဝတီရေလို

ဧရာဝတီဟာ ဟိမဝန္တာတောင်တန်းကြီးကနေ စတင်ပြီး မြန်မာနိုင်ငံမြောက်ဖျားမှ ရခိုင်ရိုးမတောင်တန်းနဲ့ ရှမ်းကုန်းပြင်မြင့်ကြားက နှစ်ပေါင်းသန်းချီပြီး မြန်မာပြည်တောင်ပိုင်း အိန္ဒိယသမုဒ္ဒရာသို့ စီးဆင်းတာ ယနေ့အထိဖြစ်ပါတယ်။ မြန်မာတွေဟာ ကိုယ့်မြေပေါ်မှာ ကိုယ့်ဘုရင်၊ ကိုယ့်သခင်နဲ့နေလာခဲ့တဲ့ ပုဂံယဉ်ကျေးမှုဟာ နှစ်ပေါင်း ၃၀၀ တိုင် အစွန့်ရှည်ကြာထည်ဝါစွာ ကမ္ဘာ့အလယ်မှာ ရပ်တည်ခဲ့တယ်။ အေဒီ ၁၅၅၀ ကျော်မှာ ဘုရင့်နောင်ဟာ ကမ္ဘောဇသာဒီနန်းတော်ကြီး တည်ဆောက်ပြီး နန်းစံခဲ့တယ်။ အနီးအနားနိုင်ငံတွေနဲ့ အမြော်အမြင်ကြီးကြီးနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ဆောင်ရွက်ခဲ့တယ်။

၁၇၅၂ ခုနှစ်မှာ အလောင်းမင်းတရားကြီးက ကုန်းဘောင်ခေတ်ကို တည်ထောင်၊ စည်းလုံးညီညွတ်မှုရှိအောင်၊ စပါးဆန်ရေ ပေါများအောင် ဆောင်ရွက်ခဲ့တယ်။ ယဉ်ကျေးမှုအမွေအနှစ်တွေဟာလည်း အာရှရဲ့ ပုလဲရတနာလိုတစ်မျိုး၊ ရွှေရောင်တဝင်းဝင်းနဲ့ ဘုရားစေတီတွေကိုပဲ ကြည့်ကြည့်၊ မူးမြစ်ဝှမ်း၊ ချင်းတွင်းမြစ်ဝှမ်း၊ ဟူးကောင်းချိုင့်ဝှမ်း၊ ဧရာဝတီမြစ်ဝှမ်း၊ စစ်တောင်းမြစ်ဝှမ်းက လယ်ယာမြေတွေမှာ သီးမှည့်နေတဲ့ စပါးနှံတွေပဲကြည့်ကြည့် ကမ္ဘာမှာ ရွှေနိုင်ငံလိုတစ်မျိုး အမည်ရနေပါတယ်။ အဌာရသ တစ်ဆယ့်ရှစ်ရပ်နဲ့ ကိုယ့်မြေ၊ ကိုယ့်ရေနဲ့ ကိုယ့်နန်းတွင်းရေးတွေကို ဖြေရှင်းထိန်းချုပ်ကာကွယ်လေ့ရှိရာ ရှေးက အုပ်ချုပ်မင်းလုပ်ခဲ့တဲ့သူနဲ့ နောက်လိုက်နောက်ပါ မြန်မာတို့ဟာ ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း၊ အဌာရသနည်းပညာနဲ့ နေခဲ့ပါတယ်။

ဘီစီ ၅၁၂ ခုနှစ်မှာ တရုတ်က သံကြွပ်ကို ထုတ်လုပ်သုံးနေပြီဖြစ်တယ်။ ဥရောပမှာ ၁၈၁၂ ခုနှစ်က သံနဲ့သတ္တုထုတ်လုပ်နိုင်ခဲ့တယ်။ ၁၈၂၄ ခုနှစ်အတွင်း ဥရောပမှာ ရေနွေးငွေ့အင်ဂျင်စက်တွေကို တည်ဆောက်ခဲ့ပြီး လေနဲ့နေရောင်ခြည်၊ ယမ်းတွေအကြောင်း ကောင်းကောင်းနားလည်နေပြီဖြစ်ပါတယ်။ သစ်တောသစ်ပင်တွေမှ သစ်နဲ့ သင်္ဘောကြီးငယ် တည်ဆောက်ပြီး ကိုလိုနီနယ်ချဲ့တို့ဟာ ပင်လယ်ခရီးနှင်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံအတွင်းမှာ နှစ်ပေါင်း ၂၀၀ ကျော်ကပင် ဝင်ရောက်နေခဲ့ပြီဖြစ်တယ်။

## ဗြိတိသျှနယ်ချဲ့

၁၈၂၄-၁၈၂၆ ခုနှစ်တွေမှာ မြန်မာနိုင်ငံအောက်ပိုင်းကစပြီး တစ်စတစ်စ အင်္ဂလိပ်လက်အောက်ရောက်မယ်လို့ အဲဒီခေတ် မြန်မာလူထုတစ်သန်းထဲက မည်သူတစ်ဦးတစ်ယောက်ဟာ ကြိုတင်တွက်ဆပြီး ပြင်ဆင်မှုတွေ လုပ်ခဲ့ပါသလဲဆိုတဲ့ မေးခွန်း၊ မြော်မြင်တွေးကြည့်နိုင်တဲ့သူတွေ ရှိကောင်းရှိနိုင်ပါမယ်။ လွန်ခဲ့တဲ့နှစ် ၂၀၀ နီးပါးက အခြေအနေမှာ လွန်စွာမှ ရှားပါးလိမ့်မယ်။ ရှေးဘုရင်တို့နဲ့ လူထုဟာ နည်းပရိယာယ်ဝေဝုစ်များလှတဲ့ ဗြိတိသျှနယ်ချဲ့တို့ကို နားလည်ဖို့ ခက်ခဲခဲ့ပါတယ်။

၁၈၂၂ ခုနှစ်မှာ ကင်းဝန်မင်းကြီးကို မွေးဖွားခဲ့ပါတယ်။ ထိုခုနှစ်အတွင်းမှာ မြန်မာနိုင်ငံ တနင်္သာရီနဲ့ ရခိုင်ဟာ အင်္ဂလိပ်လက်အောက်ရောက်၊ ၁၈၅၂ ခုနှစ်မှာ မြန်မာနိုင်ငံအောက်ပိုင်း အောင်လံ၊ သရက်အထိ အင်္ဂလိပ်လက်ထဲပေးလိုက်ရပြီ။ မင်းတုန်းမင်းတရားကြီးနန်းတက်တဲ့ ၁၈၅၃ ခုနှစ်မှာပဲ ရေတပ်ဗိုလ်ချုပ် ကိုမိုဒိုမက်သရူးပယ်ရီ (Commodore Mathew Perry) ဟာ ဂျပန်ကျွန်းတွေဆီကို အနက်ရောင် သင်္ဘောကြီးနဲ့ ရောက်ခဲ့တယ်။ မက်သရူးပယ်ရီ ရောက်လာတော့ ဂျပန်တို့ရဲ့အတွေးအခေါ် ခံယူချက်တွေပြောင်း၊ နည်းပညာရမှဖြစ်တော့မယ်ဆိုတာ ဂျပန်တို့ ကောင်းစွာသိသွားကြပါတယ်။

## ကုန်းဘောင်ခေတ်

မင်းတုန်းမင်းသားဟာ အောက်မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက်ရောက်ရတာ နောင်တော် ပုဂံမင်းကြောင့်လို့ အကြောင်းပြ၊ နောင်တော်ကို နန်းချ၊ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး၊ စစ်မက်ရေးနဲ့ တရားရေးတို့အတွက် လွှတ်ရုံးငါးရပ်နဲ့ ဖွဲ့စည်းကာ သိက္ခာ၊ သမာဓိ၊ ပညာနဲ့ပြည့်စုံသူ ဝန်ကြီးရှစ်ပါး၊ အသည်ဝန်အသီးသီးတို့ရဲ့ ဓမ္မဝတ်၊ ရာဇဝတ်၊ လောကဝတ် အကြောင်းသုံးပါးဆိုင်ရာ ကျွမ်းကျင်သိနားလည်မှုတို့ကိုရယူပြီး နိုင်ငံတော်စည်ပင်သာယာဝပြောအောင် ဦးဆောင်ခဲ့ပါတယ်။

ဘုရင့်အတိုင်ပင်ခံ မှူးကြီးမတ်ရာတွေဖြစ်တဲ့ ဝန်ကြီး၊ ဝန်ထောက်၊ အတွင်းဝန်၊ မြင်းစုကြီးဝန်၊ အသည်ဝန်တို့ရဲ့ ပင်ကိုအရည်အသွေး ထက်မြက်ထူးချွန်ခြင်း၊ တော်တည့်ဖြောင့်မတ် အစွမ်းသတ္တိရှိခြင်းတို့ဟာ ဘုရင်မင်းမြတ်ရဲ့ ဘုန်းတန်ခိုးအရှိန်အဝါကို ပိုမိုကြီးထွားစေလျက် တရားစောင့်တဲ့ မင်းကောင်းမင်းမြတ်ဆိုတဲ့ ဝိသေသကိုရရှိဖို့ အထောက်အကူပြုခဲ့ပါတယ်။

မင်းတုန်းမင်းဟာ သာသနာအကျိုးသယ်ပိုးခဲ့ပါတယ်။ နန်းစံသက် ၂၆ နှစ်အတွင်းမှာ သစ်တောသယံဇာတ၊ ရေကြောင်းသွားလာရေးကိစ္စ၊ အခြားနိုင်ငံနဲ့ ဆက်သွယ်ရေးကိစ္စအဝဝတို့မှာ အငြင်းပွားမှုတွေ ရှိခဲ့ပါတယ်။ ကိုယ့်နိုင်ငံကာကွယ်ဖို့ ဧရာဝတီမြစ်ကြောတစ်လျှောက် စစ်ရေးပြင်ဆင်မှု ခံတပ်တွေ တည်ဆောက်ခဲ့တယ်။ စစ်ရေးထက် ငြိမ်းချမ်းစွာ ဆက်ဆံရေးကို ရှေးရှုခဲ့တယ်။ ဗြိတိသျှကိုလိုနီတို့ ထင်မြင်သလို သက်ဦးဆံပိုင် ဘုရင်တစ်ပါးကပဲ စီမံအုပ်ချုပ်တာမဟုတ်ဘဲ အထက်မြန်မာနိုင်ငံ ရတနာပုံနေပြည်တော်ကို မင်းတုန်းမင်းတရားကြီးနဲ့ ဝန်ကြီး၊ မှူးကြီးမတ်ကြီးတို့ရဲ့ အမြော်အမြင် ကြံ့စည်စိတ်ကူးမှုတွေကြောင့် နယ်ချဲ့ဟာ ရှေ့မတိုးသာဘဲဖြစ်ခဲ့ပါတယ်။ စစ်မက်ပြုဖို့ မလွယ်ဘဲဖြစ်ခဲ့ပါတယ်။

၁၈၅၃ ခုနှစ် မင်းတုန်းမင်းတရားကြီးလက်ထက်မှာ မြန်မာနိုင်ငံအောက်ပိုင်းက ကိုလိုနီနယ်ချဲ့အောက်ရောက်တော့ အထက်မြန်မာနိုင်ငံရဲ့ လက်နက်အင်အားကို ခေတ်မီအောင် တည်ထောင်ဖို့ ၁၈၇၁ ခုနှစ်မှာ ကနောင်မင်းသားကြီး ဦးဆောင်ပြီး ခြေလှမ်းခဲ့ပါတယ်။ အဲဒီအချိန်အခါက ဂျပန်မှာတော့ မေဂျီ (Meiji) ခေတ်ပဲ။ အမြော်အမြင်ကြီးမားတဲ့ ကနောင်မင်းသားကြီးဟာ ပြင်သစ်၊ အီတလီစတဲ့ နိုင်ငံခြားတိုင်းပြည်တွေကို ပညာသင်စေလွှတ်ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် လက်နက်စက်ရုံ၊ ရေကြောင်းသွားလာရေး၊ သင်္ဘောတည်ဆောက်ရေးစက်ရုံ၊ လူသုံးကုန်ပစ္စည်းစက်ရုံတို့ကို တည်ထောင်ခဲ့ပါတယ်။

သံချက်စက်ရုံ၊ ငွေဒင်္ဂါးထုတ်လုပ်တဲ့စက်ရုံတွေ၊ ရေမြှုပ်ဖုံးတွေတီထွင်ခဲ့ပါတယ်။ ဒီခြေလှမ်းကို အင်္ဂလိပ်နယ်ချဲ့ မသိစရာအကြောင်းမရှိ။ မင်းတုန်းမင်းတရားကြီးလက်ထက်မှာ ကိုယ့်အာဏာစက်သက်ရောက်နိုင်တဲ့ နယ်မြေမကျယ်ဝန်းတော့သော်လည်း နယ်ချဲ့တို့ရဲ့ အတ္တနဲ့ ထိုးဖောက်လာတဲ့ ဥပဒေပိုင်းဆိုင်ရာ၊ ကုန်သွယ်မှုဆိုင်ရာ၊ နည်းပညာပိုင်း၊ လက်နက်အင်အား၊ ကာကွယ်ရေးအင်အားကိစ္စတွေကြောင့် ကိုယ့်ထီးကိုယ့်နန်းဟာ တစ်စတစ်စ ယိမ်းယိုင်လာခဲ့ပါတယ်။ အထောက်အထားကတော့ ကနောင်မင်းသားကြီး လုပ်ကြံခံရတာ တိုင်းပြည်ရဲ့ အပြောင်းအလဲကြီးပဲဖြစ်ခဲ့ရပါတယ်။ မြန်မာတို့ အားထားရတဲ့ ကနောင်မင်းသားဟာ နန်းတွင်းရေးတွေကြောင့် လမ်းခုလတ်မှာ နည်းပညာအမြော်အမြင်နဲ့အတူ အသက်ပေးလိုက်ရတဲ့ သင်ခန်းစာကို မြန်မာတို့ယူရမှာဖြစ်ပါတယ်။

> ၁၈၅၃ ခုနှစ် မင်းတုန်းမင်းတရားကြီးလက်ထက်မှာ မြန်မာနိုင်ငံအောက်ပိုင်းက ကိုလိုနီနယ်ချဲ့အောက်ရောက်တော့ အထက်မြန်မာနိုင်ငံရဲ့ လက်နက်အင်အားကို ခေတ်မီအောင် တည်ထောင်ဖို့ ၁၈၇၁ ခုနှစ်မှာ ကနောင်မင်းသားကြီး ဦးဆောင်ပြီး ခြေလှမ်းခဲ့ပါတယ်။ အဲဒီအချိန်အခါက ဂျပန်မှာတော့ မေဂျီ (Meiji) ခေတ်ပဲ။ အမြော်အမြင်ကြီးမားတဲ့ ကနောင်မင်းသားကြီးဟာ ပြင်သစ်၊ အီတလီ စတဲ့ နိုင်ငံခြားတိုင်းပြည်တွေကို ပညာသင်စေလွှတ်ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် လက်နက်စက်ရုံ၊ ရေကြောင်းသွားလာရေး၊ သင်္ဘောတည်ဆောက်ရေးစက်ရုံ၊ လူသုံးကုန်ပစ္စည်းစက်ရုံတို့ကို တည်ထောင်ခဲ့

## မြန်မာ့ခေါင်းဆောင် ဘုရင်မင်းမြတ်တို့ အားတွေကုန်

၁၈၂၄ ခုနှစ်ကစပြီး ၁၈၈၅ ခုနှစ်တိုင် မြန်မာနိုင်ငံအောက်ပိုင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ ပဲခူး၊ ဟံသာဝတီ၊ ရန်ကုန်၊ ပုသိမ်၊ ဟိုင်းကြီးကျွန်း အရေးကိစ္စတွေကို ဖြေရှင်းရတော့ ထိုစဉ်က မြန်မာ့ခေါင်းဆောင်တွေ၊ ဘုရင်မင်းမြတ်တို့ဟာ အားတွေကုန်၊ လမ်းကြောင်းတွေ တိမ်းစောင်းသွားပါတော့တယ်။ ရေမြေတောတောင်၊ သယံဇာတ၊ သဘာဝအရင်းအမြစ်ပေါကြွယ်ဝမှုကိုပင် လက်ဆုပ်လက်ကိုင် ထူးထူးခြားခြား စွန့်စွန့်စားစားနဲ့ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်ကို အကောင်အထည်ဖော်ဖို့ ဖင့်နွှဲခဲ့ရပါတယ်။

ယနေ့ ၂၁ ရာစု လူကြီးလူငယ်တို့ဟာ သမိုင်းကို အပြစ်မတင်လို့။ သို့သော် နယ်ချဲ့ကိုလိုနီဟာ မြန်မာနိုင်ငံ အောက်ပိုင်း၊ အလယ်ပိုင်း၊ အထက်ပိုင်းအထိ သိမ်းသွင်းဖို့ ကြံစည်မယ်၊ တဖြည်းဖြည်းနဲ့ နယ်ချဲ့လက်အောက် ရောက်တော့မယ်ဆိုတာ မြော်မြင်သိခဲ့သူများမယ်မထင်။ အုပ်ချုပ်သူ ပဒေသရာဇ်နဲ့ မင်းမှူထမ်းတို့က ဦးဆောင်ခဲ့ကြပါတယ်။ ဒါဟာလည်း သူ့ခေတ်သူ့အခါ၊ သူ့နည်းဗျူဟာပဲဖြစ်ပါတယ်။ နယ်ချဲ့ဟာ ဧရာဝတီမြစ်ကြောအတိုင်း အထက်ကို စုံဆန်ကာ ဝဲယာနဲ့ တောင်ပေါ်အထိ တက်ရောက်ပါတယ်။ ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့မှာ သီပေါဘုရင်ကို နန်းချပြီး ဧရာဝတီမြစ်ကြောင်း သူရိယသင်္ဘောဖြင့် ဖမ်းဆီးခေါ်ဆောင်၊ မဒရပ်၊ ရတနာဂီရိကို ပို့လိုက်ပါတယ်။ အုပ်ချုပ်ရေးစနစ်အသစ်၊ ဥပဒေသစ်၊ အမိန့်အာဏာသစ်တွေနဲ့ သွေးချင်းတို့ရဲ့မြေအထိ ကျူးကျော်ခဲ့ပါတယ်။

> "ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော ဧကရီဘုရင်မ မင်းမြတ်၏ အမိန့်အာဏာတော်အရ ကြော်ငြာလိုက်သည်မှာ အထက် သီပေါမင်းအုပ်စိုးတော်မူသော မြန်မာနိုင်ငံတော်ကို ၎င်းဘုရင်က ထပ်မံဆက်လက်၍ စိုးစံအုပ်ချုပ်ရဦးမည်မဟုတ်။ ၎င်းနိုင်ငံနယ်မြေများသည် အသျှင်ဘုရင်မ မင်းမြတ်ဘုရား၏ နိုင်ငံနယ်မြေဖြစ်လေပြီး အသျှင်ဘုရင်မမင်းမြတ်ဘုရား အလိုတော်မြတ်ရှိစဉ်ကာလအတွင်း ထိုနိုင်ငံကို ဣန္ဒိယဘုရင်ခံ မင်းမြတ်က အခွင့်သင့်လျော်သည့်အခါ မှူးမတ်အရာရှိခန့်ထား၍ ၎င်းမှူးမတ်အရာရှိတို့ကသာ အုပ်ချုပ်စီရင်လိမ့်မည်"

ဆိုပြီး အိန္ဒိယဘုရင်ခံ ဒတ်ဖရင်က လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်တဲ့ ကြေညာစာကို ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ ရန်ကုန်မြို့မှာလည်းကောင်း၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ မန္တလေးမြို့မှာလည်းကောင်း နှစ်နေရာထုတ်ပြန်လိုက်ပြီးနောက် မြန်မာနိုင်ငံသွေးချင်းတို့မြေပါမကျန် နယ်ချဲ့အင်ပါယာအတွင်း ကျရောက်၊ မြန်မာ့မြေပုံပျောက်၊ ကျွန်သပေါက်ဘဝကို ရောက်ခဲ့ရပါတယ်။ ဒါဟာ သမိုင်းတစ်ကွေ့ဖြစ်သွားပါတော့တယ်။

ဒီနေရာမှာ မြန်မာတိုင်းရင်းသားတွေအနေနဲ့ စောဒကတက်နိုင်လောက်တဲ့ ကိစ္စရှိပါတယ်။ အဲဒါဘာလဲဆိုရင် မြန်မာဘုရင် သီပေါမင်းနန်းချခံရပြီး "အထက် သီပေါမင်းအုပ်စိုးတော်မူသော မြန်မာနိုင်ငံတော်ကို ၎င်းဘုရင်က ထပ်မံဆက်လက်၍ စိုးစံအုပ်ချုပ်ရဦးမည်မဟုတ်။

**စာမျက်နှာ ၉ သို့** ✳

✳ စာမျက်နှာ ၈ မှ

ၑင်းနိုင်ငံနယ်မြေများသည် အသျှင်ဘုရင်မမင်းမြတ်ဘုရား၏ နိုင်ငံနယ်မြေဖြစ်လေပြီး အသျှင်ဘုရင်မမင်းမြတ်ဘုရား အလိုတော်မြတ်ရှိစဉ်ကာလအတွင်း ထိုနိုင်ငံကို ဌာနိယဘုရင်ခံမင်းမြတ်က အခွင့်သင့်လျော်သည့်အခါ မှူးမတ်အရာရှိ ခန့်ထား၍ ၎င်းမှူးမတ်အရာရှိတို့ကသာ အုပ်ချုပ်စီရင်လိမ့်မည်" ဟူ၍ဖြစ်ရာ အောင်ဆန်း-အက်တလီစာချုပ်ပါ အပိုဒ်တစ်ခုကဲ့သို့ စာဒကတက်စရာကောင်းတာက- "မြန်မာပြည်မကြီးကတော့ ဗြိတိသျှကိုလိုနီအောက်ရောက်သွားချေပြီ။ ကချင်၊ ချင်း၊ ရှမ်း စတဲ့ တောင်တန်းဒေသ တိုင်းရင်းသားများ အထူးညီလာခံကျင်းပပြီး သူ့ကျွန်ဘဝရောက်နေတဲ့ ပြည်မနှင့် ပေါင်းလို၊ မပေါင်းလိုသည်"ကို ဆန္ဒယူဖို့လိုပါလိမ့်မယ်ဆိုပြီး ဗြိတိသျှက ဆန္ဒမယူခဲ့။ ဘယ်လိုအထူးညီလာခံမှမလုပ်ဘဲ မြေပြန့်တောင်ပေါ် အားလုံးသိမ်းလိုက်တာဖြစ်ပါတယ်။ ဒါဟာ နယ်ချဲ့စရိုက်လက္ခဏာ၊ ကိုလိုနီရဲ့ စရိုက်လက္ခဏာပဲဖြစ်ပါတယ်။

"တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ ဒို့ပြည်ဒို့မြေ
များလူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှဝါဒဖြူစင်တဲ့ပြည် ဒို့ပြည်ဒို့မြေ၊ ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ အဓိဋ္ဌာန်ပြုပေ ထိန်းသိမ်းစို့လေ"

၂၀ ရာစု မြန်မာတို့ဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အပြောင်းအလဲတွေနဲ့ ကြုံတွေ့ရ၊ နယ်ချဲ့တို့ရဲ့ ဖိနှိပ်အုပ်ချုပ်မှုဒဏ်ကိုခံရ၊ အရင်းရှင်တို့ရဲ့ စီးပွားရေးလုပ်ငန်းသစ်တွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ နယ်ချဲ့လက်အောက်ကနေ လွတ်မြောက်ဖို့ စွန့်လွှတ်စွန့်စားခဲ့ကြသူ ကချင်ပြည်နယ်မှ ဖုန်ကန်ဒူးဝါးနဲ့ ဗိုလ်စော၊ ချင်းပြည်နယ်မှ ကြွမ်ဘိခ်နဲ့ ရွှေချိုးဖြူမင်းသား၊ ရှမ်းပြည်နယ်မှ ဝန်းသိုစော်ဘွား ဦးအောင်မြတ်နဲ့ ဗိုလ်မင်းရောင်တို့ဟာ မော်ကွန်းဝင်တွေဖြစ်ခဲ့ပါတယ်။ သွေးချင်းတို့မြေဟာ ရောဝတီရေလို မအေးမြ၊ မကြည်မလင်ဖြစ်ခဲ့ပါတော့တယ်။ တိုင်းရင်းသားလူထုဟာ ရိုးရာလယ်လုပ် ဓားမခုတ် စိုက်ပျိုးရေးအလုပ်နဲ့ ဘဝကို ရုန်းခဲ့ကြတာချည်းပဲ ဖြစ်ခဲ့ပါတယ်။

၁၉၃၈ ခုနှစ်က အာရှမှာ လူတစ်ဦးချင်း အချမ်းသာဆုံးနိုင်ငံဟာ ဖိလစ်ပိုင်နိုင်ငံဖြစ်ပါတယ်။ မလေးရှားနဲ့ စင်ကာပူတို့ဟာ လွတ်လပ်ရေးမရသေးတဲ့ နိုင်ငံငယ်လေးတွေပဲ။ လွတ်လပ်ရေးရဖို့ မြန်မာက ကြိုးပမ်းဆဲကာလ၊ (၉၁) ဌာနအုပ်ချုပ်ရေးရလို့ အိန္ဒိယကခွဲထွက်ခွင့်ရကာ အင်္ဂလိပ်အစိုးရရဲ့ တိုက်ရိုက်အုပ်ချုပ်ခံ ဖြစ်ခဲ့ပါတယ်။ အထွေထွေ နောက်မကျရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့ လမ်းစမရခဲ့တဲ့ကာလဟာ အင်္ဂလိပ်လက်အောက်ကနေ လွတ်လပ်ရေးရတဲ့ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့အထိလို့ ပြောရပါလိမ့်မယ်။

နှလုံးရည်အားဖြင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ အချုပ်တန်းဆရာဖေ အစရှိတဲ့ မျိုးချစ်စာဆိုတော်ကြီးတွေကလည်း မိမိပညာမနေသာဖြင့် တိုက်ပွဲဝင်ခဲ့ကြရင်း ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်း၊ စစ်လက်နက်ကိုင်ဖွဲ့ပြီး ကျူးကျော်လာတဲ့နယ်ချဲ့ကို ဓားရေးလှံရေးနဲ့ ကြံ့ရည်ကာကွယ်နိုင်ဖို့ လွယ်ကူလှတာမဟုတ်ရာ၊ ရဲဘော်သုံးကျိပ်တို့ဟာ ခရီးကြမ်းကို လျှောက်ခဲ့ကြရတယ်။ ထိုခေတ် ထိုအချိန်က နိုင်ငံရေးလှုပ်ရှားမှုတွေဟာ တစ်နိုင်ငံလုံး တိုင်းရင်းသားအပေါင်း လွတ်လပ်ရေးအတွက် ကျောပိုးအိတ်ကို လွယ်၊ နိုင်ငံနဲ့လူမျိုး လွတ်လပ်ဖို့၊ ကိုယ့်နိုင်ငံကို ကိုယ်တိုင်ကာကွယ်ဖို့ အသက်သွေးချွေးနဲ့ အချိန်တွေ ပေးခဲ့ကြရတယ်။ တစ်မျိုးသားလုံး ကောင်းစားရေး ရှေးရှုခဲ့တာကို ၂၀ ရာစု လူငယ်တွေဟာ နမူနာယူကြရလိမ့်မယ်။

## အောင်ဆန်း-အက်တလီစာချုပ်

ဖတပလ (ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေး)၊ ဖဆပလ (ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး) စတဲ့ အဖွဲ့အစည်းတွေရဲ့ နိုင်ငံရေး၊ စစ်ရေးလှုပ်ရှားမှုကြီးတွေကြောင့် ဗြိတိသျှဟာ လွတ်လပ်ရေးပေးရမယ့်အခြေအနေ ရောက်လာရပါတော့တယ်။ နိုင်ငံရေး၊ စစ်ရေးအသင့် ရှိနေတာကိုမြင်တဲ့ ဗြိတိသျှဟာ လွတ်လပ်ရေးပေးဖို့သာ ရှိပါတော့တယ်။ အောင်ဆန်း-အက်တလီ စာချုပ်ချုပ်ဆိုဖို့ဖြစ်ခဲ့ပါတော့တယ်။ ထိုစဉ်က ယူကေနိုင်ငံရဲ့ဝန်ကြီးချုပ်ဟာ အက်တလီ။ ဒါ့ကြောင့် မြန်မာကိုယ်စားလှယ်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းဟာ ယူကေဝန်ကြီးချုပ် အက်တလီနဲ့စာချုပ်ချုပ်ခြင်းဖြစ်ပါတယ်။



မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် အောင်ဆန်း-အက်တလီစာချုပ်ကို လန်ဒန်၌ သွားရောက်ချုပ်ဆိုသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့။

### Aung San-Atlee Agreement (27 January 1947)

His Majesty's Government and the Delegation of the Burma Executive Council having discussed all the matters affecting the future relations between Great Britain and Burma which were raised by the Delegation have reached the following agreed conclusions as to the methods by which the people of Burma may achieve their independence, either within or without the Commonwealth, as soon as possible: --

.......

### 10. Other Matters

A number of other questions will arise for settlement between His Majesty's Government and the Government of Burma connected with the change in the status of Burma. These will be taken up as they arise and will deal with in the same friendly and cooperative spirit that has marked the present discussions.

Both His Majesty's Government and the Delegates of the Burma Executive Council are convinced that by a continuation of the present method towards their common objective of a free and independent Burma, whether within or without the British Commonwealth of Nations, and they have, therefore, agreed to cooperate in the settlement of all future matters which shall arise between them through the transitional period until Burma's new Constitution comes into operation.

R. ATLEE (Sd.) AUNG SAN

10. Downing Street, S.W. 1,

27th January 1947.

Note: The Hon. Thakin Ba Sein and the Hon. U Saw are unable to associate themselves with these conclusions.

**(Major parts of the Agreement are described here by the Author)**

ဗြိတိသျှပါလီမန်မှာ အတိုက်အခံပါတီခေါင်းဆောင် ဝင်စတန်ချာချီက ဝန်ကြီးချုပ် အက်တလီကို မြန်မာနိုင်ငံအား အဆောတလျင် လွတ်လပ်ရေးပေးရကောင်းလားဆိုပြီး ဝေဖန်မှုတွေ ရှိခဲ့တယ်လို့ ဖတ်ရှုရပါတယ်။ နိုင်ငံရေးအယူအဆ အတွေးအခေါ်တွေ အဖွဲ့အစည်းလူထုအတွင်းမှာ စိမ့်ဝင်ခဲ့ကာ သွေးခွဲသပ်လျှိုမှုတွေကို နိုင်ငံ့ခေါင်းဆောင်တွေ ကြုံခဲ့ရတယ်။ လွတ်လပ်ရေးရဖို့ ကိစ္စမှာပင် ဦးစောနဲ့ သခင်ဗစိန်တို့နှစ်ဦးဟာ သဘောကွဲခဲ့ကာ လက်မှတ်မထိုးကြောင်း အောင်ဆန်း - အက်တလီစာချုပ်မှာ တွေ့ရပါတယ်။ ပြည်တွင်းနိုင်ငံရေး အင်အားစုတွေဟာ အာဃာတတွေ၊ မကျေမနပ်မှုတွေ ရှိခဲ့ပေလိမ့်မယ်။

အဲဒီစာချုပ်မှာ တိုင်းရင်းသားတွေရဲ့ အထူးညီလာခံကျင်းပပြီး မြန်မာပြည်မနဲ့ ပူးပေါင်းလိုတယ်၊ မပူးပေါင်းလိုဘူးကို ဆန္ဒယူဖို့ဆိုတဲ့ အချက်ကို စစ်စစ်ပေါက်ပေါက်သုံးသပ်ရင် အင်္ဂလိပ်နယ်ချဲ့တို့ဟာ လွတ်လပ်ရေးပေးရတော့မယ်ဆဲဆဲ တောင်တန်းဒေသတွေကို ချန်လှပ်ထားပြီး တို့ဆက်လက်အုပ်ချုပ်ဦးမယ်ဆိုတဲ့ သဘောဆောင်ပါတယ်။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ ကချင်၊ ချင်း၊ ရှမ်းစတဲ့ တိုင်းရင်းသားခေါင်းဆောင် ၂၃ ဦးဟာ တစည်းတလုံးတည်းနေထိုင်ကြတော့မယ်ဆိုတဲ့ သန္နိဋ္ဌာန်နဲ့ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ရာ ပင်လုံညီလာခံဟာ မြေပြန့်သားတွေနဲ့ တောင်တန်းသားတွေရဲ့ အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ခဲ့တဲ့ ထင်ရှားတဲ့မှတ်တိုင်ကြီးတစ်ခု ဖြစ်ပါတယ်။

ရေဟာ ဓာတ်သဘောအရ အလွန်တည်ငြိမ်ပြီး ကြည်လင်နေတယ်။ သတ္တလောက၊ ရုက္ခလောက ရှင်သန်ကြီးထွားရေးအတွက် မရှိမဖြစ်။ ဓာတ်သဘောအရ အပူကို စုပ်ယူအားကောင်းတယ်။ အေးတဲ့အခါ အစိုင်အခဲအဖြစ် အတည်တကျ သူ့နေရာနဲ့သူရှိနေတဲ့သဘောရှိတယ်။ အပူလွန်ကဲရင် အငွေ့ပျံရှိသာဖြစ်ပြီး တစ်သက်လုံး ကွဲကွာသွားတာ မဟုတ်၊ ပြန်လည်စုစည်းကာ ရေအဖြစ် ပြန်လည် ရောက်တာချည်းဖြစ်လို့ စုစည်းလာတယ်။ စည်းလုံးလာတဲ့သဘောရှိတယ်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ ခေါင်းဆောင်ကြီးတွေ လုပ်ကြံခံရတဲ့အတွက် ဝမ်းနည်းပက်လက်ဖြစ်ရတဲ့ မြန်မာတို့ဟာ သခင်မဲ့၊ အရှင်သခင်မဲ့ဘဝနဲ့ ဘုံရန်သူကို ရှာမတွေ့ဘဲဖြစ်ရပါတယ်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာမြန်မာနိုင်ငံဟာ လုံးဝလွတ်လပ်တဲ့နိုင်ငံဖြစ်လာခဲ့ပါတယ်။ နိုင်ငံရေးဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ လူမျိုးရေးစွဲ၊ ဘာသာရေးစွဲတွေလို့ ဆိုရမလိုပဲပဲ၊ လွတ်လပ်ရေးရပြီး နှစ်လသုံးလအတွင်းမှာ ပြည်တွင်းစစ်မီးတောက်ခဲ့ပါတယ်။

၂၀ ရာစု မြန်မာနိုင်ငံသမိုင်းကို ကြည့်ရင် ရှံဖန်ရှံခါဆိုသလို ပြည်ထောင်စုကြီး ပြိုကွဲရေးဆီကို တွန်းပို့တဲ့ ခြိမ်းခြောက်မှုတွေကြုံခဲ့ပါတယ်။ ၂၀ ရာစုနှောင်းပိုင်းအထိပါပဲ။ ဖွံ့ဖြိုးတိုးတက်ဖို့ လမ်းကြောင်းပေါ်ကိုမရောက်၊ ပညာရေး ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး ထင်သလောက် ခရီးမပေါက်၊ တိုင်းပြည်ဟာ အထဆနေခဲ့ပါတယ်။ လွတ်လပ်ရေးအတွက် အတူတကွ လက်တွဲခဲ့ကြတဲ့ခေါင်းဆောင်တွေရဲ့ ဝါဒရေးရာ၊ လူမျိုးရေး၊ ဘာသာရေးအယူအဆအမျိုးမျိုးကြောင့် ပြည်သူဟာ မြေစာပင်လို ဖြစ်ခဲ့ရပါတယ်။ ဘေးပယောဂတွေရှိခဲ့တာကတစ်မှောင့်၊ အမျိုးသားရေး ဝိသေသ လက္ခဏာတွေကို သတိလက်လွတ်တဲ့သဘောဆောင်ခဲ့ပါလိမ့်မယ်။ အားကောင်းမောင်းသန်တွေဟာ အဟောသိကံဖြစ်ခဲ့ရပါတယ်။ နိုင်ငံရဲ့ကာကွယ်ရေး တပ်မတော်ဟာ သွေးချင်းညီအစ်ကိုအချင်းချင်း စစ်ခင်းကြရပြန်တယ်။

ခေတ်သစ်ခေတ်ဟောင်း ကိုလိုနီနယ်ချဲ့ရဲ့စရိုက်လက္ခဏာဟာ ပြောင်းလဲကျင့်သုံးစရာအကြောင်း မရှိလှ၊ ခဲတစ်လုံးနဲ့ ငှက်နှစ်ကောင်သေရတဲ့ (One Stone Two Birds) မဟာစီမံကိန်းပဲလို့ ပြောရမလို ဖြစ်နေပြီ။ "ကြက်လည်းမဝေ ယာလည်းညက်ရင် ပြီးတာပါပဲ"ဆိုတဲ့ အဓိပ္ပာယ်ဆောင်ပါတယ်။

## အိုမြန်မာတို့ . . .
## ကောင်းမွေပေးနိုင်အောင်လုပ်ကြ

ရှေးယခင်က သမိုင်းရဲ့ဆိုးမွေတွေကို ပြန်လည် ပြီးသွားဖို့မဟုတ်။ ကိုယ့်သမိုင်းကိုကြည့်၍ အစစအရာရာဖြစ်ပေါ်ပြောင်းလဲမှုကိုကြည့်၍ သင်ခန်းစာယူပြီး ကောင်းမွေပေးနိုင်အောင် လုပ်ကြရပေလိမ့်မယ်။ ရွှေဥမင်ဆရာတော်ဘုရားကြီးက **"မှားတာကို မကြောက်၊ မှားမှန်းမသိတာကို ကြောက်၏"** လို့ မြွက်ကြားပါတယ်။ အလွန်လိုက်နာမှတ်သားစရာ ကောင်းလှပါတယ်။ **"သမိုင်းကို သတိမရကြလျှင်၊ ဒုတိယတစ်ကျော့ပြန်တတ်၏။ မှားတတ်၏။ သမိုင်းဆိုသည်မှာ သတိရနေမှုဖြစ်မယ်၊ သိနေမှုဖြစ်မယ်။"**

လောကဓာတ်ခုံကား အစမှအဆုံး သာယာနေမှာမဟုတ်၊ ငိုပွဲရှင်ပွဲရှိစမြဲ။ ဘဝနဲ့ မကင်းကွာသူ ဟူသရွေ့ ငိုပွဲတစ်ခန်း၊ ရှင်ပွဲတစ်ခန်း တွေ့ရမှာသာ ဖြစ်တယ်။ ဘယ်လိုပွဲနဲ့ တွေ့ရတာဖြစ်စေ အားရှိရှိနဲ့ တွေ့ကြုံခြင်းသာလျှင် စိတ်ဓာတ်ရဲ့ သန့်စင်တည်ကြည်ခိုင်မြဲရေးကို တောင့်တင်းလျက် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ရေးမှာ ခြေလှမ်းမှန်မှန်နဲ့ ချီတက်နိုင်ကြပါစေ။ လောကီလောကုတ္တရာ နှစ်ဖြာနဲ့ ကျော်လွှားခြင်းဖြင့် အေးချမ်းသာယာတဲ့ဘဝကို မျက်မှောက်ပြုနိုင်ကြပါစေလို့ ဆုတောင်းရပါလိမ့်မယ်။

ကိုယ့်တိုင်းဒေသကြီး၊ ကိုယ့်ပြည်နယ်တစ်ခွင်မှာ ဘဝသစ်ဖန်တီးနိုင်မယ့် အမြော်အမြင်ကြီးမားတဲ့၊ ကြံ့ရည်ဖန်ရည်ရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်လိုအပ်တယ်ဆိုတာ ယနေ့အချိန်အခါမှာ ပိုပြီးမြင်တွေ့နေရပါပြီ။ ရွေးချယ်စရာ လမ်းနှစ်သွယ်ရှိပါတယ်။ တစ်ခုက "ပိုနေမြဲ ကျားနေမြဲ" ဆိုသလို လက်ရှိဘဝအခြေအနေကို ပျော်သလိုနေကြဖို့ပဲ။ သမားရိုးကျနည်းနဲ့ဆိုရင် ဘယ်ကိစ္စမှ မည်မည်ရရ ဖြစ်ထွန်းနိုင်မှာမဟုတ်။ စာမျက်နှာ ၁၀ သို့ ✳

# ထိုင်းနိုင်ငံတွင် ပြန်လာရန် အခက်အခဲများကြုံတွေ့ခဲ့သော မြန်မာနိုင်ငံသားများအနက် ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တို့မှ နေရပ်ပြန်သူများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်ကြီးများဖြင့် စီစဉ်ပို့ဆောင်ပေးခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ပြန်လာရန် အခက်အခဲကြုံတွေ့ခဲ့ရသော နေရပ်ပြန်မြန်မာနိုင်ငံသား ၆၇၉ ဦးတို့အနက် ကော့သောင်းမြို့မှ မိုင်ပေါင်း ၄၅၅ မိုင်ခန့်ကွာဝေးသည့် ရန်ကုန်တိုင်းဒေသကြီးမှ နေရပ်ပြန်မြန်မာနိုင်ငံသား ၁၁၈ ဦးကို မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား)ဖြင့် ခေါ်ဆောင်လာခဲ့ရာ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား(သီလဝါ)သို့ ရောက်ရှိသည်။

ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသော နေရပ်ပြန်တို့ကို နယ်မြေခံရေတပ် ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်ထိန်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည် မိသားစုဝင်များ၊ တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နေရပ်ပြန် မြန်မာနိုင်ငံသားများ၏ မိသားစုဝင်များက နွေးထွေးလှိုက်လှဲစွာ လာရောက်ကြိုဆိုကြသည်။

ပြန်လည်ခေါ်ဆောင်လာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ကာ အဆာပြေအစားအစာနှင့် ရေသန့်ဘူးများ ပေးဝေခဲ့သည်။ ထို့နောက် ဒဂုံဆိပ်ကမ်းရှိ မရိပ်သာ Quarantine Center ၌ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ စောင့်ကြည့်ထားရှိပြီးနောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နေရပ်ပြန်များကို သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများထံသို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြင်ပတွင် နေထိုင်သော နေရပ်ပြန်များကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များထံသို့ လည်းကောင်း စနစ်တကျအပ်နှံသွားမည် ဖြစ်ပြီး ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် မိသားစုနှင့် အမြန်ပြန်လည်တွေ့ဆုံနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ကော့သောင်းမြို့နှင့် မိုင်ပေါင်း ၇၀၀ ကျော်ခန့်ကွာဝေးသည့် အလွန်ဝေးလံသော ရခိုင်ပြည်နယ် စစ်တွေမြို့မှ နေရပ်ပြန်မြန်မာနိုင်ငံသား ၈၀ နှင့် ကျောက်ဖြူမြို့မှ နေရပ်ပြန်မြန်မာနိုင်ငံသား ၃၁ ဦးတို့ကို မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ် (အနော်ရထာ)ဖြင့် နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးရန် စစ်ရေယာဉ် (အနော်ရထာ)ဖြင့် တင်ဆောင်လာစဉ် လမ်းခရီးတစ်လျှောက်၌ စစ်ရေယာဉ်မှ အာဟာရပြည့်စားသောက်ဖွယ်ရာများ ကျွေးမွေးခြင်း၊ ကိုယ်လက်လေ့ကျင့်ခန်းများ ဆောင်ရွက်စေခြင်း၊ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုများ အနီးကပ်ဆောင်ရွက်ပေးခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် စိတ်ရွှင်လန်း အပန်းပြေစေရန် ဆောင်ရွက်ပေးကြသည်။ အဆိုပါ စစ်ရေယာဉ်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ကျောက်ဖြူမြို့ အမှတ်(၁)တံတားသို့ ရောက်ရှိသည်။



ကျောက်ဖြူမြို့သို့ ပြန်လည်ရောက်ရှိလာကြသော နေရပ်ပြန် မြန်မာနိုင်ငံသား ၃၁ ဦးကို နယ်မြေခံရေတပ်စခန်း ဌာနချုပ်မှ ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲလင်းမောင်၊ တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နေရပ်ပြန်မြန်မာနိုင်ငံသားများ၏ မိသားစုဝင်များက နွေးထွေးလှိုက်လှဲစွာ လာရောက်ကြိုဆိုကြသည်။

နေရပ်ပြန် မြန်မာနိုင်ငံသားများကို အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ညှော့ရိပ်သာတွင် အဆာပြေစာ ရခိုင်မုန့်တီ ကျွေးမွေးခြင်း၊ လိုအပ်သောကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းတို့ ပြုလုပ်၍ လိုအပ်သည်များ မှာကြားကာ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မိဘအုပ်ထိန်းသူများထံ စနစ်တကျအပ်နှံပြီး အလွန်ဝေးလံသည့် နေရာဒေသများသို့ အချိန်တိုအတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် မိသားစုများနှင့် အမြန်ဆုံးပြန်လည်တွေ့ဆုံနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ရေယာဉ်(အနော်ရထာ)သည် စစ်တွေမြို့နှင့် အနီးပတ်ဝန်းကျင်မြို့များမှ နေရပ်ပြန်မြန်မာနိုင်ငံသား ၈၀ ကို ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၄၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့်မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှ ၁၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၄၄၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

**✻ စာမျက်နှာ ၉ မှ**

ဘာကြောင့်ပါလဲ၊ လုပ်ရိုးလုပ်စဉ်၊ မိရိုးဖလာအတိုင်း လုပ်လို့မရတဲ့ခေတ်ထဲမှာ ရောက်နေလို့ပါပဲ။

နောက်လမ်းသွယ်တစ်ခုက ၂၀၃၀ ပြည့်နှစ်မှာ နိုင်ငံ့အင်အားတောင့်တင်းဖို့ လူသားအရင်းအမြစ်မှန်သမျှကို အဖိုးတန်သထက်တန်အောင် ပြည်သူတွေ တစ်သက်တာလုံး သင်ယူနေကြရဦးမယ်။ ပညာလွှမ်းမိုးတဲ့ လူ့အဖွဲ့အစည်းဖြစ်ဖို့၊ တစ်သက်တာသင်ယူနေတဲ့ လူ့အဖွဲ့အစည်းဖြစ်ဖို့ မျှော်မှန်းပြီး အားထုတ်နေကြရမှာဖြစ်ပါတယ်။ အရှေ့၊ အနောက်ကို မမျှော်လေနဲ့။ တိုင်းရင်းသားအပေါင်းက တညီတညွတ် ကိုယ်ထူကိုယ်ထပြုကြ၊ ရေရှည်အကျိုးကို မျှော်ကိုးပြီး ပြည်ထောင်စုရဲ့ အနာဂတ်ခရီးကို ကိုယ့်အားကိုယ်ကိုးလျှောက်ကြရပါမယ်။ ၂၁ ရာစု ပညာခေတ်မှာ ပညာတတ်၊ အရည်အချင်းပြည့်ဝသူ၊ ဗလငါးတန်ပြည့်ဝသူတို့ကသာ တိုင်းပြည်ရဲ့ အပြောင်းအလဲကို ပြုလုပ်နိုင်ပါလိမ့်မယ်။

စီးပွားရေးမျက်စိနဲ့ကြည့်ရင် ကမ္ဘာ့ဈေးကွက်ကြီးရယ်လို့ ခေါ်နိုင်တဲ့ အဝန်းအဝိုင်းထဲမှာ မြန်မာနိုင်ငံရှိနေပါတယ်။ မြန်မာ့သယံဇာတကတော့ တစ်ပုံတစ်ခေါင်းကြီးလို့ ပြောရလောက်အောင် မြန်မာနိုင်ငံ အလယ်အူကြောင်းက ဧရာဝတီမြစ်ရေကြောကြီးပဲ။ ဧရာဝတီဟာ နှစ်ပေါင်းသန်းချီပြီး မြန်မာနိုင်ငံ မြောက်ဖျား၊ ရခိုင်ရိုးမတောင်တန်းနဲ့ ရှမ်းကုန်းပြင်မြင့်ကြားက မြန်မာပြည်တောင်ပိုင်း အိန္ဒိယသမုဒ္ဒရာသို့ စီးဆင်းတာ ယနေ့အထိဖြစ်တယ်။ အမြဲစွတ်စိုလျက်ရှိတာက စစ်တောင်းမြစ်နဲ့ အရှေ့ဘက်ခြမ်းက သံလွင်မြစ်ကြီးတို့ပဲ။ ဒီမြစ်ကြီးသုံးသွယ်ဟာ မြန်မာတို့အတွက် ချမ်းသာဖို့ပဲ။ စိုက်ပျိုးရေးနဲ့ သောက်သုံးရေအထိ သုံးနိုင်တာမို့ စံချိန်ရေအရင်းအမြစ်ပါ။ သုံးတတ်ရင် အဖိုးအနဂ္ဃတန်ပါတယ်။ နည်းပညာနည်းရင်၊ ပညာနည်းရင်တော့ ပင်လယ်ထဲစီးဆင်းသွားတာပဲ အဖတ်တင်ပါမယ်။ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ ပညာလိုအပ်တယ်ဆိုတာ ပြောဖွယ်ရာမလိုတော့ပြီ။ ဒီလိုခေတ်အခြေအနေမှာ သိပ္ပံပညာ နည်းပညာ၊ စိုက်ပျိုးရေး၊ စီးပွားရေးဘွဲ့ရတွေဟာ ကိုယ်ပိုင်စီးပွားရေးကုမ္ပဏီကြီးတွေ တည်ထောင်၊ ဘဏ်လုပ်ငန်းကြီးတွေ တည်ထောင်၊ ရေနံကုမ္ပဏီကြီးတွေတည်ထောင်ဖို့ တာစူရမယ်။ အလုပ်လုပ်ဖို့ ပညာသင်ရမယ်။ ဒီလိုဆိုရင် မြန်မာ့အနာဂတ်ဟာ သေချာရေရာပါမယ်။

**အနှစ်ချုပ်ကို တင်ပြရရင်** အမျိုးသားရေးဝိသေသတွေဖြစ်တဲ့- နှစ်ပေါင်းထောင်သောင်းမက အေးအတူ ပူအမျှ အတူတကွနေထိုင်လာခဲ့ကြတဲ့ တိုင်းရင်းသားညီအစ်ကိုတစ်တွေ အတူလက်တွဲကာ ရှေ့ခရီးကို ပျော်ပျော်ပါးပါးနဲ့ လျှောက်လမ်းကြရလိမ့်မယ်။ ဘဝသစ်မှာ ကိုယ်စိတ်နှစ်ဖြာအေးချမ်းဖို့ပဲ၊ ခေါင်းပုံမဖြတ်၊ အကြမ်းမဖက်တဲ့ လူ့အသိုင်းအဝိုင်း တည်ထောင်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ မေတ္တာနဲ့ ဉာဏ်အမြော်အမြင်ဟာ တိုင်းပြည်ရဲ့ ကံကြမ္မာကို ဖန်တီးဖော်ဆောင်ပါလိမ့်မယ်။ ဒါကြောင့် တိုင်းရင်းသားအပေါင်းဟာ ဘယ်သူဘယ်ဝါဖြစ်ဖြစ် လူ့ဘဝရလာသခိုက်မှာ လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးအတွက် အေးအတူ၊ ပူအမျှနေထိုင်ကြပြီး အတ္တနဲ့ပရ မျှမျှတတနဲ့ တိုင်းပြည်ရဲ့တာဝန်နဲ့ မိမိခန္ဓာဝန်ကိုလည်း ထမ်းဆောင်ကြရပေလိမ့်မယ်။

စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးလမ်းကြောင်းဟာ မြန်မာတိုင်းရင်းသားလူမျိုး ရှစ်မျိုး၊ မျိုးနွယ်စုပေါင်း ၁၃၅ မျိုးကျော်အတွက် တောင်ပေါ်မြေပြန့် မကွဲမပြား မခြားနားဘဲ ငြိမ်းချမ်းသာယာစေမယ်၊ စည်ပင်ဝပြောမယ်၊ ဖွံ့ဖြိုးတိုးတက်စေမယ်။ သူသူကိုယ်ကိုယ် အတိတ်သမိုင်းကြောင်းက အမှားတွေကို သင်ပုန်းချေနိုင်လိမ့်မယ်။ တည်ငြိမ်ခံ့ညားမြင့်မားတဲ့ တောင်တန်းကြီးတွေနဲ့ ဒီတောင်တန်းတွေကြားက တသွင်သွင်စီးဆင်းနေတဲ့ ဧရာဝတီ၊ သံလွင်၊ စစ်တောင်းမြစ်တို့ကို အကြောင်းပြုပြီး တိုင်းရင်းသားအပေါင်းဟာ စုပေါင်းနေထိုင်ခဲ့ကြပြီဖြစ်လို့ ကြည်လင်အေးမြတဲ့ ဧရာဝတီရေကို သောက်ပြီး အနာဂတ်သမိုင်းသစ်ကို ရေးကြပါစို့လားလို့ ရေးသားတင်ပြအပ်ပါတယ်။ ။

**ကျမ်းကိုး -**

- ၂၀ ရာစု မြန်မာနိုင်ငံ၊ အမျိုးသား လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဇန်နဝါရီလ ၂၀၀၂ ခုနှစ်
- Myanmar: Facts and Figures; Published by Ministry of Information, Myanmar, March, 2000
- ဗမာ့တော်လှန်ရေးသမိုင်း၊ ဗိုလ်မှူးဘသောင်း (မောင်သုတ) မတ်လ ၁၉၉၁ ခုနှစ်၊ ပြန်ကြားရေးဝန်ကြီးဌာန
- မကြန်- သမိုင်းရှာပုံတော်ခရီးနှင့် အခြားစာတမ်းများ၊ မြရတနာစာပေ၊ စာစဉ် (၁) ၂၀၀၂ ခုနှစ်
- Asia Pacific: Its Role in the new World Order, (Myanmar Burma) by MS Dobbs–Higginson, New Light of Myanmar, 1998

# (၇၆) ကြိမ်မြောက် မွန်အမျိုးသားနေ့(ဗဟို)အခမ်းအနား ကျင်းပ





**ရန်ကုန် ဖေဖော်ဝါရီ ၅**

(၇၆) ကြိမ်မြောက် မွန်အမျိုးသားနေ့(ဗဟို) အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မရမ်းကုန်း မြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေး ဝန်ကြီး ဦးအောင်ဝင်းသိန်း၊ တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူး၊ တိုင်းဒေသကြီး ဥပဒေ ချုပ် ဦးငွေအောင်၊ မွန်အမျိုးသားနေ့ ကျင်းပရေး ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သံဃာတော် အရှင်သူမြတ်များ၊ သဘာပတိအဖွဲ့ဝင်များ၊ မွန် အမျိုးသား လူငယ်မောင်မယ်များ၊ ဖိတ်ကြားထား သည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားသဘာပတိဆရာတော် ဘဒ္ဒန္တသီလဝံသက အဖွင့်ဩဝါဒစကားပြောကြားပြီး (၇၆) ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနား ကျင်းပရေး(ဗဟို)သဘာပတိ နိုင်မင်းသောင်းရှင်က ယနေ့ကျင်းပသော မွန်အမျိုးသားနေ့ အခမ်းအနား သည် မွန်လူမျိုးများအချင်းချင်း စည်းလုံးညီညွတ်မှု နှင့်အတူ တိုင်းရင်းသားလူမျိုးအားလုံး၏ စည်းလုံး ညီညွတ်မှုအတွက်လည်း ဦးတည်ကြောင်း၊ တိုင်းရင်း သားအားလုံး အချင်းချင်းစည်းလုံးညီညွတ်မှ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးစည်ပင်မည့် လူမှုအသိုက် အဝန်းကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စု သားများအားလုံး စည်းလုံးညီညွတ်စွာဖြင့် သယ်ပိုး ရွက်ဆောင်သွားနိုင်ရန် လိုအပ်ကြောင်းပြောကြား သည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသား ရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက ဖတ်ကြား သည်။

ယင်းနောက်(၇၆) ကြိမ်မြောက် မွန်အမျိုးသား နေ့ကျင်းပရေး(ဗဟို)ဥက္ကဋ္ဌ နိုင်မင်းအောင်ထူးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ (၇၆) ကြိမ်မြောက် မွန်အမျိုးသား နေ့အထိမ်းအမှတ် မြေစိုက်ပိုစတာရှင်းလင်းချက် စာတမ်းနှင့် ယဉ်ကျေးမှုဆိုင်ရာစာတမ်းများကို စာတမ်းရှင်များက ဖတ်ကြားတင်ပြကာ တာဝန်ရှိသူ များက စာပေပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများ ချီးမြှင့်ကြပြီး မွန်ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

၁၉၄၇ ခုနှစ်တွင် ကျင်းပသည့် မွန်တိုင်းရင်းသား အစည်းအရုံးညီလာခံ၌ တပို့တွဲလပြည့်ကျော် ၁ ရက် ကို မွန်အမျိုးသားနေ့အဖြစ်သတ်မှတ်ပြီး မွန် အမျိုးသားနေ့ အခမ်းအနားများကိုနှစ်စဉ် ကျင်းပ လာခဲ့ရာ ယခုနှစ်ဆိုလျှင် (၇၆)ကြိမ်မြောက်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## သထုံမြို့နယ်၌ (၇၆) ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား ကျင်းပ

**သထုံ ဖေဖော်ဝါရီ ၅**

မွန်ပြည်နယ် သထုံမြို့နယ်၏ (၇၆)ကြိမ်မြောက် မွန်အမျိုးသား နေ့အခမ်းအနားကို သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက် မင်းတဲစုရပ် အမက(လွန်)၌ ယနေ့ နံနက်က ကျင်းပခဲ့ကြောင်း သိရသည်။

မွန်လူငယ်များအနေဖြင့် မိမိတို့၏ တိုင်းရင်းသားစာပေ၊ ဘာသာ စကား၊ ယဉ်ကျေးမှုထုံးတမ်းတို့ကို မပျောက်ပျက်အောင် ဂရုပြုကာ လက်ဆင့်ကမ်းထိန်းသိမ်းသွားနိုင်ရန်ရည်ရွယ်ကာ မွန်အမျိုးသား နေ့အား အစဉ်အဆက် လက်ဆင့်ကမ်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း သထုံမြို့နယ် မွန်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်တစ်ဦးက ပြောသည်။

မွန်အမျိုးသားနေ့အခမ်းအနားသို့ မွန်၊ ကရင်၊ ပအိုဝ်း၊ ဗမာ စသည့် တိုင်းရင်းသားများက မွန်အမျိုးသားအလံတော်ကို လွှင့်ထူအလေးပြု ကြခြင်း၊ သံဃာတော်များထံမှ တရားနာယူပြီး ဆွမ်းနှင့်လှူဖွယ်များ ဆက်ကပ်လှူဒါန်းခြင်း၊ ဧည့်ခံကျွေးမွေးခြင်းများကို ပြုလုပ်ခဲ့ကြသည်။

သထုံမြို့နယ်တွင် မြို့နယ်အဆင့် မွန်အမျိုးသားနေ့ အခမ်းအနားကို မွန်တိုင်းရင်းသားအများစုနေထိုင်သည့် ကျေးရွာများ၌ အလှည့်ကျ နှစ်စဉ်ကျင်းပလေ့ရှိပြီး ယခင်နှစ်များတွင် သက်ကြီးပူဇော်ပွဲ၊ ယိမ်းပြိုင်ပွဲ များ၊ ပြခန်းများနှင့် စတုဒိသာကျွေးမွေးခြင်းတို့ဖြင့် စည်ကားစွာကျင်းပ ခဲ့ကြောင်း မြို့နယ်မွန်တိုင်းရင်သားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ သိရ သည်။

**ခရိုင်(ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ (၇၆) ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား ကျင်းပ



**ပေါင် ဖေဖော်ဝါရီ ၅**

မွန်ပြည်နယ် ပေါင်မြို့နယ်၏ (၇၆) ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို ကဒါရပ်ကွက် ကမ္ဘာအေးစေတီဘုရား၌ ယနေ့ နံနက် က ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ (၇၆) ကြိမ်မြောက် မွန်အမျိုးသားနေ့အား တာဝန်ရှိသူ များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မွန်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ နိုင်သာ လေးက မွန်စာပေနှင့်ယဉ်ကျေးမှုသည် ကမ္ဘာကျော်သည်အထိ ကျယ်ပြန့်ခဲ့ရာ မိမိတို့မွန်လူမျိုးများအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါ ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ မွန်အမျိုးသမီးအဖွဲ့မှ မိမြတ်မြတ်ချမ်းက မွန် အမျိုးသားနေ့ မြေစိုက်ပိုစတာ၏အဓိပ္ပာယ်နှင့် စိုက်ထူရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

မွန်တိုင်းရင်းသားများ စည်းလုံးညီညွတ်စွာဖြင့် ဘိုးဘွားများချမှတ် ထားသည့် ရိုးရာဓလေ့ထုံးတမ်းများအား ဖော်ထုတ်နိုင်ပြီး မွန်လူငယ်များ အနေဖြင့် မိမိတို့၏ တိုင်းရင်းသားစာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု ထုံးတမ်းတို့ကို မပျောက်မပျက်အောင် ဂရုပြုကာ လက်ဆင့်ကမ်း ထိန်းသိမ်းသွားနိုင်ရန်ရည်ရွယ်ပြီး မွန်အမျိုးသားနေ့အား အစဉ်အဆက် လက်ဆင့်ကမ်း ကျင်းပခဲ့ခြင်းဖြစ်သည်။

ပေါင်မြို့နယ်၏ မွန်အမျိုးသားနေ့ အခမ်းအနားတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ များ တက်ရောက်လာကြသည့် မွန်တိုင်းရင်းသားများက မွန်အမျိုးသား အလံတော်ကို လွှင့်ထူအလေးပြုကြခြင်း၊ သံဃာတော်များထံမှ တရား နာယူပြီး ဆွမ်းနှင့်လှူဖွယ်များ ဆက်ကပ်လှူဒါန်းခြင်း၊ ဧည့်ခံကျွေးမွေး ခြင်း၊ မွန်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများ ဖျော်ဖြေခြင်းတို့ဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုးနဲမြို့နယ်၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**မိုးနဲ ဖေဖော်ဝါရီ ၅**

(၇၆)နှစ်မြောက် ပြည်ထောင်စု နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့ နယ် လွိုင်မြေရပ်ကွက် ဆရာစံ လမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက ကျင်းပ သည်။



ထို့နောက် ကွန်ကရစ်လမ်းသစ် မုခ်ဦးကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအောင်နှင့် မြို့မိမြို့ဖ ဝဏ္ဏကျော်ထင် စိုးမျိုး သန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ခဲ့ကြပြီး လွိုင်မြေရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်က ရပ်ကွက်နေပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ပြီး ကွန်ကရစ်လမ်း သစ် မုခ်ဦးအား တာဝန်ရှိသူများက အမွှေးနံ့သာရည်များပက်ဖျန်းပေး ခဲ့ကြပြီး မိုးနဲ(အထက) ကျောင်း သား ကျောင်းသူများ၏ ဘင်ခရာ၊ ပန်းဖွားအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရ သည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်မှာ အရှည်ပေ ၈၀၀၊ အကျယ် ၁၄ ပေ နှင့် ၃ ခြောက်လက်မရှိ ကွန်ကရစ် လမ်းခင်းခြင်းကို ငွေကျပ်သိန်း ၂၅၀ ခန့်ဖြင့် ရပ်ကွက်နေပြည်သူ များကိုယ်တိုင် အကောင်အထည် ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

**မျိုးညွှန့်ရွှေ(မိုးနဲ)**



## ရေးမြို့နယ် ပလိုင်သိမ်-နှီးနူ-သာဂရံ-အံဒင်- ငါးမျှားစခန်းလမ်း ကတ္တရာခင်းလုပ်ငန်း စစ်ဆေး

**ရေး ဖေဖော်ဝါရီ ၅**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသကျေးရွာများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက် စေရေးအတွက် လမ်းတံတားလုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိ ရာ မွန်ပြည်နယ် ရေးမြို့နယ် ပလိုင်သိမ်-နှီးနူ-သာဂရံ-အံဒင်-ငါးမျှား စခန်းလမ်း ၅ မိုင် ၃ ဖာလုံအနက် တစ်မိုင် ကတ္တရာခင်းခြင်းလုပ်ငန်း ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၆၈ ဒသမ ၄၂၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်းမှာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းဆောင်ရွက် ပြီးစီးနေပြီဖြစ်ပြီး ရေးမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးသောင်းစိန်နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေး၍ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီး ရေး မှာကြားခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# (၇၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲနှင့် စုပေါင်းရေစက်ချ မင်္ဂလာအခမ်းအနား ကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၅

ဆဋ္ဌသင်္ဂါယနသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၇၁) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲနှင့် စုပေါင်းရေစက်ချမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင်အဆိုပါစေတီတော်မြတ်ကြီး အတွင်း၌ ကျင်းပသည်။

## တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရ(ကျောက်မဲ) အမှူးပြုသည့် စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်များနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဦးစိန်မော်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းသာသနာရေးမှူး၊ မရမ်းကုန်းခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များက သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ဩဝါဒ်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်သည့် အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များနှင့် ဩဝါဒ်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးလှထွန်းက(၇၁) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ဩဝါဒ်ပရိသတ်များက အနုမောဒနာ တရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရေတာရှည်မြို့၌ မြို့လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ရေတာရှည် ဖေဖော်ဝါရီ ၅

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့၏ တတိယအကြိမ်မြောက် မြို့လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယမန်နေ့ ညနေပိုင်းတွင် ပြုလုပ်ရာ မြို့ပေါ်နှင့်အနီး ပတ်ဝန်းကျင်မြို့များရှိ ပရိယတ္တိစာသင်တိုက်များ၊ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များက အမှတ်(၁) ရပ်ကွက်ရှိ မြို့ဦးပရိယတ္တိစာသင်တိုက်မှ ရေတာရှည်မြို့အတွင်း ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း လှည့်လည်၍ ပူဇော်အကြည်ညိုခံကြွရောက်တော်မူကြသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ရေတာရှည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်၊ အလှူရှင်များက သံဃာတော်များနှင့် သီလရှင် ၁၂၄ ပါးတို့အား ဆွမ်းဆန်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုးနဲမြို့နယ်၌ စုပေါင်း ထမနဲထိုးပွဲ ကျင်းပ



မိုးနဲ ဖေဖော်ဝါရီ ၅

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် ဥယျာဉ်ရပ်ကွက် ဟော်ဝင်းအတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးရှေ့၌ တပို့တွဲလပြည့်နေ့ ဌာနစုပေါင်း ထမနဲထိုးပွဲကို ယမန်နေ့နံနက် ၈ နာရီက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ကျင်းပ

မြန်မာတို့၏ စည်းလုံးညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှုကို ပြသသော နှမ်းမနဲခေါ် ထမနဲကို တစ်လုပ်စားရုံမျှဖြင့် တစ်နှစ်အတွင်း လူ့ခန္ဓာကိုယ်တွင် လိုအပ်သည့် အဆီကို ဖြည့်ဆည်းပေးသည်ဟု ယုံကြည်ကြပြီး တပို့တွဲရာသီမှာ ဆေးအဖြစ်စားရန် တပို့တွဲလဆန်းမှ တပို့တွဲလပြည့်နေ့အထိ အနယ်နယ်၊ အရပ်ရပ်တွင် ထမနဲထိုးပွဲများ ကျင်းပကြသည်။ မိုးနဲမြို့နယ် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ ထမနဲထိုးပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ် ဌာနဆိုင်ရာ အကြီးအကဲများက ကြည့်ရှုအားပေးပြီး ကူညီဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဝိုးတောင်း**

# ယင်းမာပင်၌ APTERR Tier 3 အစီအစဉ်ဖြင့် အရန်ဆန်ရိက္ခာနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်း

ယင်းမာပင် ဖေဖော်ဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက် ၁၀ နာရီက APTERR Tier 3 အစီအစဉ်ဖြင့် အရန်ဆန်နှင့် ဆက်စပ်ပစ္စည်းများလှူဒါန်းပွဲအခမ်းအနား ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းမော်နှင့်အဖွဲ့ဝင်များ၊



ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

လှူဒါန်းပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ "ယခုလှူဒါန်းတဲ့ဆန်တွေကို စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန APTERR Tier 3 အစီအစဉ်ဖြင့် ဂျပန်နိုင်ငံနဲ့ ကိုရီးယားသမ္မတနိုင်ငံတို့မှ လှူဒါန်းထားသည့် အရန်ဆန်ရိက္ခာနဲ့ ဆက်စပ်ပစ္စည်းများကို ယင်းမာပင်မြို့နယ်အတွင်းရှိ ပြည်သူများအတွက် ဆန်တန်ချိန် ကိုးတန်နှင့်အတူ အသင့်စားဆန်ထုပ် ၉၀၀၊ (အပ်စိုက်ကယ်ဘက်စ်) အိတ် ၂၀ တို့ကို လှူဒါန်းပေးခြင်းဖြစ်ပါတယ်"ဟု ခရိုင်ဥက္ကဋ္ဌ ဦးဆန်းမော်က ရှင်းလင်းပြောကြားသည်။

ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံများမှ ပေးပို့လှူဒါန်းထားသည့် အရန်ဆန်ရိက္ခာနှင့် ဆက်စပ်ပစ္စည်းများကို ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ယင်းမာပင်မြို့နယ်အတွင်းရှိ ပြည်သူများထံသို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# မိုင်းယောင်းမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေး သင်တန်းဖွင့်ပွဲ ကျင်းပ



မိုင်းယောင်း ဖေဖော်ဝါရီ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့နှင့်ပူးပေါင်းဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ဝမ်ဘိုးကျေးရွာအုပ်စု ဝမ်တွီကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိုင်းယောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစံလင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ သင်တန်းနည်းပြ ဆရာ ဆရာမများက သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များအား ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသော ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရွက်ဖျန်းသဘာဝမြေဩဇာများ၊ မွေးမြူရေးအထောက်အကူပြုပစ္စည်းများနှင့် အသိပညာပေးလက်ကမ်းစာစောင်များအား သင်တန်းသား သင်တန်းသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းကို မိုင်းယောင်းမြို့နယ်အတွင်းရှိကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် အပင်များ၌ ကျရောက်တတ်သော ပိုးမွှားအန္တရာယ်နှင့် စိုက်ခင်းများအတွင်း ကြွက်ကာကွယ်နှိမ်နင်းရေး နည်းလမ်းကောင်းများ၊ နေကြာစိုက်ပျိုးမှုနည်းလမ်းများ၊ တိရစ္ဆာန်များတွင် ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများ၊ ကာကွယ်ရမည့်နည်းလမ်း စသည့် သင်ခန်းစာများကို ကျွမ်းကျင်နည်းပြများက စာတွေ့၊ လက်တွေ့ နှစ်မျိုးဖြင့် ၁၅ ရက်ကြာ အခမဲ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

၂၂၂

# ပါကစ္စတန်သမ္မတဟောင်း မူရှာရက်ဖ် ကွယ်လွန်



**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၅**

အသက် ၇၉ နှစ် ရှိပြီဖြစ်သည့် ပါကစ္စတန်သမ္မတဟောင်း ပါဗက်မူရှာရက်ဖ် ယနေ့ ကွယ်လွန်သွားကြောင်း ဒေသန္တရ သတင်းများအရ သိရသည်။

သမ္မတဟောင်း မူရှာရက်ဖ်သည် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုအပြီး အကြမ်းဖက်ဝါဒကို တိုက်ဖျက်ရာတွင် အမေရိကန်နိုင်ငံကို ကူညီထောက်ပံ့ပေးခဲ့သူဖြစ်သည်။

မူရှာရက်ဖ်သည် ဒူဘိုင်းမြို့ရှိ ဆေးရုံတစ်ရုံတွင် ယနေ့ သေဆုံးသွားခဲ့ကြောင်း ပါကစ္စတန်နိုင်ငံပိုင် မီဒီယာနှင့် အခြားသတင်းရင်းမြစ်များက အတည်ပြုပြောကြားခဲ့သည်။

၁၉၉၉ ခုနှစ်တွင် မူရှာရက်ဖ်သည် ဝန်ကြီးချုပ်ဟောင်း နာဝတ်ဇ်ရှာရစ်ဖ်ထံမှ အာဏာသိမ်းယူခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် မူရှာရက်ဖ်သည် ပါကစ္စတန်သမ္မတဖြစ်လာသည်။

မူရှာရက်ဖ်သည် အကြမ်းဖက်ဝါဒ တိုက်ဖျက်ရာတွင် အမေရိကန်အား အပြည့်အဝ ပံ့ပိုးကူညီခဲ့သည်။ သမ္မတ မူရှာရက်ဖ်လက်ထက်တွင် ပါကစ္စတန်နိုင်ငံအတွင်းရှိ အယ်လ်ကိုင်ဒါ စစ်သွေးကြွများနှင့် အစ္စလာမ္မစ် အစွန်းရောက် အိုင်အက်စ် စစ်သွေးကြွအဖွဲ့များကို ထိရောက်စွာ နှိမ်နင်းခဲ့သည်။

သို့သော် သူ၏ပြင်းထန်သော နိုင်ငံရေး ရပ်တည်ချက်နှင့် လုံခြုံရေးအခြေအနေ မတည်မငြိမ်ဖြစ်လာမှုသည် ၂၀၀၈ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ၎င်းအား ရှုံးနိမ့်စေခဲ့သည်။ သူ့အား စွပ်စွဲပြစ်တင်ရန် တောင်းဆိုမှုများ မြင့်တက်လာသည့်အတွက် သမ္မတရာထူးမှ နုတ်ထွက်ခဲ့ရသည်။

မူရှာရက်ဖ်သည် နောက်ပိုင်းတွင် နိုင်ငံတော်သစ္စာဖောက်မှု စွဲချက်များနှင့် ရင်ဆိုင်ခဲ့ရသည်။ ဆေးဝါးကုသမှုခံယူရန် လိုအပ်သည်ဟု အကြောင်းပြကာ နိုင်ငံရပ်ခြားတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန်– အောင်ကျော်ကျော်**



# ဂျပန်နိုင်ငံ၌ ကိုဗစ်- ၁၉ ရောဂါကူးစက်မှုကြောင့် ၁၈၈ ဦး ထပ်မံသေဆုံး

**တိုကျို ဖေဖော်ဝါရီ ၅**

ဂျပန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့် ၁၈၈ ဦး သေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၆၉၄၇၇ ဦး ရှိကြောင်း သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၃၂၄၅၉ ဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၃၂၇၄၄၇၀၅ ဦးရှိကြောင်း သိရသည်။ ကိုဗစ်–၁၉ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၂၂၈၇ ဦးသည် မြို့တော် တိုကျိုမှ ဖြစ်ကြောင်း သိရသည်။ အဆိုပါရောဂါကြောင့် ထပ်မံသေဆုံးသူများအနက် ၁၈ ဦးသည် မြို့တော် တိုကျိုမှ ဖြစ်သည်။

မြို့တော်အတွင်း ရောဂါကူးစက်ခံရသူအရေအတွက်သည် လွန်ခဲ့သော ရက်သတ္တပတ်ကထက် ၁၁၄၀ လျော့ကျသွားကြောင်း သိရသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**




# တောင်ကိုရီးယားနိုင်ငံ၌ ငါးဖမ်းစက်လှေ တိမ်းမှောက်မှုကြောင့် ကိုးဦး ပျောက်ဆုံးနေ

**ဆိုးလ် ဖေဖော်ဝါရီ ၅**

တောင်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်း ကမ်းရိုးတန်းဒေသ ရေပိုင်နက်အတွင်း ဖေဖော်ဝါရီ ၄ ရက်နှောင်းပိုင်းက ငါးဖမ်းစက်လှေတိမ်းမှောက်မှုကြောင့် ငါးဖမ်းသမား ကိုးဦး ပျောက်ဆုံးနေကြောင်းနှင့် ပျောက်ဆုံးနေသူများအား တောင်ကိုရီးယားနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့က ရေယာဉ်များနှင့် လေယာဉ်များဖြင့် ယနေ့တွင် ရှာဖွေကယ်ဆယ်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ငါးဖမ်းစက်လှေတိမ်းမှောက်မှုသည် ဒေဘီချီကျွန်းအနီးရှိ ရေပိုင်နက်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ကုန်သင်္ဘောတစ်စင်းက ငါးဖမ်းစက်လှေပေါ်တွင်ပါရှိသူ သုံးဦးအား ရှာဖွေကယ်ဆယ်ထားကြောင်း အနောက်တောင်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သည့် မော့ပိုမှ ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

တန်ချိန် ၂၄ တန်ရှိသည့် စက်လှေသည် တိမ်းမှောက်မှုမဖြစ်ပွားမီကတည်းက စက်လှေ၏ အင်ဂျင်ခန်းအတွင်း ရေများ လျင်မြန်စွာ ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း ကယ်ဆယ်လွတ်မြောက်လာသူများက ပြောကြားသည်။ **ကိုးကား – စီအင်န်အေ**

**ဘာသာပြန် – အလင်းသစ်**

# အိန္ဒိယနိုင်ငံ ဘာသာရေးပွဲတော်တစ်ခု၌ လူအုပ်ပြိုကျမှုဖြစ်ပွား၊ အနည်းဆုံး လေးဦး သေဆုံး

**နယူးဒေလီ ဖေဖော်ဝါရီ ၅**

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးပြည်နယ်၌ ဘာသာရေးပွဲတော်တစ်ခုကျင်းပစဉ် လူအုပ်ပြိုကျမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လေးဦး သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ဒေသန္တရ အာဏာပိုင်များက ပြောကြားသည်။

တမီလ်နာဒူးပြည်နယ် တီရုပတ်သာခရိုင်တွင် ကျင်းပခဲ့သည့် ဘာသာရေး ပွဲတော်အတွင်း လူအုပ်ပြိုကျမှုကြောင့် သေဆုံးသူအများစုမှာ အမျိုးသမီးများဖြစ်ကြောင်း သိရသည်။



ထိခိုက်ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ပေးခဲ့သည်။

ပြည်သူ ၇၀၀ ဝန်းကျင် တက်ရောက်သည့် အဆိုပါဘာသာရေး ပွဲတော်အတွင်း အလှူရှင်များက အဝတ်အစားများ ဝေငှပေးရာတွင် စုပြုံတိုးကြရာမှ လူအုပ်ပြိုကျမှု ဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာ ရဲအရာရှိများက ဆိုသည်။

ခွင့်ပြုချက် ရယူထားခြင်းမရှိဘဲ အဆိုပါ ဘာသာရေးပွဲတော်ကို ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း ရဲအရာရှိများက ပြောသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# တရုတ်နိုင်ငံ ဖုန်းဈေးကွက်၌ ခေါက်ဖုန်းများ ရောင်းအား မြင့်တက်လာ

**ပေကျင်း ဖေဖော်ဝါရီ ၅**

တရုတ်နိုင်ငံ ဖုန်းဈေးကွက်၌ ခေါက်ဖုန်းများ၏ရောင်းအားမှာ ၂၀၂၂ ခုနှစ်အတွင်း သိသိသာသာမြင့်တက်လာကြောင်း အစီရင်ခံစာတစ်ရပ်အရ သိရသည်။

အဆိုပါဖုန်းများ၏ ရောင်းအားပမာဏသည် ယမန်နှစ်အတွင်း အလုံးရေ ၂ ဒသမ ၈၃ သန်းအထိ ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ရောင်းအားများ ပိုမိုတိုးတက်လာခဲ့ကြောင်း သုတေသနနှင့် အကြံပေးကုမ္ပဏီ CINNO Research ၏ အစီရင်ခံစာအရ သိရသည်။

အဓိက စမတ်ဖုန်းအမှတ်တံဆိပ် ခုနစ်မျိုးသည်လည်း ယမန်နှစ်အတွင်း ရောင်းအားများတိုးတက်လာကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။ အဆိုပါစမတ်ဖုန်းများ ရောင်းအားကောင်းလာခြင်းသည် တရုတ်နိုင်ငံတွင် ပြောင်းလဲလျက်ရှိသည့် အော်ဂဲနစ် အလင်းထုတ်လွှတ်သော လျှပ်စစ်မျက်နှာပြင်နည်းပညာများကြောင့်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**



# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်နေ အောင်ကျော်ဦး(ခ) ဝတုတ်နှင့် မုပ္ပန်ရပ်ကွက်နေ သော်သော်လွင်ဦး (ခ) သော်သော်တို့နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် "Aung Kyaw Oo" Facebook အကောင့်နှင့် "Thaw Thaw Lwin Oo" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကန်လျားရှည်ကျေးရွာနေ ဇော်ဖြိုးလွင်(ခ) မိုးဒီသည် ၎င်းအသုံးပြုသည့် "Ba Gyi Phyo" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သက္ကလမြို့ ရွှေပြည်အေးရပ်ကွက်နေ အိအိစံသည် ၎င်းအသုံးပြုသည့် "Ei Ei San" Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့ရှိ မြို့နယ်သစ်တောဦးစီးဌာနရုံးကို PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့မီးရှို့ဖျက်ဆီး

နေပြည်တော် ဖေဖော်ဝါရီ ၅

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့ရှိ မြို့နယ်သစ်တောဦးစီးဌာနရုံးကို ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လောင်းလုံးမြို့ရှိ မြို့နယ်သစ်တောဦးစီးဌာနရုံးသို့ ဖေဖော်ဝါရီ ၄ ရက် နံနက် ၂ နာရီခွဲခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ဝင်ရောက်လာပြီး ရုံးအဆောက်အအုံကို အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးသတ်ယာဉ် နှစ်စီးဖြင့်သွားရောက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ ၅၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ ထိုသို့ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် သွပ်မိုး၊ အုတ်ကာ ဆောက်လုပ်ထားသည့် ရုံးတစ်ထပ်အဆောက်အအုံ တစ်လုံး၊ ရုံးအတွင်းထားရှိသည့် ကွန်ပျူတာ နှစ်လုံး၊ ပရင်တာ သုံးလုံး၊ သစ်ဖြတ်စက်(Chain Saw) တစ်လုံးနှင့် ရုံးသုံးစာရွက်စာတမ်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထိုသို့ မြို့နယ်သစ်တောဦးစီးဌာနရုံးကို မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




# တာချီလိတ်နှင့် နောင်ချိုမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု နာတာလိကျေးရွာရှိ အားဂျူး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများရောင်းချပေးသူ စောလေးကပေါ်ထူးကို တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု နာတာလိကျေးရွာရှိ ၎င်း၏နေအိမ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



ခွန်ကျိန်၊ မဖြူသီ၊ သန့်ဇင်ထွန်းနှင့် မခင်ဝင်းရီတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီတွင် နောင်ချိုမြို့ ပါဟက်ရပ်ကွက်ရှိ အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ခွန်ကျိန်မောင်းနှင်ပြီး မဖြူသီ လိုက်ပါလာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နောင်ချိုမြို့ ပါဟက်ရပ်ကွက်ရှိ အိုရီယမ်တယ်တိုးဂိတ်အနီးတွင် သန့်ဇင်ထွန်းနှင့် မခင်ဝင်းရီတို့ကို ဆိုင်ကယ်တစ်စီးနှင့် အတူ မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ပဲခူးမြို့၌ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

ပဲခူး ဖေဖော်ဝါရီ ၅

ပဲခူးမြို့ မြို့တွင်းကြီးရပ်ကွက် ဘုန်းဝိဇ္ဇာလမ်းထိပ် ရွှေမော်ဓော ဘုရားမြောက်ဘက်မုခ် ဝန်ထမ်းအိမ်ရာလိုင်းခန်းတွင် ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၊ ခရိုင်မီးသတ်ဦးစီးမှူးရုံးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သွားရောက်ငြိမ်းသတ်ခဲ့ရာ ၉ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။

ဖြစ်စဉ်မှာ မြို့တွင်းကြီးရပ်ကွက် ပဲခူးမြို့နေသူ မသင်းသင်းဆင့် (၃၁)နှစ်က ဘိန်းမုန့်၊ မုန့်ပေါက်စီရောင်းရန် မုန့်ဖုတ်ပြီး မုန့်ရောင်းထွက်သွားရာ မီးသွေးမီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးဖိုအောက်ရှိ ကြမ်းပြင်သို့ မီးကူးစက်မီးလောင်ကျွမ်းခဲ့ကာ ပျဉ်ထောင်/ပျဉ်ခင်းနှစ်ခန်းတွဲ မီးလောင်းကျွမ်းခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ကျေးဇူးတရား

ချစ်နိုင်(စိတ်ပညာ)

### နိဒါန်း

အကယ်၍သာ စာဖတ်သူဟာ အရွယ်ရောက်ခဲ့ပြီးသား လူတစ်ယောက်ဆိုရင် ကိုယ်နှစ်သက်ခင်မင်တဲ့ မိတ်ဆွေအဖော်အပေါင်းတွေနဲ့ တရင်းတနှီး ထိတွေ့နေထိုင်ရတဲ့ဘဝဆိုတာ ပျော်ရွှင်သာယာ စိတ်ချမ်းသာစရာအကောင်းဆုံးအခြေအနေပဲလို့ပြောရင် ခံစားနားလည်မှာပါ။ ဟုတ်တာပေါ့၊ သေချာတာပေါ့လို့ ထောက်ခံကြမှာပါ။

စာရေးသူရဲ့ဘဝမှာ ကိုယ်လေးစားတန်ဖိုးထားတဲ့၊ ချစ်ခင်တဲ့မိတ်ဆွေတွေနဲ့ နေ့ပေါင်းရက်ပေါင်းများစွာ၊ လပေါင်း နှစ်ပေါင်းများစွာ အတူတကွ ရင်းရင်းနှီးနှီးနေခွင့်ရခဲ့တယ်ဆိုရင် မမှားပါဘူး။ ချစ်ရတဲ့မိတ်ဆွေတွေကတော့ ကျွန်တော်ရွေးချယ်ပေါင်းတဲ့သူတွေပါ။ လူချင်းတော့လည်း မဟုတ်ပါဘူး။ သူတို့ရေးခဲ့တဲ့လက်ရာစာအုပ်တွေပါ။ ကျွန်တော်က စာရူးပေရူးဆိုတော့ ဘဝတစ်လျှောက်လုံး အချိန်ရသမျှ စာအုပ်တွေနဲ့ပဲ ပျော်ပိုက်ခဲ့မိပါတယ်။ ကိုယ်နဲ့အံမကိုက်လို့ မကြိုက်တဲ့စာအုပ်ဆို မဖတ်ဘူးလေ။ ကိုယ်နဲ့စိတ်သဘောတိုက်ဆိုင်တာ များများပါလောက်ရင် ဖတ်ဖြစ်တယ်ပေါ့။ အသက်အရွယ်လိုက်လို့ အကြိုက်နဲ့ရွေးချယ်တာ ရွေ့လျားပြောင်းလဲလာတာတော့လည်း သဘာဝအလျောက် ရှိတော့ရှိတာပေါ့။ ဟာသဝတ္ထု၊ စွန့်စားခန်းဝတ္ထု၊ အထူးအဆန်းဝတ္ထု၊ အချစ်ဝတ္ထုတွေ ဖတ်လာခဲ့ရာက ဘာသာရပ်ဆိုင်ရာ၊ လူမှုရေးရာ၊ သမိုင်းဆိုင်ရာ၊ နိုင်ငံတကာဆိုင်ရာ၊ နိုင်ငံရေးဝါဒဆိုင်ရာ၊ ပုဂ္ဂိုလ်အတ္ထုပ္ပတ္တိဆိုင်ရာ၊ ပထဝီနိုင်ငံရေးဗဟုသုတတွေ ပိုမိုနှစ်သက်လေ့လာခဲ့တာရှိပါတယ်။ အာရုံပြောင်းလဲလာမိတာ ဝန်ခံရမှာပဲ။ ဘာပဲဖြစ်ဖြစ် စုံထောက်ဝတ္ထု၊ သူသျှိုဝတ္ထု၊ စွန့်စားခန်းနဲ့ လျှို့ဝှက်သည်းဖို၊ ထောက်လှမ်းရေးအကြောင်းအရာတွေကိုတော့ ငယ်ငယ်တုန်းကလည်း ကြိုက်ခဲ့စွဲခဲ့တယ်။ ယနေ့အချိန်ရောက်လာတော့လည်း နှစ်သက်သဘောကျနေဆဲပါပဲ။

ဖတ်ရင် တစ်ရက်တစ်အုပ်၊ စာအုပ်ထူထူ စာမျက်နှာ ၅၀၀ ကျော်လောက်ဆိုရင်တော့ နှစ်ရက်၊ သုံးရက်ပေါ့။ မိမိဟာစာဖတ်နှေးသူလည်း မဟုတ်၊ စာဖတ်မြန်သူလည်းမဟုတ်ပါ။ စာပေကို အရသာခံပြီး မှန်မှန်ဖတ်လေ့ရှိပါတယ်။ ခရီးသွားရင်လည်း ဖတ်နေဆဲစာအုပ်တစ်အုပ်၊ နှစ်အုပ်တော့ ယူသွားတတ်တယ်။ ဘဝမှာ စာအုပ်တွေက အဖော်မွန်ပါပဲ။ မိသားစုလိုပဲ ရင်းနှီးချစ်ခင်ပါတယ်။

### စာအုပ်

လတ်တလောစာရေးသူဖတ်ခဲ့မိတဲ့ စာအုပ်နဲ့ ဖတ်ရှုနေဆဲစာအုပ် လေး၊ ငါး၊ ခြောက်အုပ်ကို အလွယ်တကူစားပွဲပေါ်မှာရှိနေလို့ အမည်ပါဖော်ပြလိုက်မယ်နော်–

၁။ ရှားလော့ဟုမ်း၏ နောက်ဆုံးစွန့်စားခန်းအသစ်များ။ မောင်ထွန်းသူ (ဘာသာပြန်) ၂၆ ပုဒ်ပါဝင်တယ်။

၂။ မောဆက်(၂)။ အင်တက်ဘီ စစ်ဆင်ရေး၊ ဘေဘီလုံ စစ်ဆင်ရေးစသော ၁၉၇၃ နောက်ပိုင်း အစ္စရေး ထောက်လှမ်းရေးဖြစ်ရပ်များ။ တင်နွယ်မောင် (ဘာသာပြန်) ငါးပိုင်းပါဝင်တယ်။

၃။ သူလျှိုဖမ်းတဲ့သူလျှို။ ဒုမှူးကြီးအိုရက်စတီပင်တိုဖြစ်ရပ် မြသန်းတင့်(ဘာသာပြန်) ၂၀၂၂၊ ပထမအကြိမ် ငါးပုဒ်။

၄။ သူလျှိုဖမ်းတဲ့ သူလျှို။ ဒုမှူးကြီးအိုရက်စတီပင်တိုရဲ့ဖြစ်ရပ်မှန်ရှစ်ပုဒ်၊ ဒုတိယအကြိမ်၊ (ဘာသာပြန်) ဘသန်း (ဓမ္မိက)၊ ၁၉၇၆ ပထမအကြိမ်ထုတ်ခဲ့။ (စာအုပ်နာမည်နှင့် မူရင်းရေးသူတူပေမယ့် အတွဲမတူတဲ့ စာအုပ်နှစ်အုပ်ကို ဗိုလ်မှူးကြီးဘသန်းနဲ့ ဆရာကြီးမြသန်းတင့်တို့က ဘာသာပြန်ခဲ့ကြခြင်းပါ။ အကြောင်းအရာတွေ ကွဲပါတယ်)

၅။ စီးပွားဖျက်သူလျှို။ John Perkin ကိုယ်တိုင်သူလျှိုလုပ်ခဲ့သူတစ်ယောက်ရဲ့ ကိုယ်တွေ့ဖြစ်ရပ်မှန်စာအုပ်။ နေဇင်လတ် (ဘာသာပြန်)၊ ၂၀၂၂၊ ပထမအကြိမ်။

၆။ ဒေါက်တာဟင်နရီလီ ဖော်ထုတ်ခဲ့သောဖြစ်ရပ်မှန်မှုခင်းများ။ နိုင်းနိုင်းစနေ (ဘာသာပြန်)၊ ၂၀၁၇၊ (ပ)ကြိမ်။

### ဗဟုသုတ

ဒီစာအုပ်တွေ ဖတ်လို့ကောင်းတယ်၊ ဖတ်ဖို့ရာကောင်းတယ်လို့ ကြော်ငြာတာမဟုတ်ဘူးနော်။ စာအုပ်တစ်အုပ်ကောင်းတယ်၊ မကောင်းဘူးဆိုတာက စာဖတ်သူရဲ့ဉာဏ်ရည်အဆင့်၊ အတွေ့အကြုံ၊ အထုံဝါသနာ၊ အသက်အရွယ်၊ ကိုယ်ကျင်လည်ရတဲ့ ပတ်ဝန်းကျင်၊ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်စတဲ့ လူပုဂ္ဂိုလ်အလိုက် အကြိုက်စရိုက်အရ စာအုပ်တန်ဖိုးကို အကဲဖြတ်တာချင်း မတူညီနိုင်ကြပါဘူး။ ဒါကြောင့် မိမိဖတ်တဲ့စာအုပ်တိုင်းကို မညွှန်းဆိုပါ။ ယေဘုယျအနေနဲ့တော့ ဗဟုသုတအကြားအမြင်ကျယ်ရအောင် စာများများဖတ်ကြဖို့ရာကိုသာ အဆက်မပြတ်မေတ္တာရပ်ခံတိုက်တွန်းနေမိပါတယ်။ စာမဖတ်ဘဲ လူရာဝင်ချင်လို့တော့ မရတာအမှန်ပဲ။ စာများများဖတ်သူက စာမဖတ်သူတွေထက် ကောင်းချင်ကောင်းမယ်၊ ဆိုးချင်ဆိုးမယ်၊ ရှေ့ကိုကြိုတင် ပိုမြင်နိုင်စွမ်းရှိတာကတော့ သိသာတယ်။ စာကောင်းပေကောင်းတွေ ရွေးဖတ်ပြီးစာအုပ်ထဲက နည်းနာယူစရာတွေအတိုင်း လိုက်နာကျင့်သုံးရာမှာ ကိုယ်ကျင့်သီလ စာရိတ္တပါ ကောင်းမွန်အောင် တကယ်အသုံးချတဲ့ပုဂ္ဂိုလ်တွေဆိုရင်တော့ တော်လည်းတော်၊ ကောင်းလည်းကောင်း။ သူ့ကိုရပ်ရေး ရွာရေးမှာ တိုင်ပင်ဆွေးနွေးရင် အကျိုးရှိမယ့်အကြံကောင်းဉာဏ်ကောင်းတွေရပေမှာပေါ့။ အဲသည်လို ပုဂ္ဂိုလ်မျိုးတွေအတွက်က အလိမ္မာ စာမှာရှိဆိုတဲ့ ဆိုရိုးစကားက မှန်တာပေါ့။

### ပုံတူမကူးရ

စာအုပ်ထဲက စာတွေကို တစ်သဝေမတိမ်း အခြေအနေကို မစဉ်းစားမချင့်ချိန်ဘဲ မိတ္တူဆွဲ၊ ပုံတူကူးချတဲ့နည်းကလည်း လက်တွေ့ဘဝမှာ အံ့ချော်ကြတာအများကြီးပဲ။ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး နေရာတကာမှာ သမိုင်းတစ်လျှောက် သင်ခန်းစာတွေ အများကြီးရခဲ့ပြီးပါပြီ။ ဒီမိုကရေစီဆို ဒီမိုကရေစီပဲ။ ဒီမိုကရေစီဆိုတာ ဘယ်နှမျိုးရှိလေသလဲ။ ဘာမှမသိဘဲ ဒီမိုဆိုပြီးရော၊ ခရေဇီတွေဖြစ်နေခဲ့ကြတဲ့ ရောယောင်နောက်လိုက်၊ စွတ်စက်ရှေ့ဆက်၊ တကယ့်ပကတိလုပ်ရပ်တွေက ဒီမိုကရေစီရဲ့အနှစ်သာရသဘောဖြစ်တဲ့ ပြည်သူတွေရဲ့အကျိုးအတွက် ပြည်သူတွေရဲ့ဆန္ဒနဲ့ ကိုက်ညီတာတွေကို ပြည်သူရွေးချယ်လိုက်တဲ့သူတွေက ပြည်သူကို ကိုယ်စားပြု စီမံခန့်ခွဲတဲ့စနစ်မဟုတ်လား။

ဝါဒမဟုတ်ဘူး။ စနစ်ဖြစ်ပါတယ်။

တစ်ပါတီမဟုတ်ရဘူးနော်။ တစ်ဦးကောင်း တစ်ယောက်ကောင်း တစ်ပါတီအာဏာရှင်စနစ်မဖြစ်ရဘူးနော်။ ဒီမိုကရေစီက ပြည်သူရဲ့အကျိုးစီးပွားအတွက် အဓိကဦးထိပ်ထားပြီး ပြည်သူတွေရဲ့ လွတ်လပ်တဲ့သဘောထားအယူအဆတွေ (မတူတာရှိလည်း ရန်မလုပ်ရဘူး) အများဆန္ဒကို အနည်းစုက လိုက်လျောရတယ်။ မေတ္တာမပျက်ပါဘူး။ အများစုဆန္ဒ ထောက်ခံမှုရတဲ့အုပ်စုက လူနည်းစုကို ဗိုလ်မကျရဘူး။ အနိုင်မကျင့်ရဘူး။ တရားလက်လွတ်မဖိနှိပ်ရဘူး။ သတ်တာဖြတ်တာ မိုင်းထောင်၊ ဗုံးခွဲ၊ မီးရှို့တာတော့ ဝေးရော။

ငါတို့လိုချင်တဲ့ ဒီမိုကရေစီစနစ်ကို အခုတော့ ငါတို့ကိုယ်တိုင် ရန်သူအဖြစ်နဲ့ ဖျက်ဆီးမီးတိုက်၊ ပြည်သူတွေဆင်းရဲမွဲတေ၊ အတိဒုက္ခရောက်အောင် လက်နက်ကိုင်အနိုင်ကျင့်ပြီး ရက်ရက်စက်စက် မွှေနှောက်နေမိပြီလား။

စာတော့ဖတ်ချင်ဖတ်မယ်။ ဒီမိုကရေစီစနစ်က တော်တော်ကောင်းတာပဲ ပြောချင်ပြောခဲ့မယ်။ တကယ့်တကယ် လက်တွေ့မှာတော့ ဒီမိုကရေစီစနစ်အရ မဖြစ်မနေပြုလုပ်ရတဲ့ အထွေထွေရွေးကောက်ပွဲကိုတောင် မဖြစ်မနေ မပျက်ပျက်အောင် ဖျက်ဆီးမယ်တဲ့။ ကောင်းကြသေးရဲ့လား။

### မမိုက်သင့်ပေ

စာပေထဲမှာ အသိအလိမ္မာရှိပေမယ့် စာဖတ်ပြီး သိတယ်ဆိုစေဦး ခါးတောင်းကျိုက်တခြားတင်ပါးတခြားလုပ်ရင်း သမိုင်းက အမှားသင်ခန်းစာပေးတာ ခံကြရပေလိမ့်မယ်။ စာဖတ်ပြီးမသိရင်လည်း လွဲတာပဲ။

ဘာစာမှမဖတ်၊ ဘာဗဟုသုတမှမရှိ၊ ဘယ်သွားမိလို့ ဘယ်ခရီးပေါက်ပြီး ဘယ်အရပ်ရောက်မှာမှန်းလည်းမသိ၊ မိုက်မှားသူတွေကတော့ မှားပုံပိုဆိုးတာပေါ့။

မသိမှုကြောင့် ရွေးချယ်မှု လွဲမှားခဲ့တတ်တယ်။

> ❖ စာကောင်းပေကောင်းတွေ ရွေးဖတ်ပြီး စာအုပ်ထဲက နည်းနာယူစရာတွေအတိုင်း လိုက်နာကျင့်သုံးရာမှာ ကိုယ်ကျင့်သီလစာရိတ္တပါ ကောင်းမွန်အောင် တကယ်အသုံးချတဲ့ပုဂ္ဂိုလ်တွေဆိုရင်တော့ တော်လည်းတော်၊ ကောင်းလည်းကောင်း။ သူ့ကိုရပ်ရေးရွာရေးမှာ တိုင်ပင်ဆွေးနွေးရင် အကျိုးရှိမယ့်အကြံကောင်းဉာဏ်ကောင်းတွေရပေမှာပေါ့
>
> ❖ စာတော့ဖတ်ချင်ဖတ်မယ်။ ဒီမိုကရေစီစနစ်က တော်တော်ကောင်းတာပဲ ပြောချင်ပြောခဲ့မယ်။ တကယ့်တကယ်လက်တွေ့မှာတော့ ဒီမိုကရေစီစနစ်အရ မဖြစ်မနေပြုလုပ်ရတဲ့ အထွေထွေရွေးကောက်ပွဲကိုတောင် မဖြစ်မနေမပျက်ပျက်အောင် ဖျက်ဆီးမယ်တဲ့။ စာဖတ်ပြီး မသိရင်လည်း လွဲတာပဲ

အမှားလမ်းကြောင်းကို မဝေခွဲတတ်လို့ စွဲမက်လိုက်ပါသွားမိတတ်တယ်။ အချိန်မနှောင်းခင်ပြုပြင်နိုင်ဖို့ရာ တတ်နိုင်သမျှ အချိန်ပေးပြီး စိတ်ရှည်လက်ရှည် စောင့်မျှော်ကြိုဆိုဖိတ်ခေါ်ခဲ့ပါတယ်။

### အရွယ်ရဲ့ကောင်းခြင်း

အသက်အရွယ်နုနယ်ခြင်းက ခွန်အားသန်မာတောင့်တင်းသလို စိတ်ဓာတ်မြင့်မားထက်သန်ပြီး ကိုယ်လုပ်ရင် ဟန်ကျမှာပဲ။ ဘာလုပ်လုပ်အောင်မြင်မယ်ထင်မိတတ်တယ်။ စွန့်စားချင်တယ်။ သူရဲကောင်းလို့ အထင်ခံချင်တယ်။ အများထဲမှာ ထူးခြားပေါ်လွင်ချင်တယ်။ ကိုယ်စွမ်းပြချင်တယ်။ လူငယ်ရဲ့ သဘောသဘာဝတွေပေါ့။ ဒါက အပြစ်မဟုတ်။ မသိမမြင်ဘဲ စမ်းတဝါးဝါးလမ်းမှားမိရင်လည်း လွဲတတ်တာက လောကသဘာဝပါပဲ။

ဘာပဲဖြစ်ဖြစ် အချိန်အတိုင်းအတာနဲ့ နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားထိပါးနစ်နာမှုအတိုင်းအဆကိုတော့ ချင့်ချိန်ကြရပေလိမ့်မယ်။ သားအရွယ် သမီးအရွယ် လူငယ်တွေပဲလေ၊ မလိမ္မာလို့ တစ်ကြိမ်တစ်ခါ ခွင့်လွှတ်သည်းခံကြရမှာပေါ့ ဆိုပေမယ့် အကြိမ်ကြိမ်အခါခါ ဆိုးရွားမိုက်ကန်းလာရင်တော့ သူ့လမ်းသူသွားပါစေတော့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးတာကို ဘယ်သူမှမကယ်နိုင်ဘူးနော်။ ဘဝဆိုတာအပျော်သဘောလုပ်လို့မရ။ အပျော်လုပ်တာများသွားရင် အပျက်ဖြစ်သွားတတ်တယ်လေ။ တော်သင့်တဲ့အချိန်မှာ အမှားလား၊ အမှန်လား ကိုယ်တိုင်ခွဲခြားသိကြရမယ့်အချိန်ကို ရောက်နေခဲ့ပါပြီ။

### မှားခဲ့ဖူးတာပဲ

ဩော်… ဒီလိုပြောနေတဲ့စာရေးသူ နုပျိုငယ်ရွယ်စဉ်တုန်းကကော ဒီလိုနားယောင်စေတဲ့ ဆွဲဆောင်မှုတွေ မခံခဲ့ရဖူးဘူးလား။ ဘယ်လိုရင်ဆိုင်ခဲ့သလဲ။ ဘယ်ပုံဘယ်နည်းဖြတ်သန်းခဲ့သလဲ။

လမ်းလွဲတွေကို ဆွဲခေါ်နေတဲ့ဆွဲဆောင်မှုတွေ တွေ့ကြုံခဲ့ရတာပါပဲ။ ပြီးခဲ့ပြီးသား အတိတ်ကားချပ်တွေမှာ သူတစ်ပါးရဲ့အမှားအယွင်း၊ ချို့ယွင်းချက်၊ ချို့တဲ့မှုတွေကို အပြစ်တင်တဲ့သဘောနဲ့ ဘာမှမဖော်ပြ မပြောဆိုလိုပါ။ စာရေးသူရဲ့ ကိုယ်ခံအားရရှိစေခဲ့တာကတော့ စာသမားဆိုပေမယ့် စာကိုစုံအောင်ဖတ်တယ်။ နယ်ပယ်ကျယ်ပြန့်အောင်ဖတ်ပါတယ်။ အမေရိကန်သံရုံးကထုတ်တဲ့ မဂ္ဂဇင်းတွေ၊ စာစောင်တွေလည်းဖတ်တယ်။ ပီကင်းတို့၊ မော်စကိုတို့က စျေးချိုချိုနဲ့ ဝယ်လို့ရတဲ့စာအုပ်မျိုးစုံကိုလည်း ငှားလို့ရနိုင်သမျှငှား၊ ဝယ်လို့ရနိုင်တာဝယ်။ လေ့လာဆည်းပူးတယ်။ ပြည်တွင်းက စာရေးဆရာတွေကိုလည်း အုပ်စုမခွဲဘူး။ အလံနီသခင်စိုးအုပ်စုဘက်က ဆရာအောင်လင်းတို့၊ ဆရာမောင်ကိုယုတို့ စသဖြင့်လက်ဝဲစာရေးဆရာတွေ ရေးသမျှလည်း ဖတ်တာပဲ။ ဗမာပြည်ကွန်မြူနစ်ပါတီဘက်က လက်ဝဲဆွဲဆောင်မှုပါတဲ့ ဗန်းမော်တင်အောင်၊ သခင်မြသန်း၊ မောင်စူးစမ်း၊ အံ့မောင်၊ လူထုစိန်ဝင်း စတဲ့ဆရာသမားတွေရဲ့ စာတွေကိုလည်း မလွတ်တမ်းဖတ်တယ်၊ မှတ်တယ်။

ကြိုက်တာလည်းရှိမယ်၊ မကြိုက်တာလည်း ရှိချင်ရှိမယ်။ သူတို့ရေးသမျှအကုန်လုံး မှန်ကန်တာဖြစ်ရမယ်လို့တော့ တရားသေမစွဲယူဘူး။ ချင့်ချိန်သုံးသပ်ဝေခွဲပြီးမှ လက်ခံသင့်တာလက်ခံမယ်။

### မျှမျှတတမြင်ရ

ဆရာသိန်းဖေမြင့်၊ သခင်တင်မြ၊ မောင်ချစ်လှိုင် (ကိုကိုမောင်ကြီး) စတဲ့ဆရာတွေကိုလည်း အလားတူချစ်ခင်လေးစားပါတယ်။ တင့်တယ်၊ တက်တိုး၊ သာခ၊ ညိုမြ အစရှိတဲ့ဆရာတွေကိုလည်း

စာမျက်နှာ ၁၆ သို့ ✦

## ဖျာပုံတွင် လေးမြို့နယ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ကျင်းပ

**ဖျာပုံ ဖေဖော်ဝါရီ ၅**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား လေးမြို့နယ်ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဖျာပုံမြို့ အထက (၁)အောင်မြေခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စန္ဒာဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာနတာဝန်ရှိသူများ၊ လေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

၂၀၇

## ပေါက်တောမြို့နယ်၌ ပြိုင်းတောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဖွင့်ပွဲ ကျင်းပ

**ပေါက်တော ဖေဖော်ဝါရီ ၅**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့နယ် ပြိုင်းတောင်ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဆင့်မှ အခြေခံပညာ အထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပသည်။



ရှေးဦးစွာ ရခိုင်မင်္ဂလာစည်တော်တီးပြီး ပြည်နယ်ပညာရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ဝင်းလှိုင်၊ ခရိုင်ပညာရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလှိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးအေးသိန်းတို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်နယ်ပညာရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ဝင်းလှိုင်၊ ခရိုင်ပညာရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလှိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးအေးသိန်းတို့က အမှာစကားပြောကြားပြီး တာဝန်ခံကျောင်းအုပ်ဆရာကြီး ဦးလှထွန်းမြင့်က ကျောင်းသမိုင်းအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါဖွင့်ပွဲသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊မိဘပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စုံညီစွာ တက်ရောက်အားပေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

✦ စာမျက်နှာ ၁၅ မှ

တစ်အုပ်မကျန်ရှာဖွေပြီးဖတ်တာပဲ။ ကောင်းတာတွေရေးနိုင်လို့ စာဖတ်ပရိသတ်က အသိအမှတ်ပြုခဲ့ကြတာလေ။ အနီးအဝေး၊ အနိမ့်အမြင့်တွေ အချိန်ကာလနဲ့အမျှ ဖြစ်ပေါ်ပြောင်းလဲသွားတာ ရှိကောင်းရှိမယ်။ အိမ်ဦးခန်းမှာ ရိုရိုသေသေဦးထိပ်ထားပါတယ်။

မိမိအထက်တန်းကျောင်းသားဘဝမှာ စာရေးဆရာဗိုလ်မြင့်ဘာသာပြန်ခဲ့တဲ့ 'စပိုင်' စာအုပ်အတွဲဟာ စိတ်ထဲမှာတော်တော်စွဲခဲ့တယ်။ စပိုင်အမှတ် (၁) မှသည် အမှတ် (၆) အထိ သဲသဲမဲမဲ စိတ်ဝင်တစား ဖတ်ခဲ့ရတာ သတိရတယ်။ ထမင်းမေ့ ဟင်းမေ့ဖတ်တယ်။ ညဥ့်နက်သန်းခေါင်အထိ လက်ကမချနိုင်ဘဲ ဖတ်ခဲ့တယ်။ ဖြစ်ရပ်မှန်သူလျှိုဇာတ်လမ်းအမျိုးမျိုးပါ။ ဖြစ်ရပ်မှန်ဘာသာပြန်တွေ။

စာရေးဆရာဗိုလ်မြင့်ကို မိမိက ချစ်ခင်လေးစားလို့ နှစ်ဆယ်ရာစုစာဆိုစစ်သည် စာအုပ် (၂) တွဲ စုဆောင်းပြုစုကြရာမှာ ပါနိုင်အောင်ရှာဖွေပေမယ့် ကိုယ်ရေးရာဇဝင်ကော၊ စာစုစာရင်းကော မရရှိခဲ့ပါ။ မမျှော်လင့်ဘဲ ဂျာနယ်တစ်စောင်ထဲမှာ ဆရာဗိုလ်မြင့် (၁၉၂၇-၂၀၀၃) အကြောင်းကို တော်တော်လေး ပြည့်ပြည့်စုံစုံဖတ်ရှုရလို့ ဝမ်းသာအားရ ဖြတ်ပြီးသိမ်းထားခဲ့ပေမယ့် နှစ် ၂၀ လောက်ကြာပြီမို့ ယခုအခါ ရှာလို့မတွေ့တော့ပါ။ ပျဉ်းမနားမြို့နယ် လမ်းပျဉ်းမနားရွာဇာတိလို့ သိရတယ်။

ဆရာဗိုလ်မြင့်(ဘာသာပြန်)ရေးခဲ့တဲ့ စပိုင်စာအုပ်အမှတ်(၁)မှ(၆)အထိကို အထက်တန်းကျောင်းသားဘဝက စာအုပ်အငှားဆိုင်က ဖတ်ခဲ့ရဖူးတယ်။ ထုတ်ဝေသူက အေးမြင့်စာပေလို့ မှတ်တာပဲ။ နှစ်ကျပ်တန်၊ သုံးကျပ်တန် ဝတ္ထုအရွယ်စာအုပ်မျိုးပါ။ တပ်မတော်မှာ ဗိုလ်ကြီးအဆင့်အထိ တာဝန်ထမ်းခဲ့ဖူးပြီး ဝတ္ထုတွေကလည်း တိုက်ကင်း၊ တပ်တော်ဦးဆီ၊ အသက်ကိုနှင်း၍၊ မုန်တိုင်းစဲလေသော် စတဲ့ထင်ရှားပါတယ်။ ဆရာ့ဝတ္ထုတွေကို မင်းသားရွှေဘပါဝင်တဲ့ ရုပ်ရှင်ဇာတ်ကားတွေလည်း ရိုက်ကူးခဲ့ပါတယ်။

စပိုင်စာအုပ်က အမှတ်(၈) အထိ ထွက်ရှိခဲ့သလိုလိုပဲ။ မသဲကွဲတော့ဘူး။ ခြောက်အုပ်သာ ဖတ်ဖူးပါရဲ့။

**နီဂိုး**

စာရေးသူ၊ စစ်မှုထမ်းခဲ့သူ၊ ပြန်ကြားရေးဌာနမှာ ဝန်ထမ်းအကြီးအမှူး လုပ်ခွင့်ရခဲ့သူအဖြစ် တာဝန်ကိုချောမောအောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့တာက စာဖတ်ခဲ့လို့ပါ။ တိတိကျကျ လေးလေးနက်နက် အမှတ်တရဖော်ပြရရင် ဆရာဗိုလ်မြင့်ရဲ့ စပိုင် (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) နဲ့(၆) ကမ္ဘာမှာ မျက်ခုံးပေါ်စကြိုးလျှောက်နေကြတဲ့ လူတော်လူချွန်လူလည်ကြီးတွေအကြောင်း အနီးကပ် (ဘာသာပြန်) လေ့လာမှတ်သားခွင့်ရခဲ့တဲ့ ကျေးဇူးတရားပါ။ ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၃၀ | ၂၁၈၀ | ၂၁၇၀ | ၂၁၄၀ | ၂၁၇၅ | ၂၂၀၀ | ၂၁၈၅ | ၂၁၆၅ | ၂၂၆၀ | ၂၂၇၅ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၁၅ | ၂၂၂၀ | ၂၄၄၅ | ၂၉၀၀ |
| 95 Ron | ၂၁၉၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၀ | ၂၂၆၅ | ၂၂၅၀ | ၂၂၃၀ | ၂၃၂၅ | ၂၃၄၅ | ၂၂၃၅ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၁၅ | ၂၉၈၀ |
| HSD (500 ppm) | ၂၂၇၀ | ၂၃၁၅ | ၂၃၁၅ | ၂၂၇၅ | ၂၃၁၅ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၄၂၀ | ၂၄၁၅ | ၂၃၀၅ | ၂၃၂၀ | ၂၃၅၅ | ၂၃၅၅ | ၂၃၅၅ | ၂၅၈၅ | ၃၅၀၀ |
| HSD (50 ppm) | ၂၃၅၀ | ၂၃၉၅ | ၂၃၉၅ | ၂၃၅၅ | ၂၃၉၅ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၀ | ၂၅၀၀ | ၂၄၉၅ | ၂၃၈၅ | ၂၄၀၀ | ၂၄၃၅ | ၂၄၃၅ | ၂၄၃၅ | ၂၆၆၅ | ၃၅၃၀ |
| HSD (10 ppm) | ၂၃၅၀ | ၂၃၉၅ | ၂၃၉၅ | ၂၃၅၅ | ၂၃၉၅ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၀ | ၂၅၀၀ | ၂၄၉၅ | ၂၃၈၅ | ၂၄၀၀ | ၂၄၃၅ | ၂၄၃၅ | ၂၄၃၅ | ၂၆၆၅ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၂၁ | ၂၀၉၅ |
| 95 Ron | ၂၀၈၅ | ၂၁၆၀ |
| HSD (500 ppm) | ၂၁၅၈ | ၂၂၃၁ |
| HSD (50 ppm) | ၂၂၃၂ | ၂၃၀၆ |
| HSD (10 ppm) | ၂၂၃၂ | ၂၃၀၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဖွံ့ဖြိုးရှင်သန်လှပ မဲနယ်တောင်တန်းဒေသ(၁)

**ဝထကလသ (နတလ)**



မဲနယ်တောင် သို့မဟုတ် လွယ်မိုင်းတောင်တန်းအလှ။

### တာဆွတ်တိန်း

"တာဆွတ်တိန်း" ကူးတို့ဆိပ်သည် နမ့်တိန်းချောင်းနှင့် သံလွင်မြစ်တို့ ဆုံရပ်ဖြစ်၏။

နမ့်တိန်းချောင်းသည် လင်းခေးမြို့နယ်ကို ဖြတ်သန်းစီးဆင်း၍ တာဆွတ်တိန်းဆိုသောအရပ်၌ "သံလွင်မြစ်" အတွင်းသို့ စီးဝင်သည်။ နမ့်တိန်းချောင်းရေတို့သည် အဝါရောင်ဖြစ်ပြီး သံလွင်မြစ်ရေသည် အဖြူရောင်ဖြစ်၏။ အဝါရောင်နှင့် အဖြူရောင်ရေအလျဉ်တို့သည် စတင်တွေ့ဆုံရာအရပ်၌ အရောင်တစ်ကန့်စီ ကွဲနေကြသေး၏။ သို့သော် ထိုချောင်းရေနှင့် မြစ်ရေတို့သည် တစ်မိုင်ခန့်အရောက်တွင် တစ်ပေါင်းတည်း ပေါင်းစည်းသွားပြီး အေးချမ်းခြင်းသင်္ကေတအဖြစ် တငြိမ့်ငြိမ့်နှင့် ကြည်လင်တောက်ပစွာ တစ်ရောင်တည်း တစ်သွေးတစ်သားတည်း ဆက်လက်စီးဆင်းသွားလေ၏။ ပြည်ထောင်စုမြစ်တစ်စင်းသည် ရှမ်းပြည်နယ်မှ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့ကို ဖြတ်သန်းလျက် မုတ္တမပင်လယ်ကွေ့သို့ စီးဝင်ကြပေလိမ့်မည်။

၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံးပတ်၏ တစ်ရက်တွင် ထိုတာဆွတ်တိန်းကူးတို့ဆိပ်၌ တစ်ညတာ စခန်းချရပ်နားခဲ့ဖူးသည်။ အရှေ့အနောက်တောင်မတ်မတ်တို့ ဝန်းရံနေသော သဲသောင်ပြင်၌ ချောင်းရေနှင့် မြစ်ရေပူးပေါင်းသံ တဝုန်းဝုန်း၊ သံလွင်မြစ်ရေစီးသံ၊ တောတောင်တို့၏ သစ်ရွက်လှုပ်ခတ်သံ၊ သားကောင်ကြီးငယ်တို့၏ ပြေးလွှားအော်မြည်သံတို့ကို ဂီတသံစဉ်အဖြစ် ခံစားခဲ့ရသည်ကို အမှတ်ရနေဆဲဖြစ်၏။ စာရေးသူပါဝင်သော တပ်မတော်စစ်ကြောင်းသည် မိုးနဲ၊ လင်းခေးနှင့် မောက်မယ်နယ်မြေမှ ဆီဆိုင်နယ်မြေအတွင်းသို့ နယ်မြေစိုးမိုးရေး တာဝန်ဖြင့် လှုပ်ရှားချီတက်ခဲ့ကြခြင်းဖြစ်သည်။ စစ်ကြောင်းသည် ညအိပ်ပြီး နောက်တစ်ရက် ဖေဖော်ဝါရီ နေပူကျဲကျဲတွင် သံလွင်ကမ်းခြေမှ "လွယ်မောတောင်ကြော"၏ မတ်စောက်မြင့်မားသော တောင်နံရံတို့ကို စတက်ရင်း ခရီးပြင်းနှင်ခဲ့ကြရပြန်သည်။

ပေ ၇၀၀၀ ကျော်ခန့်မြင့်သောတောင်ကြောသို့ တစ်ခါတစ်ရံ ၄၅ ဒီဂရီ၊ တစ်ခါတစ်ရံ ၆၀ ဒီဂရီခန့် အစောင်းရှိသည့် တောင်စောင်းတစ်လျှောက် တက်ကြရ၏။ အတက်ကြမ်းလေစွ။ တစ်ခါတစ်ရံ ခပ်ပြေပြေ လျှောက်ကြရ၏။ လမ်းတစ်လျှောက် လေတိုက်လိုက်တိုင်း လေနှင့်အတူ ဝေ့ဝေ့ဝဲဝဲ ပြန့်ကြဲနေသော ရွက်ကြွေတို့ကို နင်းလျှောက်ရ၏။ တဖြည်းဖြည်း မြင့်တက်လာသည်နှင့်အမျှ သံလွင်မြစ်သည် မြင်ကွင်းမှ ပျောက်ကွယ်ခဲ့လေပြီ။ ကျေးရွာမရှိ၊ ရေမရှိ၊ လူသွားလမ်းကြောင်းသာရှိ၏။ ထင်းရှူးတောတို့က မြင့်မားစိမ်းလန်းနေလေ၏။ ထင်းရှူးရွက် လေတိုးသံတရှဲရှဲ၊ ထင်းရှူးသီးတဖြုတ်ဖြုတ် ကြွေကျသံတို့ကို ခံစားရင်း ကျောက်တောင်၊ ကျောက်တုံး တောင်စွန်းများပြည့်နှက်နေသော အကွေ့အကောက်များနှင့် မတ်စောက်ပြီး ကျဉ်းမြောင်းလွန်းလှသည့် တောင်ကြောတို့ကို ဖြတ်သန်းရ၏။

ထိုနေ့ နံနက်ပိုင်း ၁၀ နာရီခန့်မှစ၍ တောင်ကြောသို့ တက်ခဲ့ရာ ည ၁၀ နာရီခန့်မှ တောင်ကြောပေါ်သို့ ရောက်တော့၏။ စခန်းချကြသည်။ ညစာငတ်၏။ ရေပြတ်၏။ စစ်သည်တော်တို့ ရေဆာသောဒဏ်ကို တစ်ညလုံး အလူးအလဲခံရ၏။ မိမိတံတွေး မိမိတို့ မျိုချကြရ၏။ နောက်တစ်နေ့ တောင်ကြောပေါ်မှ တောင်အောက်သို့ ဆင်းရပြန်၏။ ထိုထင်းရှူးတောလမ်းဘေးကနေ အောက်ဘက်တောင်ခြေရှုခင်းလယ်ကွင်းများရှိသော လွင်ပြင်တချို့ကို လှမ်း၍မြင်ရ၏။ သာယာအေးချမ်းသည့် မြင်ကွင်းများပင်ဖြစ်ပေ၏။ နံနက် ၁၁ နာရီကျော်ခန့်တွင် တောငှက်ပျောတောတစ်အုပ်ကို ဖြတ်သန်းရ၏။ ရေဆာနေသော စစ်သည်တော်တို့သည် ငှက်ပျောပင်ကို ခုတ်ကြ၍ ငှက်ပျောအူတိုင်ကို ရေဆာပြေ စုပ်ကြ၏။ အနီးအနားရှိ ရွှံ့အိုင်ထဲမှ ပိုးမွှားများပြည့်နေသည့် ရေနောက်နောက်တို့ကိုလည်း အငမ်းမရ လက်ခုပ်ဖြင့် ယူ၍သောက်ကြရ၏။

ဤသို့ မဲနယ်တောင်တန်းများ၏ မှတ်မှတ်ရရ စတင်ကြိုဆိုမှုကို တစ်ဘဝစာ မမေ့နိုင်ခဲ့ပေ။ တောင်တက်ခရီးသွားဖူးသမျှထဲမှာ အပင်ပန်းဆုံးဖြစ်ခဲ့သည်။ သို့သော် ပြန်လည်စိတ်ကူးမိလေတိုင်း ထည်ဝါလှသည့် မဲနယ်တောင်တန်း၏ သင်းပျံ့သည့်ရနံ့ကို ခံစားရပြန်ပါသည်။ ပျင်းရိခြောက်သွေ့သော နေ့ရက်တို့သည် တောင်တန်းများကြောင့် ပိုမိုခမ်းနားခဲ့သည်ဟုလည်း ထင်မိပြန်သည်။

**"တောင်စွယ်တန်းတန်း၊ တောလမ်းကွေ့ကွေ့**
**တက်လမ်းမတ်မတ်၊ ဆင်းလမ်းစောက်စောက်**
**ကျောက်လမ်းကျဉ်းကျဉ်း၊ လှရှုခင်းနှင့်**
**သည့်ထင်းရှူးတော၊ မြစိမ်းကြောမှ**
**မတ်စောက်မြင့်ခေါင်၊ အို...... မဲနယ်တောင်**
**ပြာမှောင်မည်းဘိ၊ ထည်လွန်းဘိလည်း**
**အဆင်းလည်းမမှု၊ အမြင့်လည်းမကြောက်**
**ငါတို့လက်မမြှောက်၊**
**ဒူးမထောက်ခဲ့...**"ဟု ရင့်ကျူးမိခဲ့ပါသေးသည်။

### မဲနယ်တောင်တန်း

ကျွန်တော်တို့ ဖြတ်သန်းခဲ့ကြသည့် "လွယ်မောတောင်တန်း"သည် မိုင် ၃၀ ခန့် ရှည်လျား၏။ လွယ်မောတောင်တန်းနှင့် မဲနယ်တောင်တန်းတို့သည် တစ်ဆက်တစ်စပ်တည်းတည်ရှိ၏။ မဲနယ်တောင်တန်းသည် ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်ဧရိယာအတွင်း တည်ရှိသည်။ တောင်မြောက်သွယ်တန်းလျက်ရှိ၏။ အလျားမိုင် ၃၀ ခန့်၊ အနံ ၁၂ မိုင်ခန့်နှင့် အမြင့်ပေ ၇၀၀၀ ခန့် ရှိလေသည်။ တောင်ဇလပ်ပန်းများပွင့်သည့် အမြင့် ၈၂၆၃ ပေရှိ လွယ်မိုင်းတောင်သည် အမြင့်ဆုံးဖြစ်သည်။

မဲနယ်တောင်ဝန်းကျင်၌ ဖက်ရမ်းကျေးရွာအုပ်စု၊ စံဖူးကျေးရွာအုပ်စု၊ နောင်လိုင်ကျေးရွာအုပ်စုနှင့် နားခိုက်ကျေးရွာအုပ်စု စသည့် ကျေးရွာအုပ်စုလေးစုရှိသည်။ ပအိုဝ်းလူမျိုးများ နေထိုင်ကြပြီး ကျေးရွာပေါင်း ၅၈ ရွာ၊ အိမ်ခြေပေါင်း ၄၉၂၂ အိမ်နှင့် လူဦးရေ ၂၆၀၀၀ နီးပါး နေထိုင်ကြလေသည်။

မြင့်မားသောတောင်တန်း၊ တောင်သွယ်၊ တောင်လက်မောင်းများဖြင့် ဆောင်းတွင်းကာလတွင် အအေးဒဏ်လွန်ကဲသည့် ရာသီဥတုရှိလေသည်။ ဆောင်းတွင်းဖြစ်သော်လည်း မိုးက ရွာချတတ်ပြန်သေးသည်။ သို့သော် သဘာဝတောင်တန်း၊ သစ်တောအလှအပများ၊ ရိုးသားမှုအပြည့်နှင့် ရွာလေးများဖြင့် အေးချမ်းသာယာလှပသော ဒေသတစ်ခုဟု ဆိုရပေမည်။

### လက်နက်ကိုင်လမ်းစဉ်၏ဆိုးကျိုး

ဤဒေသသည် တစ်ချိန်က ဘိန်းခင်းများစွာရှိခဲ့ဖူးသော ဒေသဖြစ်ခဲ့၏။ ဤဒေသ၌ စစ်ပွဲတို့၏ အနိဋ္ဌာရုံဖြစ်သော တိုက်ပွဲတို့၏ပစ်ခတ်သံများ၊ ပေါက်ကွဲသံများ၊ ဒဏ်ရာရသူတို့၏ ညည်းတွားသံများ၊ အောင်ပွဲရသူတို့၏ ကြိမ်းဝါးသံများ၊ ဆုံးရှုံးသူတို့၏ ကြေကွဲသံများ၊ ဒေသခံများ၏အပူမီးများသည် မဲနယ်တောင်တန်းဒေသရင်ခွင်တွင် ပွဲတင်ထပ်ခဲ့ဖူးသည်။

တာဆွတ်တိန်းကူးတို့ဆိပ်နှင့် နောင်ထော်ရွာ (Nawngtaw)သည် ၄၅ မိုင်ခန့် ကွာဝေးသည်။ စာရေးသူတို့စစ်ကြောင်းသည် ဆီဆိုင်နယ်မြေတွင် လှုပ်ရှားရင်း ၁၉၈၃ ခုနှစ် မတ်လ ၂ ရက်နေ့ တောင်သူလယ်သမားနေ့တွင် ပွန်ချောင်းအရှေ့ခြမ်း ကဒူးကြီး၊ ကဒူးလေးဒေသ ဦးတာကလယ်၏ မွေးရပ်မြေဖြစ်သော "နောင်ထော်" ရွာအဝင် ပွန်ချောင်းအတက်ကွမ်းသီးတော၌ ညတိုက်ပွဲ ပြင်းထန်စွာဖြစ်ခဲ့ဖူးသည်။

ဟဲဟိုးအခြေစိုက် ခြေမြန်တပ်ရင်းနှင့် ဦးတာကလယ်၏ ရလလဖ(အနီ)၊ သံလွင်မြစ်အရှေ့ခြမ်းရှိ ဗကပကော်(၈၁၅) တိုက်ခိုက်ရေးတပ်တို့ ပူးပေါင်းထားသောတပ်များ၏ ရင်ဆိုင်တိုက်ပွဲဖြစ်သည်။ ရန်သူသည် မိမိတို့ထက် အင်အားနှစ်ဆခန့်သာသည်။

ထိုထိတွေ့မှုတွင် တပ်မတော်သားအချို့သည် နိုင်ငံတော်၏ နယ်မြေစိုးမိုးရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်ရင်း အသက်ခန္ဓာ စွန့်လွှတ်ခဲ့ရသည်။ အချို့ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ စစ်ပွဲဆိုသည်မှာ ပန်းနှင့်ပေါက်ခြင်းမဟုတ်၊ ခဲတံနှင့်ရေးခြစ်ခြင်းမဟုတ်သည့်အတွက် တစ်ဖက်အဖွဲ့များသည်လည်း ထိခိုက်ဒဏ်ရာရ ကျဆုံးမှုများစွာရှိခဲ့လေသည်။ "စစ်" ကြောင့် နိုင်ငံတော်၏ အနာဂတ် အပင်၊ အရွက်၊ အသီးတို့ ကြွေခဲ့ကြရသည်။

နယ်ချဲ့တို့၏ အမွေဆိုးများဟုပင် ဆိုရပေမည်။ သူတို့သည် တောင်ပေါ်မြေပြန့် သွေးခွဲအုပ်ချုပ်ခဲ့ကြသည်။ ဒေသတစ်ခုနှင့်တစ်ခု မတူညီသော အုပ်ချုပ်ပုံစနစ်များ ကျင့်သုံးခဲ့ကြသည်။ ဘိန်းစိုက်ပျိုးခြင်းကို နည်းလမ်းပြခဲ့သည်။ ထိုအမွေဆိုးကို "ဗကပ" က ဆက်ကျင့်သုံးသည်။

**ပေ ၇၀၀၀ ကျော်ခန့်မြင့်သောတောင်ကြောသို့ တစ်ခါတစ်ရံ ၄၅ ဒီဂရီ၊ တစ်ခါတစ်ရံ ၆၀ ဒီဂရီခန့် အစောင်းရှိသည့် တောင်စောင်းတစ်လျှောက် တက်ကြရ၏။ အတက်ကြမ်းလေစွ။ တစ်ခါတစ်ရံ ခပ်ပြေပြေလျှောက်ကြရ၏။ လမ်းတစ်လျှောက် လေတိုက်လိုက်တိုင်း လေနှင့်အတူ ဝေ့ဝေ့ဝဲဝဲပြန့်ကြဲနေသော ရွက်ကြွေတို့ကို နင်းလျှောက်ရ၏။ တဖြည်းဖြည်း မြင့်တက်လာသည်နှင့်အမျှ သံလွင်မြစ်သည် မြင်ကွင်းမှ ပျောက်ကွယ်ခဲ့လေပြီ။ ကျေးရွာမရှိ၊ ရေမရှိ၊ လူသွားလမ်းကြောင်းသာရှိ၏။ ထင်းရှူးတောတို့က မြင့်မားစိမ်းလန်းနေလေ၏**



ကျောက်ကျချားကျေးရွာ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိမှု။

စာမျက်နှာ ၁၈ သို့

# (၅၇)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် -၂၀၂၃ နှင့်ဆက်စပ်၍ အာဆီယံ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်း အဝေးများကို အင်ဒိုနီးရှားနိုင်ငံက ဖေဖော်ဝါရီ ၂ ရက်မှ ၃ ရက်အထိ ဂျော့ဂျကာတာမြို့ရှိ Marriot ဟိုတယ်၌ In Person စနစ်ဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။




**တက်ရောက်**

အဆိုပါအစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခရီး သွားလုပ်ငန်း အာဏာပိုင်အဖွဲ့ ခေါင်းဆောင်များ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယနှင့် ရုရှား ဖက်ဒရေးရှင်းနိုင်ငံတို့မှ ခရီးသွား လုပ်ငန်း အာဏာပိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ အာဆီယံ-တရုတ်ဗဟိုဌာန၊ အာဆီယံ-ဂျပန် ဗဟိုဌာန၊ အာဆီယံ-ကိုရီးယား ဗဟိုဌာနတို့မှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက် ရောက်ကြပြီး မြန်မာနိုင်ငံမှ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ ခေါင်းဆောင်၊ ဟိုတယ်နှင့် ခရီးသွား လာရေးဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင် မောင်ကျော် ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ ပါဝင် တက်ရောက်သည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂ ရက်တွင် (၅၇)ကြိမ် မြောက် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းအဝေးကို လည်းကောင်း၊ ဖေဖော်ဝါရီ ၃ ရက် တွင် (၄၂)ကြိမ်မြောက် အာဆီယံ+၃ (တရုတ်၊ ဂျပန်၊ ကိုရီးယား) ခရီး သွားလုပ်ငန်း အာဏာပိုင်အဖွဲ့ အစည်းအဝေး၊ (၂၉)ကြိမ်မြောက် အာဆီယံ+အိန္ဒိယ ခရီးသွားလုပ်ငန်း အဖွဲ့အစည်းအဝေးနှင့် (၁၃)ကြိမ် မြောက် အာဆီယံ+ရုရှား ခရီးသွား လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ သို့ ပါဝင်တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးများတွင် အာဆီယံခရီးသွားလုပ်ငန်း မဟာ ဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၅) အရ အာဆီယံဒေသတွင်း လူ့စွမ်း အားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက် ရေး၊ သတင်းအချက်အလက်မျှဝေ ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ပြည်သူအချင်းချင်း ကူးလူးဆက် သွယ်ရေး၊ အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းများ ပြန်လည် ထူထောင်ရေး၊ ဘေးကင်းလုံခြုံ၍ အရည်အသွေးပြည့်ဝသော ခရီးသွား လုပ်ငန်းများ ပြန်လည်ဦးမော့လာ စေရေးအတွက် သက်ဆိုင်ရာ ဦးဆောင်နိုင်ငံများက ၂၀၂၂ ခုနှစ် အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့မှုအခြေအနေ များနှင့် ၂၀၂၃ ခုနှစ်အတွင်း ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးညှိနှိုင်း သည်။

ထို့အတူ အာဆီယံဗဟိုဌာနများ ဖြစ်သည့် အာဆီယံ-တရုတ်ဗဟို ဌာန၊ အာဆီယံ-ဂျပန်ဗဟိုဌာန၊ အာဆီယံ-ကိုရီးယားဗဟိုဌာနများ အပါအဝင် အာဆီယံမိတ်ဖက်နိုင်ငံ များဖြစ်သည့် အာဆီယံအပေါင်း တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများ၊ အာဆီယံအပေါင်း အိန္ဒိယနိုင်ငံ၊ အာဆီယံအပေါင်း ရုရှားဖက်ဒရေး ရှင်းနိုင်ငံများနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု မူဘောင် များအလိုက် ဒေသတွင်းခရီးသွား လုပ်ငန်းများ ဘေးကင်းလုံခြုံစွာဖြင့် ပြန်လည်ထူထောင်ရာတွင် အတွေ့ အကြုံကောင်းများနှင့် သတင်း အချက်အလက်များ အပြန်အလှန် ပြန်လည်မျှဝေခြင်း၊ လူသားအရင်း အမြစ်များ ပြန်လည်ဖွံ့ဖြိုးတိုးတက် အောင်စီမံဆောင်ရွက်ခြင်း၊ ပူးပေါင်း ဈေးကွက်မြှင့်တင်ရေးနှင့် ခရီးသွား လုပ်ငန်းရေရှည်တည်တံ့ခိုင်မြဲရေး ပူးပေါင်းဆောင်ရွက်ခြင်း ရှေ့ဆက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ် များကို ဆွေးနွေးညှိနှိုင်းခြင်းများကို ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင် ရွက်မှု လုပ်ငန်းစဉ်များအနက် ဦးဆောင်နိုင်ငံအဖြစ် အကောင် အထည်ဖော်ဆောင်ရွက်ခဲ့သည့် အာဆီယံ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ အပြန် အလှန်အသိအမှတ်ပြုရေးအစီအစဉ် (ASEAN MRA-TP)အရ အလုပ် အကိုင် အမျိုးအစားများနှင့် ကျွမ်းကျင်မှု အဆင့်အလိုက် ကျွမ်းကျင်မှုစံနှုန်းများ စုဖွဲ့ခြင်းနှင့် အဓိကတာဝန်ယူဆောင်ရွက်မည့် ကျွမ်းကျင်မှုစံနှုန်းများ ရွေးချယ် ခြင်းဆိုင်ရာ လုပ်ငန်းစီမံကိန်းကို (၅၇)ကြိမ်မြောက် အာဆီယံခရီး သွားလုပ်ငန်း အာဏာပိုင်အဖွဲ့ အစည်းအဝေးတွင် အတည်ပြု ခဲ့သည်။

ထို့ပြင် အာဆီယံခရီးသွား လုပ်ငန်းအာဏာပိုင်အဖွဲ့များမှ နိုင်ငံအလိုက် ခရီးသွားလုပ်ငန်း ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေ အနေများကို ကမ္ဘာ့မီဒီယာများသို့ ရှင်းလင်းတင်ပြသည့် သတင်းစာ ရှင်းလင်းပွဲသို့ မြန်မာနိုင်ငံက ပါဝင် တက်ရောက် ရှင်းလင်းတင်ပြပြီး အာဆီယံခရီးသွားလုပ်ငန်း ပြပွဲ အစီအစဉ်တွင်လည်း မြန်မာနိုင်ငံက ခရီးသွားပြခန်းများ ပါဝင်ခင်းကျင်း ပြသခဲ့သည်။

မြန်မာနိုင်ငံသည် အာဆီယံ ခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၃တွင် ချီးမြှင့်သည့် ရုပ်ရှာလူထုအခြေပြု ခရီးသွားလုပ်ငန်းဆု တစ်ဆုနှင့် အာဆီယံ အများပြည်သူသုံး သန့်စင်ခန်းဆု ငါးဆုတို့ကို ရရှိခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

❐ စာမျက်နှာ ၁၇ မှ

တိုင်းရင်းသားများအား ဘိန်းစိုက်ခိုင်းပြီး လက်နက် ကိုင် သြဇာခံများကို မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း လုပ်ငန်းဖြင့် ရှင်သန်ရပ်တည်စေခဲ့သည်။ ထိုသည်ကို ကြိုက်သည့်အဖွဲ့အစည်းများရှိသလို မကြိုက်သည့် အဖွဲ့အစည်းများလည်းရှိသောအခါ အဖွဲ့ခွဲများ ပေါ်ပေါက်လာတော့သည်။ အချင်းချင်းတိုက်ခိုက်ကြ တော့သည်။ နယ်မြေ မအေးချမ်းမှုများနှင့်အတူ ထိုနယ်စပ်ဒေသများသည် ဖွံ့ဖြိုးမှု များစွာနောက်ကျခဲ့ရ လေပြီ။

**တရားဥပဒေဘောင်အတွင်းသို့**

လက်နက်ကိုင်လမ်းစဉ်နှင့် မိမိတို့ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဟူသည့် ရှင်သန်မှုနှစ်ခုသည် ဆန့်ကျင် ဘက်ခြားနားကြောင်း သိရှိလာသည့် တိုင်းရင်းသား အဖွဲ့အစည်းများသည် ၁၉၈၉ ခုနှစ်မှစ၍ တရားဥပဒေ ဘောင်အတွင်းသို့ စတင်ဝင်ရောက်ခဲ့လေသည်။

"နာကြည်းမှုတွေကို မေ့ပစ်ပါ။ ကြင်နာမှုတွေကို တော့ မမေ့ပါနှင့်" ဟူသော ဆိုစကားအတိုင်း အတိတ်အကြောင်းများ ခဏဘေးဖယ်ထားပြီး အနာဂတ်အတွက် ဆွေးနွေးခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းကြောင်းမှန်ပင် ဖြစ်သည်။

နိုင်ငံတော်သည် ထိုအချိန်မှစ၍ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စတင်အကောင်အထည် ဖော် ဆောင်ရွက်ပေးခဲ့သည်။

ဤတွင် အင်းလေး၊ ပင်လောင်း၊ ဆီဆိုင်၊ ကျောက်တန်း၊ မဲနယ်တောင်တန်းနှင့် ဟိုပုံး မြောက်ခြမ်းဒေသတွင် လှုပ်ရှားခဲ့သော ဦးအောင်ခမ်းထီ၏ PNO (Pa-O National Organization) အဖွဲ့သည် ၁၈-၂-၁၉၉၁ တွင် တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့သည်။

ထို့နောက် ပွန်ချောင်းအရှေ့ခြမ်း ကဒူးကြီး- ကဒူးလေး၊ မဲနယ်တောင်ကြောနှင့် ဟိုနမ့်ဒေသတွင် အဓိကလှုပ်ရှားခဲ့သူ ဦးတာကလယ်၏ "ရလလဖ" အဖွဲ့သည်လည်း ၉-၁၀-၁၉၉၄ ရက်တွင် တရားဥပဒေ ဘောင်အတွင်း ထပ်မံဝင်ရောက်လာပါတော့သည်။

နိုင်ငံတော်သည် အပစ်အခတ်ရပ်စဲရေး ရယူ သဘောတူညီပြီးနောက် "ရလလဖ" အဖွဲ့အခြေပြု သည့်ဒေသကို ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ (၁၃)အဖြစ် သတ်မှတ်ပေးခဲ့သည်။

**ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း**

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား နိုင်ငံတော်က နွေးထွေးစွာ ကြိုဆိုခဲ့သည်။

လက်နက်ကိုင်အဖွဲ့အစည်းများအတွက် အထူး ဒေသများ သတ်မှတ်ပေးခဲ့ပြီး ဒေသဖွံ့ဖြိုးရေး အတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ အပစ် အခတ်ရပ်တန့်ပေးရန် အချိန်ကာလများကို သဘော တူညီချက်များပေးခဲ့သည်။ ရပ်တည်ရေးအတွက် ရိက္ခာ၊ ငွေကြေးထောက်ပံ့ပေးခြင်းများ၊ လိုအပ်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ ချက်ချင်း ဆောင်ရွက်ပေးခဲ့သည်။

လမ်း/တံတား၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေး၊ ကုန်သွယ်ရေး၊ စွမ်းအင်၊ ပြည်သူ့ဆက်ဆံရေး၊ သတ္တု တူးဖော်ထုတ်လုပ်ရေး၊ ဆက်သွယ်ရေး၊ အိမ်ရာ ဆောက်လုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေး၊ စာရင်းစစ်ဆေးရေး၊ သာသနာရေး၊ ပြည်ထဲရေး၊ လူမှုဝန်ထမ်းနှင့် သမဝါယမလုပ်ငန်းကော်မတီ စသည့်လုပ်ငန်းကော်မတီ ၁၈ ရပ်ကို ဖွဲ့စည်းကာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ထိရောက်စွာ ဆောင်ရွက်ပေး နိုင်ခဲ့သည်။

ဆိုရသော် ထိုအချိန်ကာလများမှစ၍ မဲနယ် တောင်အရှေ့ခြမ်းနှင့် အနောက်ခြမ်းဒေသများ အားလုံး၊ မြောက်ပိုင်းမှ ဟိုပုံး၊ ကျောက်တန်း၊ လက်သဲ့ဒေသများပါမကျန် ပွန်ချောင်း၏အရှေ့ဘက်မှ မိုးနဲ၊ မောက်မယ်၊ ကျိုင်းတောင်း၊ ကျိုင်းခမ်း၊ ကဒူးကြီး၊ ကဒူးလေးဒေသများ၊ ဆီဆိုင်၊ ပင်လောင်းနှင့် တီကျစ်၊ နောင်တရားဒေသများ အပါအဝင် နေရာဒေသ အားလုံး တည်ငြိမ်အေးချမ်းခဲ့သည်။ နိုင်ငံတော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**မဲနယ်တောင်တန်းကြီးပေါ်သို့ ဖြာဆင်းလာသော ငြိမ်းချမ်းရေးရောင်ခြည်သည် ပအိုဝ်းဒေသများ အားလုံးကို အေးမြစေခဲ့သည်၊ ဖွံ့ဖြိုးတိုးတက်စေခဲ့ သည်မှာ အငြင်းပွားဖွယ်ရာမရှိပေ။**

**နယ်စပ်ရေးရာဝန်ကြီးဌာန**

၂၄-၉-၁၉၉၂ရက်တွင် စတင်ဖွဲ့စည်းသန္နေတည်ခဲ့ ပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် နယ်စပ်ဒေသရှိ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို အဓိကထား အကောင် အထည်ဖော်ဆောင်ရွက်ပေးနေသည့် နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် **"မဲနယ်တောင်တန်းနှင့် ပွန်ချောင်း ဒေသ"**တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ မြေသားလမ်း ၆၃ မိုင်၊ ကျောက်လမ်း ၄၇ မိုင် ခုနစ်ဖာလုံ၊ ကတ္တရာလမ်း ငါးမိုင် လေးဖာလုံ၊ ကွန်ကရစ်တံတားသုံးစင်း၊ မီးလင်းရေးလုပ်ငန်း တစ်ခုတို့ကို စုစုပေါင်းရန်ပုံငွေ ၃၆၄၄ ဒသမ ၀၄၁ သန်းဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၁၉၈၉-၁၉၉၀ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာ နှစ်အထိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုလုံး ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ဆိုလျှင် စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ လမ်းတံတားလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ အိမ်ရာဆောက်လုပ်ရေး လုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ လူမှုဝန်ထမ်းနှင့် သမဝါယမလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ ပညာရေး လုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ ပြည်ထဲရေး ဆိုင်ရာလုပ်ငန်း၊ သာသနာရေးလုပ်ငန်း၊ အထွေထွေ လုပ်ငန်း၊ ငြိမ်းချမ်းရေးလုပ်ငန်းများ၊ ထောက်ပံ့ငွေ အသုံးစရိတ်များ၊ မူးယစ်အစားထိုးဖွံ့ဖြိုးရေးစီမံကိန်း များနှင့် သဘာဝဘေးလုပ်ငန်းများ စသည့်ဖွံ့ဖြိုးရေး ကဏ္ဍအသီးသီးအတွက် စုစုပေါင်းခွင့်ပြုရန်ပုံငွေ ကျပ် ၄၉၇၀၄ ဒသမ ၅ သန်းဖြင့် ဒေသခံများ၏ လိုအပ်ချက်ကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက် ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် မဲနယ်တောင်တန်းဒေသတွင် မြေလမ်းများ၊ ကျောက်လမ်းများ၊ ကတ္တရာလမ်းများ၊ တံတားများ၊ ရေထုတ်ပြွန်များဖြင့် သွားရေးလာရေး ဖြောင့်ဖြူးခဲ့ပေပြီ။ ခရီးသွားလုပ်ငန်းများလည်း အတန်အသင့် ဖွံ့ဖြိုးခဲ့လေပြီ။ လမ်းပန်းဆက်သွယ်ရေး တိုးတက်ခိုင်မာလာသည်နှင့်အမျှ ထောပတ်၊ သနပ်ဖက်၊ ကော်ဖီတို့ကို စီးပွားဖြစ် စိုက်ပျိုးနိုင်၍ ဝင်ငွေတိုးခဲ့ကြလေပြီ။ ကျေးရွာများတွင် ဆိုလာမီး၊ လျှပ်စစ်မီးများဖြင့် အလင်းရောင်များ ထိန်ထိန် ညီးခဲ့ပေပြီ။ သောက်ရေသုံးရေများ ပေါ်ကြွယ် ခဲ့ပေပြီ။ စာသင်ကျောင်းများမှ ကလေးငယ်တို့၏ စာအံသံများ လွင့်ပျံ့နေပေပြီ။ သာသနာရေး ရောင်ခြည်သည်လည်း ပိုမိုထွန်းလင်းတောက်ပ နေခဲ့လေပြီ။

ဒေသခံများ၏ အပြုံးပန်းများနှင့်အတူ ရာသီ အလိုက်ပွဲတော်များမှ အိုးစည်သံ၊ မောင်းသံ ဗုံထိုးညံတို့သည်လည်း ဖွံ့ဖြိုးလှပနေသော မဲနယ် တောင်တန်းအနှံ့ ပျံ့နှံ့စည်ဝေခဲ့လေပြီ။ ။

■

# ၂၀၂၃ ခုနှစ် ကမ္ဘာ့ရေးရာများကို မှန်းဆကြည့်ခြင်း

မောင်သာယာ

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်များသည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုများနှင့်အတူ နိုင်ငံတကာပဋိပက္ခများ၊ စီးပွားရေး အကျပ်အတည်းများ၊ ပြောင်းလဲလာသည့် ရာသီဥတုဆိုးရွားမှုများကြောင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည့် နှစ်များဖြစ်ခဲ့သည်။ သို့သော်လည်း မသေချာမရေရာသည့် အနာဂတ်အလားအလာများ အပေါ်မှန်းမျှော်ကြည့်ပြီး ကမ္ဘာသူ ကမ္ဘာသားများသည် ၂၀၂၃ ခုနှစ်ကို နိုင်ငံရေး၊ စီးပွားရေး၊ ရာသီဥတုနှင့် ကမ္ဘာ့လုံခြုံရေးတို့နှင့် ပတ်သက်၍ ပိုမိုကောင်းမွန်လာမည်ဟု အကောင်းဘက်ကသာ ရှုမြင်ထားကြသည်။




**ရုရှား-ယူကရိန်းစစ်ပွဲ**

၂၀၂၂ ခုနှစ်ကို လွှမ်းမိုးခဲ့သည့် ရုရှား-ယူကရိန်းစစ်ပွဲသည် ၂၀၂၃ ခုနှစ်တွင်လည်း ဆက်လက်ဖြစ်ပွားနေဦးမည်ဖြစ်ပြီး စစ်ပွဲ၏ ဆိုးကျိုးသက်ရောက်မှုများအဖြစ် လောင်စာဆီပြဿနာများနှင့် ဒုက္ခသည်အရေအတွက်တိုးပွားလာမှုများ ဆက်လက်ရှိနေဦးမည်ဖြစ်သည်။ သံတမန်များနှင့် ငြိမ်းချမ်းရေးလိုလားသည့် နိုင်ငံတကာခေါင်းဆောင်များက အပေးအယူလုပ်ညှိနှိုင်းကာ စစ်ပွဲရပ်ရန် ကြိုးစားဆောင်ရွက်နေ သည့်တိုင် နှစ်ဖက်စလုံးတွင် စစ်ပွဲကို ဆက်လက်တိုက်ခိုက်လိုသည့် သဘောထားများကိုသာ မြင်တွေ့နေရသည်။

ရုရှား-ယူကရိန်းစစ်ပွဲကြောင့် အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ကျော်တည်ရှိနေသည့် အမေရိကန်-ဥရောပဆက်ဆံရေးသည် ပိုမိုအားကောင်းနေသကဲ့သို့ သဘောထားကွဲလွဲမှုများလည်း တိုးလာဖွယ်ရှိသည်။ အမေရိကန်၏ စီးပွားရေး အကာအကွယ်ပေးရေးမူဝါဒကြောင့် ဥရောပသားများ မပျော်မရွှင်ဖြစ်ရသကဲ့သို့ မြောက်အမေရိကတိုက်၏ စီးပွားရေးသည် တရုတ်နိုင်ငံအပေါ် ဆက်လက်မှီခိုနေရသည့်အတွက် အမေရိကန်တို့ မပျော်မရွှင်ဖြစ်ကြရသည်။ ယူကရိန်းနိုင်ငံအတွက် စစ်ရေး၊ စီးပွားရေး၊ သံတမန်ရေးဆိုင်ရာများ ထောက်ပံ့ကူညီရမှုနှင့် ကာကွယ်ရေးအသုံးစရိတ်များ ပိုမိုသုံးစွဲလာရမှုများကြောင့် ဆက်ဆံရေးအဆင်မပြေမှုများ ဖြစ်ပွားလာဖွယ်ရှိသည်။

**ဂျပန်၊ အိန္ဒိယနှင့် မြောက်ကိုရီးယား**

၂၀၂၃ ခုနှစ်တွင် ဂျပန်နိုင်ငံသည် အဓိကကျသည့် ပထဝီနိုင်ငံရေး ဇာတ်ကောင်အဖြစ် ပေါ်ထွက်လာဖွယ်ရှိသည်။ ကမ္ဘာ့တတိယမြောက် စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံတွင် စီးပွားရေးပြန်လည်တိုးတက်မှုနှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်းအထိ ရှိနေပြီး ကာကွယ်ရေးအသုံးစရိတ်ကိုလည်း နှစ်ဆတိုးမြှင့်ထားရာ ဂျီဒီပီ၏ နှစ်ရာခိုင်နှုန်းသို့ ရောက်ရှိနေပြီဖြစ်သည်။

အိန္ဒိယနိုင်ငံနှင့်ပတ်သက်၍ အကောင်းဆုံးအရာများဖြစ်လာမည်ဟု ခန့်မှန်းဟောကိန်းထုတ်ထားသူများအတွက် မချင့်မရဲဖြစ်စေမည်သာဖြစ်သည်။ အိန္ဒိယသည် ရုရှားထံမှ စစ်လက်နက်နှင့် ရေနံကို ဆက်လက်ဝယ်ယူမည်ဖြစ်သည်။ အိန္ဒိယသည် တရုတ်ကိုဆန့်ကျင်သည့် အနောက်အုပ်စုထံမှ အကူအညီများရယူနေသော်လည်း ဘက်မလိုက်သည့် ရပ်တည်ချက်သဘောထားကို ဆက်လက်ဆွဲကိုင်ထားဖွယ်ရှိသည်။

မြောက်ကိုရီးယားနိုင်ငံသည် ခုနစ်ကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုကို ဆက်လက်လုပ်ဆောင်သွားဖွယ်ရှိသကဲ့သို့ ဒုံးကျည်စမ်းသပ်မှုများကိုလည်း ဆက်လက်လုပ်ဆောင်သွားဖွယ်ရှိသည်။ ယင်းသို့လုပ်ဆောင်မှုများကို တောင်ကိုရီးယားရော၊ အမေရိကန်ရော တားဆီးဟန့်တားနိုင်ဖွယ်မရှိဘဲ တားဆီးနိုင်သည့် တစ်ခုတည်းသော နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံသည် ၎င်း၏ အစွန်အဖျားအနီးဝန်းကျင်တွင် မတည်မငြိမ်ဖြစ်လာမည်ကို စိုးရိမ်သည့်အတွက် ဩဇာအာဏာကို အသုံးပြု၍ တားမြစ်သွားဖွယ်ရှိသည်။

**အစ္စရေး-ပါလက်စတိုင်း**

အစ္စရေးအခြေချနေထိုင်မှုများ ပိုမိုတိုးပွားလာခြင်းကြောင့် အစ္စရေး-ပါလက်စတိုင်း ဆက်ဆံရေးမှာ ပိုမိုဆိုးရွားလာဖွယ်ရှိသည်။ အစ္စရေးနှင့် ပါလက်စတိုင်း နှစ်ဖက်စလုံးက လက်ခံနိုင်မည့် ပါလက်စတိုင်းနိုင်ငံထူထောင်ရေး ကြိုးပမ်းဆောင်ရွက်မှုမှာလည်း တိုးတက်မှုအလားအလာ၊ မျှော်လင့်ချက်အလားအလာ ဘာမျှတွေ့ရမည်မဟုတ်ပေ။ အစ္စရေး-ပါလက်စတိုင်းပြဿနာမှာ ၂၀၂၃ ခုနှစ်အတွင်းတွင်လည်း အဖြေမရသေးသည့် ပုစ္ဆာတစ်ခုအဖြစ်သာ ဆက်လက်တည်ရှိနေမည်ဖြစ်သည်။

**အီရန်**

အီရန်သည် ၂၀၂၃ ခုနှစ်တွင် အရေးကြီးဆုံးပြဿနာဖြစ်လာဖွယ်ရှိသည်။ အစိုးရကို ဆန့်ကျင်ဆန္ဒပြမှုများသည် စီးပွားရေးကျဆင်းလာမှု၏ နောက်ကွယ်မှတွန်းအားများ ဖြစ်လာဖွယ်ရှိသည်။ ဆန္ဒပြသူများနှင့် အပေးအယူလုပ်မည် သို့မဟုတ် ဖမ်းဆီးသတ်ဖြတ်ခြင်းများ ပြုလုပ်မည်နှင့် ပတ်သက်၍ ခေါင်းဆောင်ပိုင်းအတွင်း သဘောထားကွဲလွဲမှုများ ပေါ်ပေါက်လာနိုင်သည်။ အီရန်နိုင်ငံက ရုရှားနိုင်ငံအား စစ်ရေးအကူအညီပေးနေမှုနှင့် အမေရိကန်နိုင်ငံက ပြဿနာပတ်လည်ဝိုင်းနေသည့် အီရန်အစိုးရ၏ စီးပွားရေးကို ကယ်တင်ပေးရာရောက်မည်စိုးသည့်အတွက် ၂၀၁၅ နျူကလီးယားသဘောတူညီချက်သည်လည်း ပြန်လည်အသက်သွင်းလာဖွယ်မရှိပေ။ အီရန်ခေါင်းဆောင်များသည် အစ္စရေးနိုင်ငံက တိုက်ခိုက်လာမှုကိုကာကွယ်ရန် သို့မဟုတ် စစ်ရေးအရ အောင်မြင်မှုရရှိရန်အတွက် ၎င်းတို့၏ နျူကလီးယားလက်နက်အစီအစဉ်ကို ဆက်လက်လုပ်ဆောင်ရန် ရွေးချယ်လာနိုင်သည်။

**ကမ္ဘာ့စီးပွားရေး**

ကမ္ဘာ့စီးပွားရေးသည် လောလောဆယ် အခြေအနေတွင် လေ့လာသူအများစု ခန့်မှန်းတွက်ချက်ထားသည်ထက် ပိုမိုနှေးကွေးရှန်းကန်ရဖွယ်ရှိနေသည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်း ၂ ဒသမ ၇ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသည်။ သို့သော်လည်း တကယ့်လက်တွေ့အခြေအနေတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဆက်လက်ဖြစ်ပွားနေမှုနှင့် အမေရိကန်ဗဟိုဘဏ်က ငွေကြေးဖောင်းပွမှုကို လျှော့ချရန်ကြိုးပမ်းမှုအဖြစ် အတိုးနှုန်းကို ဆက်လက်မြှင့်တင်ရန် ဆုံးဖြတ်ထားမှုများကြောင့် ကမ္ဘာ့စီးပွားရေးမှာ အိုင်အမ်အက်ဖ်ခန့်မှန်းထားသည်ထက် နည်းပါးသွားနိုင်သည်။ အာဖရိကနှင့် လက်တင်အမေရိက အစိတ်အပိုင်းများတွင် နိုင်ငံရေးမတည်ငြိမ်မှုများ၊ ပြင်းထန်သောရာသီဥတုအခြေအနေများနှင့် ထောက်ပံ့ရေးကွင်းဆက်ပြတ်တောက်မှုများသည်လည်း ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်းကို နှေးကွေးစေမည်ဖြစ်သည်။

**ရာသီဥတု**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ(COP28 ဒူဘိုင်းတွင် ကျင်းပရန် စီစဉ်ထား)သည် စိတ်ပျက်စရာအဖြစ် ဆက်လက်ရှိနေမည်ဖြစ်သည်။ စီးပွားရေးဆိုင်ရာ စိုးရိမ်မှုများနှင့် ရာသီဥတုဆိုင်ရာ ထည့်သွင်းစဉ်းစားလုပ်ဆောင်မှုများ အကောင်အထည်မပေါ်လာမီတွင် ကမ္ဘာကြီးပူနွေးလာမှု၏ သက်ရောက်မှုများသည် ပိုမိုဆိုးရွားလာဖွယ်ရှိသည်။

အထက်တွင် ဖော်ပြထားသည့် အကြောင်းအရာများသည် စိတ်ကျေနပ်စရာမကောင်းသော်လည်း စိတ်ဝင်စားစရာကောင်းသည့်အချက်များအဖြစ် စောင့်ကြည့်ရဦးမည်ဖြစ်သည်။

**ကိုးကား –**

What in the World Will Happen in 2023? ကို ဘာသာပြန်သည်။

**❝ကမ္ဘာ့စီးပွားရေးသည် လောလောဆယ် အခြေအနေတွင် လေ့လာသူအများစု ခန့်မှန်းတွက်ချက်ထားသည်ထက် ပိုမိုနှေးကွေးရှန်းကန်ရဖွယ်ရှိနေသည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်း ၂ ဒသမ ၇ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသည်။ သို့သော်လည်း တကယ့်လက်တွေ့အခြေအနေတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဆက်လက်ဖြစ်ပွားနေမှုနှင့် အမေရိကန်ဗဟိုဘဏ်က ငွေကြေးဖောင်းပွမှုကို လျှော့ချရန်ကြိုးပမ်းမှုအဖြစ် အတိုးနှုန်းကို ဆက်လက်မြှင့်တင်ရန် ဆုံးဖြတ်ထားမှုများကြောင့် ကမ္ဘာ့စီးပွားရေးမှာ အိုင်အမ်အက်ဖ် ခန့်မှန်းထားသည်ထက် နည်းပါးသွားနိုင်❞**

## သာယာဝတီမြို့နယ်၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

**သာယာဝတီ ဖေဖော်ဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးစီးကျင်းပသော (ပထမ)အကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယမန်နေ့က အောင်သိဒ္ဓိစေတီတော်မြတ်ကြီး၏ ပရဝဏ်၌ ကျင်းပသည်။

ရေးဦးစွာ ပြိုင်ပွဲအားဖွင့်လှစ်ခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းဟိုနှင့်အဖွဲ့သည် ပြိုင်ပွဲဝင်အသင်း ၁၁ သင်းတို့၏ အားကြိုးမာန်တက် ပျော်ရွှင်စွာ ထမနဲထိုး ယှဉ်ပြိုင်မှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ နှစ်သိမ့်ဆုရရှိသော အသင်းရှစ်သင်းအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးကြည်မျိုးလွင်နှင့် အဖွဲ့ဝင်များက ဆုများချီးမြှင့်ပေးခဲ့ကြသည်။

ထို့နောက် တတိယဆုရရှိသော သခွတ်ကုန်းရပ်ကွက် အသင်းအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးမြင့်လွင်၊ ဒုတိယဆုရရှိသော အရှေ့လက်ပံခုန်ရပ်ကွက်နှင့် အနောက်လက်ပံခုန်ရပ်ကွက် အသင်းတို့အား အောင်သိဒ္ဓိစေတီတော် ဂေါပကဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် ပထမဆုရရှိသော ကျောင်းစုရပ်ကွက်နှင့် အလယ်ပိုင်းရပ်ကွက် အသင်းတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းဟိုတို့က ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ပုံပြင်

# ကြက်သီးမထသော လုလင်

(ယခင်အပတ်မှအဆက်)

အဘိုးအိုက...

"သင်နှင့်ငါ မည်သူပို၍သန်စွမ်းသည်ကို ယှဉ်ပြိုင်အံ့"ဟုဆို၏။ ထို့နောက် သူသည် လုလင်အား မှောင်မည်းနေသောလမ်းမှဖြတ်၍ ပန်းပဲဖို ရှိရာသို့ ခေါ်ဆောင်သွား၏။ ရောက်သော် သူသည် တူကြီးတစ်လက်ကို ကိုင်ပြီးလျှင် ပေတစ်ခုကို ပြင်းထန်သောအဟုန်ဖြင့် ထုလိုက်၏။ ထိုအခါ ပေတစ်ခုလုံးသည် တူ၏အရှိန် ပြင်းထန်လှသဖြင့် မြေထဲသို့ စိုက်ဝင်သွား၏။ လုလင်က "သည်မျှသာ သင်စွမ်းသလော၊ သင့်ထက် ကျွန်ုပ်ပို၍စွမ်းသည်၊ ကြည့်လော့" ဟုဆိုကာ တူတစ်လက်ကို ကောက်ယူလိုက်သည်။ ထို့နောက် ထုရိုက်ရန် အခြားပေတစ်ခု ရှိရာသို့ ချဉ်းကပ်သွားသည်။ အဘိုးအိုလည်း လုလင်၏အစွမ်းကို သိလိုသဖြင့် ပေနားသို့ ကပ်၍ ကြည့်၏။ ထိုစဉ်သူ၏ ရှည်လျားသော မုတ်ဆိတ်သည် ပေပေါ်၌ ရစ်ဝဲကျနေ၏။

ထိုအခိုက် လုလင်သည် လျင်မြန်စွာ တူကို လွှဲလျက် ပေကိုထုလိုက်၏။ ပေသည် ရုတ်တရက် ကွဲသွား၏။ တစ်ပြိုင်တည်းပင် အဘိုးအို၏ မုတ်ဆိတ်မွေးသည် ပေကွဲကြောင်းတွင် ညပ်ကာငြိနေလေ၏။ အဘိုးအိုမှာ ရုန်းကန်၍ မရ၊ ယက်ကန်ယက်ကန် ဖြစ်နေ၏။ လုလင်က "ကျွန်ုပ်ကို သင် မသတ်နိုင်၊ သင့်ကိုသာ ကျွန်ုပ်သတ်နိုင်လေပြီ" ဟုဆိုကာ သံချောင်းတစ်ချောင်းကို ကောက်ယူလိုက်ပြီးလျှင် အဘိုးအိုကို ရိုက်နှက်လေ၏။ အဘိုးအိုလည်း နာကျင်သဖြင့်...

"ငါ့ကို မရိုက်ပါနှင့်၊ လွတ်မြောက်အောင်လည်း ဆောင်ရွက်ပေးပါ၊ လုလင်တစ်သက်လုံး သုံးမကုန်နိုင်အောင် ရွှေများပေးပါမည်" ဟု ကတိစကားပြောဆို၏။

သို့ဖြင့် လုလင်သည် အဘိုးအိုအား အရိုက်ရပ်လိုက်၏။ ထို့နောက် တူဖြင့် ပေကို တအားလွှဲရိုက်လိုက်ရာ ပေသည် နှစ်ခြမ်းတိတိ ကွဲသွားပြီးလျှင် အဘိုးအို၏ မုတ်ဆိတ်မွေးများလည်း ညပ်မိနေရာမှ လွတ်မြောက်သွား၏။

အဘိုးအိုလည်း ကတိအတိုင်းပင် လုလင်အား ရဲတိုက်တွင်းရှိ မြေအောက်ခန်း တစ်ခန်းသို့ ခေါ်ဆောင်သွားကာ ရွှေများကို ပေး၏။ ရွှေများမှာ သေတ္တာကြီးသုံးလုံးဖြင့် အပြည့်ထည့်ထားရာ အဘိုးအိုက

"တစ်လုံးကိုသင်ယူပါ၊ တစ်လုံးကို ဘုရင်အား ပေးပါ။ ကျန်တစ်လုံးကိုမူ ဆင်းရဲသားများအား ဝေငှပေးပါ"ဟုဆို၏။ မကြာမီ ၁၂ နာရီထိုးသဖြင့် အဘိုးအိုလည်း ပျောက်ကွယ်သွားလေသည်။ လုလင်လည်း တစ်ယောက်တည်း နှစ်ခြိုက်စွာအိပ်၍နေလေ၏။

နံနက်လင်းသော် ဘုရင်လည်း ရောက်လာပြန်လေသည်။ လုလင်က "ကျွန်တော်မျိုးသည် ကြက်သီးမထခဲ့ပါ၊ သို့ရာတွင် ဤရွှေတို့ကိုမူ ရခဲ့ပါသည်"ဟုဆိုကာ ရွှေသေတ္တာများကို ပြသ၏။ ထို့နောက် ညကဖြစ်ပျက်ပုံအလုံးစုံကို ပြောပြကာ အဘိုးအိုမှာကြားသည့်အတိုင်း တစ်လုံးကို ဘုရင်အား ပေးဆက်လေသည်။

ဘုရင်သည် ဝမ်းမြောက်ဝမ်းသာပင် လုလင်၏ လက်ကို ဆွဲကိုင်လှုပ်ယမ်းကာ...

"သင်သည် သုံးညတိုင် ရဲတိုက်၌ အောင်မြင်စွာ နေခဲ့သဖြင့် ဤရဲတိုက်ကြီးမှာ အနှောင့်အယှက်များမှ ကင်းလွတ်သွားပြီ၊ မကြာမီ သင့်ကို သမီးတော်နှင့် ထိမ်းမြားပေးမည်" ဟုဆို၏။ လုလင်က သတင်းကောင်းများ ကြားသိရသဖြင့် ဝမ်းမြောက်လှပါသည်။ သို့ရာတွင် ကြက်သီးထသည်ကိုမူ ယခုတိုင် မသိသေးသဖြင့် စိတ်ထဲ၌ မတင်မကျတော့ ရှိနေပါသည်ဟုပြောဆို၏။ ဘုရင်သည် လုလင်ကို နန်းတော်သို့ ခေါ်ဆောင်သွားပြီး သမီးတော်နှင့် လက်ထပ်ထိမ်းမြားပေး၏။ အိမ်ရှေ့အရာကိုလည်း ပေး၏။

အိမ်ရှေ့မင်းသားဖြစ်လာသော လုလင်သည် သမီးတော်နှင့် ပျော်ရွှင်စွာပေါင်းသင်းနေထိုင်၏။ သို့ရာတွင် မကြာခဏပင်...

**ညဘက်ရောက်သော် အိမ်ရှေ့မင်းသားသည် သလွန်ပေါ်၌လျောင်း၍ အိပ်စက်နေ၏။ ထိုအခိုက် သမီးတော်သည် အပျိုတော်ညွှန်ကြားသည့်အတိုင်း ရေအိုးကိုယူကာ အိမ်ရှေ့မင်းသားကိုယ်ပေါ်သို့ လောင်းချလိုက်၏။ အိုးထဲမှ ရေများနှင့်အတူ ငါးငယ်တို့သည် အိမ်ရှေ့မင်းသားကိုယ်ပေါ်သို့ ကျဆင်းကာ လူးပျံခုန်ပေါက်ကြ၏။ ဤတွင် လုလင်သည် လန့်နိုးကာ ကြက်သီးတဖြန်းဖြန်းထလေတော့၏။ သို့ဖြင့် သူက... "နှမတော်၊ မောင်တော် ကြက်သီးထပါပြီ၊ ယခုမှ ကြက်သီးထသည်ကို ခံစားသိရှိရ**

### မင်းယုဝေ

"ကြက်သီးထချင်စမ်းပါဘိ" ဟူ၍ကား တောင့်တပြောဆိုတတ်၏။ ဤတွင် သမီးတော်မှာ စိတ်အနှောင့်အယှက်ဖြစ်လာ၏။ထိုအခါအပျိုတော်တစ်ဦးက... သခင်မ မစိုးရိမ်ပါလင့်၊ အိမ်ရှေ့မင်းသားကြက်သီးထလာအောင် ကျွန်ုပ်စွမ်းဆောင်ပေးပါမည်"ဟုဆို၏။ သို့ဖြင့်တစ်ညနေတွင် အပျိုတော်သည် ဥယျာဉ်တွင်းရှိ ချောင်းထဲသို့ဆင်းကာ အိုးတစ်လုံးဖြင့် ချောင်းရေကို ခပ်၏။ ချောင်းရေနှင့်အတူ များလှစွာသော ငါးကလေးများလည်း ပါ၏။ ယင်းကိုအပျိုတော်သည် သမီးတော်အားပေးအပ်ကာ အိမ်ရှေ့မင်းသား၏ကိုယ်ပေါ်သို့ ညအချိန် အိပ်ပျော်နေစဉ် လောင်းချရန်အကြံပေး၏။ ညဘက်ရောက်သော် အိမ်ရှေ့မင်းသားသည်သလွန်ပေါ်၌လျောင်း၍ အိပ်စက်နေ၏။ ထိုအခိုက် သမီးတော်သည် အပျိုတော်ညွှန်ကြားသည့်အတိုင်း ရေအိုးကိုယူကာ အိမ်ရှေ့မင်းသားကိုယ်ပေါ်သို့ လောင်းချလိုက်၏။ အိုးထဲမှ ရေများနှင့်အတူ ငါးငယ်တို့သည် အိမ်ရှေ့မင်းသားကိုယ်ပေါ်သို့ ကျဆင်းကာ လူးပျံခုန်ပေါက်ကြ၏။ ဤတွင် လုလင်သည်လန့်နိုးကာ ကြက်သီးတဖြန်းဖြန်းထလေတော့၏။ သို့ဖြင့် သူက... "နှမတော်၊ မောင်တော် ကြက်သီးထပါပြီ၊ ယခုမှ ကြက်သီးထသည်ကို ခံစားသိရှိရပါတော့သည်" ဟု ဝမ်းမြောက်ဝမ်းသာ ပြောဆိုလေသတည်း။ ။

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။





## ကဗျာ

### အမွန်နှင့် တံခွန်

✻ တင့်တင့်ထွား၍
လူများဦးခိုက်၊ နတ်ခေါင်းငိုက်သည်
မကိုင်ရှိအချွန်၊ ဉာဏ်အမွန်တည့်။
✻ မြင့်မြင့်မား၍
ဘုရားကိုမိုး၊ တိမ်ယံတိုးသည်
တိုင်ရိုးအချွန်၊ မာန်တံခွန်တည့်။
✻ ချင့်ချင့်စား၍
မြင့်မားတံခွန်၊ လူမန့်ဘဲ
မြတ်မွန်ဘုရား၊ ခ ဝပ်တွားသည်
ပယ်ရှားမာန်ညွန်၊ စံမလွန်တည့်။

ငွေတာရီ

ဆရာမငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

လူမှု ၁၀

# လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

## ပါဘလို ပီကာဆို

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

ပါဘလိုပီကာဆိုသည် အလွန်ငယ်သောအချိန်ကတည်းကပင် ထူးထူးခြားခြားပန်းချီပါရမီ ရင့်သန်သူအမှန်ဖြစ်ကြောင်း ပြသခဲ့သည်။ သူ၏ ပထမဦးဆုံး ပြောစကားမှာ Lapiz (စပိန်ဘာသာခဲတံ) ဖြစ်ခဲ့ပြီး စကားမပြောတတ်ခင်ပင် သူပုံဆွဲတတ်ခဲ့သည်။ အသက် (၁၁) နှစ်အရွယ်တွင် သူသည် ဝါသနာအရ ပန်းချီမဂ္ဂဇင်းတစ်ခုဖန်တီးနေခဲ့ပြီ။ အားလုံးကို သူကိုယ်တိုင်သရုပ်ဖော်ပုံဆွဲခဲ့သည်။ သူသည် စာသင်ကျောင်းကို မုန်းတီးခဲ့ပြီး မည်သည့်အခါမျှ ဟုတ်တိပတ်တိ စာမရေးသားခဲ့ချေ။ သူသည် သင်္ချာအကြောင်း သိပ်နားမလည်ခဲ့ချေ။ နောင်တွင်မူ ဗျည်းအက္ခရာစဉ်များကိုပင် သူ (ကောင်းစွာသိ၊ မသိ) မသေချာကြောင်း ဝန်ခံခဲ့သည်။ သို့တိုင်အောင် သူသည် ပန်းချီအနုပညာကို နှစ်သက်ပြီး မည်သည့်အလုပ်ကိုမျှ မလုပ်ခဲ့ချေ။

ပီကာဆိုသည် ပန်းချီဆရာနှင့် ပန်းချီသင်ကြားပို့ချပေးသော ဆရာဖြစ်သည်။ သူ့ဖခင်က အလုပ်များ ကူလုပ်ပေးလေ့ရှိသည်။ တစ်ညနေတွင် သူသည် သူ့သားအား ခိုငှက်များပုံတစ်ပုံကို လက်စသတ်ရန် ထားခဲ့သည်။ သူပြန်ရောက်သောအခါတွင် အံ့ဖွယ်ကောင်းလောက်အောင် သက်ရှိဟန်ပေါက်နေခဲ့သော ပန်းချီကားကို သူတွေ့ခဲ့သည်။ သူသည် သူ့ပန်းချီစုတ်တံများနှင့် ဆေးခံပြားအား သူ့သားကို လွှဲပေးလိုက်ပြီး ပန်းချီ (ရာသက်ပန်) မဆွဲတော့ချေ။ ထိုစဉ်က ပီကာဆိုသည် အသက် (၁၃) နှစ် အရွယ်သာရှိသေးသည်။


ပီကာဆိုသည် ပါရမီရှင်ဖြစ်ကြောင်း လူအများအပြားသဘောပေါက်ခဲ့ကြသည်။ သို့သော်လည်း သူ့လို သမားရိုးကျပန်းချီဆရာ ဖြစ်စေလိုခဲ့သောသူများကို စိတ်ပျက်သွားစေသည်အထိ ကိုယ့်နည်းကိုယ့်ဟန်နှင့် လုပ်ကိုင်လိုခဲ့သည်။ ပထမတွင် နှစ်ပေါင်းများစွာ သူတကယ်ဆင်းရဲချို့တဲ့ခဲ့သည်။ သို့သော်လည်း သတ္တိရှိပြီး ကိုယ့်ကိုယ်ကိုယ် စည်းကမ်းစောင့်ထိန်း၍ ကြိုးစားပမ်းစားအလုပ်လုပ်ခဲ့သည်။

သူ၏ ထူးခြားသော ပါရမီဖွံ့ဖြိုးလာသည်နှင့်အမျှ သူသည် သမားရိုးကျပန်းချီထုံးစံဓလေ့တို့နှင့် မပြတ်ခွဲထွက်မှုပြုလာရာ သူ၏ ဆန်းပြားအားကြီးသော ပန်းချီကားများဖြင့် ပြည်သူလူထုကို တုန်လှုပ်စေခဲ့သည်။ သူသည် တကယ့်ဘဝ (အရှိအတိုင်း) ကို သူ့ပန်းချီကားများတွင် ကူးချရန် ကြိုးစားလေ့မရှိခဲ့ချေ။ ထိုအစား သူသည် ကျွန်တော်တို့ဝန်းကျင်လောကတွင် အရာဝတ္ထုများကို ဆန်းသစ်သောအသွင်တစ်မျိုးဖြင့်မြင်ရန် ပုံဖော်ခဲ့သည်။

ပီကာဆို၏ ပန်းချီရေးဟန်သည် သူ့ဘဝတစ်လျှောက်လုံး အဆက်မပြတ်ပြောင်းလဲခဲ့သည်။ သူသည် ကြည့်ရှုသူက ပုံသဏ္ဌာန်နှင့် ယင်းတို့တည်ဆောက်ပုံတို့ကို ပို၍လေးလေးနက်နက် ဆန်းစစ်စေသော သူ၏ ကျူးဘစ် (Cubist) ပန်းချီကားများနှင့်ပတ်သက်၍ ထင်ရှားခဲ့ဟန်ရှိသည်။ သူသည် ၂၀ ရာစု၏ စွယ်စုံရ ပန်းချီဆရာများအထဲမှ တစ်ဦးလည်းဖြစ်ခဲ့သည်။ သူ၏ ပန်းချီများ၊ ပန်းချီကားများ၊ ကော်ကပ်ပန်းချီများ၊ ပုံနှိပ်လက်ရာများ၊ ပြဇာတ်ဆက်တင်များ၊ ပန်းပုရုပ်များ၊ မြေထည်နှင့် ကြွေထည်လက်ရာများအတွက် ထင်ရှားခဲ့သည်။

သူ၏ တစ်သက်ပန်လက်ရာသည် ပန်းချီနှင့်ပတ်သက်သောအတွေးကို လုံးဝပြောင်းလဲခဲ့သည်။ သန်းပေါင်းများစွာသော လူတို့အတွက် မော်ဒန်ပန်းချီမှာ ပီကာဆို၏လက်ရာများဟု အဓိပ္ပာယ်ဆောင်နေသည်။ ။

**သူသည် ၂၀ ရာစု၏ စွယ်စုံရ ပန်းချီဆရာများအထဲမှ တစ်ဦးလည်း ဖြစ်ခဲ့သည်။ သူ၏ ပန်းချီများ၊ ပန်းချီကားများ၊ ကော်ကပ်ပန်းချီများ၊ ပုံနှိပ်လက်ရာများ၊ ပြဇာတ်ဆက်တင်များ၊ ပန်းပုရုပ်များ၊ မြေထည် နှင့် ကြွေထည်လက်ရာများအတွက် ထင်ရှားခဲ့**



(ဆက်လက်ဖော်ပြပါမည်)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၂၉၄၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၅-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၉၄၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၇) ရာခိုင်နှုန်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၆၁,၁၄၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၄၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁)ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၁၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၄-၂-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၁၆,၇၇၆) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၁၁,၃၀၀) ဦးတို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၄-၂-၂၀၂၃ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၁၆,၇၇၆ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၁၁,၃၀၀ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မှော်ဘီမြို့နယ်၌ ကျေးလက်ကုန်ထုတ်ဂဝံလမ်းဖွင့်လှစ်



**ရန်ကုန် ဖေဖော်ဝါရီ ၅**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရွှေမြဟာကုန်းကျေးရွာတွင် ကျေးလက်ကုန်ထုတ်ဂဝံလမ်းကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဇော်နောင်က ကုန်ထုတ်လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သူကိုကို၊ မှော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီး ဝေမိုးအောင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် အရှည် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေနှင့် ကိုးလက်မဒုကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျေးလက်ကုန်ထုတ်လမ်း ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းကြောင့် ကျေးရွာနေပြည်သူများ လယ်ဧက ၁၁၀၀ မှထွက်ရှိသော စပါးသီးနှံများကို ရာသီမရွေး သယ်ယူပို့ဆောင်နိုင်မည်ဖြစ်သည်။ ကျေးလက်ကုန်ထုတ်လမ်းဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးလက်လမ်းဦးစီးဌာနမှတာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာနေ ပြည်သူများ တက်ရောက်ကြသည်။

**ဇင်မင်းထိုက် (ထန်းတပင်)**

# တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပင်လယ်ပြင်၌ သေဆုံးမျောပါနေသော ဘရိုင်းဝေလငါးတစ်ကောင် တွေ့ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ဒုံးပုလဲအော်ကျေးရွာအုပ်စု လင်းလွန်းကျေးရွာ မြောက်ဘက်သောင်ပြင်အနီးတွင် အလျား ပေ ၄၀ ခန့်၊ အနံ ရှစ်ပေခန့် ဘရိုင်းဝေလငါး (Bryde's Whale) အသေတစ်ကောင် ကမ်းပေါ်တင်နေကြောင်း ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ဒေသခံလှေများက သတင်းပေးပို့ခဲ့သဖြင့် ကျွန်းစုမြို့နယ် ကနောင်လုံခြုံရေး ခွဲထုတ်စခန်းမှ တာဝန်ခံအရာရှိ ဦးစီးအဖွဲ့ နှင့် ဒုံးပုလဲအော်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့တို့က သွားရောက်ကြည့်ရှုခဲ့သည်။

အဆိုပါ ဝေလငါးအား လင်းလွန်းကျေးရွာ သဲသောင်ပြင်သို့ ဒေသခံများ၏ အကူအညီဖြင့် ရွှေ့ပြောင်းခဲ့ပြီး ကနောင်လုံခြုံရေးခွဲထုတ်စခန်းမှ တာဝန်ခံအရာရှိဦးစီးအဖွဲ့၊ ဒုံးပုလဲအော်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ ဒေသခံအဖွဲ့များ ပူးပေါင်း၍ လင်းလွန်းကျေးရွာသဲသောင်ပြင်တွင် ပုံစံမပျက်မြှုပ်နှံနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး လင်းလွန်းကျေးရွာ သဲသောင်ပြင်တွင် ဘရိုင်းဝေလငါးအား စနစ်တကျ မြှုပ်နှံပေးခဲ့သည်။

မြိတ်တက္ကသိုလ်အဏ္ဏဝါသိပ္ပံဌာနမှ လေ့လာတွေ့ရှိချက်အရ အဆိုပါဘရိုင်းဝေလငါး၏ မျိုးစိတ်မှာ Balaenoptera edein (Anderson, 1878) ဖြစ်ပြီး သက်တမ်း နှစ် ၄၀ မှ နှစ် ၇၀ အကြား အသက်ရှင်နိုင်သော ဝေလငါးအမျိုးအစားဖြစ်သည်။ ယခုတွေ့ရှိရသော ဘရိုင်းဝေလငါး (Bryde's Whale) မှာ သက်တမ်း နှစ် ၂၀ မှ ၂၅ နှစ်အကြားရှိ အရွယ်ရောက်ပြီး ဝေလငါးအမျိုးအစားဖြစ်၍ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ အသံညစ်ညမ်းခြင်း၊ ရာသီဥတုဆိုးရွားခြင်းနှင့် ရေစီးကြောင်း ပြောင်းလဲခြင်းတို့ကြောင့် ပင်မကမ်းခြေအနီးသို့ ရောက်ရှိပြီး ရေချိုနှုန်းများသည့်အတွက် သဘာဝအလျောက် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၃-၂-၂၀၂၃ ရက်မှအဆက်

ကိုအေးဆွေကမူ ဘာမျှမပြောချေ။ သူ့ကျောင်းလွယ်အိတ်ထဲမှ ပါလာသော စက္ကူဟောင်းများကို ထုတ်ကာ အနာမှစီးကျနေသော သွေးများကို သုတ်ချနေသည်။

“ခက်တာပါပဲကွာ၊ ဒီအိမ်ဝိုင်းထဲက ခွေးတွေနဲ့တော့။ ခဏခဏ ဟိုလူ့ ထွက်ဟောင်၊ ဒီလူ့ ထွက်ကိုက်နဲ့။ အတော် ခွကျပါတယ်”

လူကြီးလည်း အိမ်ဝိုင်းတံခါးပေါက် စေ့၍ ပိတ်ထားသော တစ်ထပ်အိမ်ကလေးဘက်ဆီသို့ လှမ်းကြည့်လိုက်ရင်း ညည်းညည်းညူညူဖြင့် ပြောလိုက်သည်။

“ဒီအိမ်က လူတွေက မရှိဘူးလား ဦးလေးရဲ့” ဟု ခင်သန်းငွေက မေးလိုက်သည်။

“မရှိကြဘူးကွယ့်၊ ဈေးထဲမှာ အထည်ဆိုင်ထွက်နေကြလို့ခုတင်ကပဲ မိန်းမလုပ်တဲ့သူက သူ့ယောကျ်ားထမင်းပို့ဆိုပြီး ချိုင့်ဆွဲထွက်သွားလေရဲ့”

“ဩော် ဟုတ်လား”

“ကဲ-ကဲ မောင်ရင်၊ ဦးတို့အိမ်ထဲမှာ ခဏဝင်ပြီး ပတ်တီးစည်းသွားဦးပေါ့။ တော်ကြာ သွေးကျပြီး အနာ ပိုယဉ်းနေဦးမယ်”

သဘောကောင်း မနောကောင်း ရှိဟန်တူသော လူကြီး၏ ဖိတ်ခေါ်ချက်ကြောင့် ကိုအေးဆွေနှင့် ခင်သန်းငွေတို့သည် ကပ်လျက်ရှိသော လူကြီး၏ အိမ်ဝိုင်းထဲသို့ ဝင်ရောက်သွားကြလေသည်။

အိမ်ထဲသို့ရောက်လျှင် လူကြီးသည် ပတ်တီး၊ ဂွမ်းစများကို ယူလာသည်။ ခင်သန်းငွေကလည်း အိမ်ရှင်လူကြီး၏ လက်ထဲမှ ပတ်တီးနှင့် ဂွမ်းစများကို ယူလိုက်ကာ စည်းပေးရန် ပြင်ဆင်နေသည်။ ခွေးကိုက်နာကိုကြည့်ပြီး ဒဏ်ရာမှာ များနေကြောင်း ခင်သန်းငွေက ရိပ်မိလာသည်။

“ဒါနဲ့ ဦးလေး၊ ဝန်မလေးဘူးဆိုရင် မြင်းလှည်း တစ်စီးခေါ်ပေးဖို့ တစ်ဆိတ်ကူညီပါလားရှင်။ ဆေးရုံသွားပြီး ဆေးမထည့် ဘာမထည့်ဆိုရင် အနာက ယဉ်းချင် ယဉ်းသွားမှာ”

ခင်သန်းငွေသည် မိမိကြောင့်ဖြစ်ရသော ကိုအေးဆွေ၏ ခွေးကိုက်နာကို ဆေးရုံသွားပြီး ဆေးထိုး၊ ဆေးထည့်မှသာလျှင် အနာမှာ မယဉ်းနိုင်တော့ဘဲ မြန်မြန်ပျောက်သွားနိုင်ပေမည်ဟု စဉ်းစားလာမိသည်။ နောက်ပြီး မိမိကြောင့် ဖြစ်ရသည်မို့လည်း မိမိက ဤသို့ ပြန်လည်၍ ဂရုတစိုက် ပြုစုပေးရမည့် တာဝန်မှာ မိမိ၏တာဝန်သာဖြစ်သည်ဟု သဘောပေါက်လာမိသည်။

“ဝန်မလေးပါဘူးကွယ်၊ ခေါ်ချင်သပဆိုရင် ခေါ်ပေးရတာပ” ဟု ဆိုကာ လူကြီးသည် ပြောပြောဆိုဆိုနှင့်ပင် ထွက်သွားတော့သည်။ ထိုနောက်တော့ ခင်သန်းငွေသည် ကိုအေးဆွေ၏ ခွေးကိုက်ဒဏ်ရာမှ သွေးများ လောလောဆယ် တိတ်သွားစေရန် ပတ်တီးဖြင့် စည်းပေးနေသည်။

ကိုအေးဆွေမှာမူ ဒဏ်ရာက နာပင်နာငြားသော်လည်း အံကြိတ်ကာ မနာလေဟန် ဆောင်နေသည်။

တကယ်တော့ ကိုအေးဆွေသည် ခင်သန်းငွေ၏ ဖယောင်းတိုင်ချောင်းကလေးများပမာ လှပသော လက်ချောင်းကလေးများဖြင့် မိမိဒဏ်ရာအား ဂရုတစိုက် ကြင်နာယုယစွာ ပတ်တီးစည်းပေးနေသည်ကိုသာ အမှတ်ထင်ထင် ကြည့်မိနေရင်းက ရင်ထဲတွင် တလှိုက်လှိုက်ခုန်၍ ဖိုနေမိသည်။ စိတ်များ လှုပ်ရှားနေသည်။ နောက်ပြီး ကရုဏာရောင်သန်းနေသော ခင်သန်းငွေ၏ မျက်လုံးဝိုင်းကြီးများဆီသို့လည်း မကြာမကြာ ခိုး၍ခိုး၍ ကြည့်နေမိလေသည်။

မကြာမီ လူကြီးသည် မြင်းလှည်းတစ်စီးဖြင့် ပြန်ရောက်လာသည်။ မြင်းလှည်းမှာ ခင်သန်းငွေတို့ မြို့မရပ်ထဲမှ ကိုဘညိုမြင်းလှည်း ဖြစ်လေသည်။

ထိုနောက်တော့ ခင်သန်းငွေတို့သည် လူကြီးအား ကျေးဇူးတင်ရှိပါကြောင်း လှိုက်လှိုက်လှဲလှဲ ပြောဆိုကြပြီး ဆေးရုံလည်း ပိတ်ချိန်နီးကပ်နေပြီဖြစ်သဖြင့် မြင်းလှည်းသမား ကိုဘညိုအား လောဆော်ပြီး ခပ်သုတ်သုတ် မောင်းထွက်လာကြလေသည်။

ခင်သန်းငွေတို့ ဆေးရုံရောက်သောအခါ ဆေးရုံမှာ ပိတ်စပြုလေပြီ။ လူနာများပင် မရှိတော့ပေ။ ဆေးထိုးရန် စောင့်နေသော လူနာ တစ်ဦးစ၊ နှစ်ဦးစသာ ရှိတော့သည်။

ထိုကြောင့်လည်း ခင်သန်းငွေနှင့် ကိုအေးဆွေတို့သည် ဆရာဝန်အခန်းထဲသို့ ခပ်လောလောပင် ဝင်သွားကြသည်။ ဆရာဝန်သည် သူ့အလုပ်စားပွဲမှ ထ၍ပင် နေချေပြီ။

“ဟဲ့ ခင်သန်းငွေတို့ပါလား၊ ဘယ်သူဘာဖြစ်လို့လဲ”

ဆရာဝန်က မတ်တတ်ရပ်ရာမှ ပြန်ထိုင်ပြီး ခင်သန်းငွေအား ရင်းရင်းနှီးနှီးဖြင့် ဆီးနှုတ်ဆက်လိုက်သည်။ နောက်ပြီး ခြေသလုံးပတ်တီးကြီးနှင့် ဖြစ်နေသော ကိုအေးဆွေဘက်သို့လည်း ကြည့်ရင်း အကဲခတ်လိုက်သည်။

ဆရာဝန်၏သမီး မြမြဝင်းမှာ ခင်သန်းငွေတို့နှင့် တစ်တန်းတည်း ကျောင်းနေဖက် ဖြစ်သည်။ ခင်သန်းငွေနှင့် မြမြဝင်းတို့သည် တစ်အိမ်နှင့် တစ်အိမ် ဝင်ထွက်သွားလာနေကြသည် ဖြစ်ရာ မိဘလုပ်သူများကပါ ခင်မင်နေကြသည်။

ကိုအေးဆွေမှာသာ တောသားလည်းဖြစ်၊ ယခုနှစ်မှ အလယ်တန်းကျောင်းမှ အထက်တန်းကျောင်းသို့ ၈ တန်း ကျောင်းသားအဖြစ်နှင့် ပြောင်းရွှေ့ရောက်လာခြင်းဖြစ်၍လည်း မည်သည့်ကျောင်းသူကျောင်းသားနှင့်မှ ခင်မင်ရင်းနှီးမှု မရှိခဲ့သေးချေ။ ယောကျ်ားလေးသူငယ်ချင်း သုံး၊ လေးယောက်နှင့် ခင်မင်ရုံသာ ရှိသေးသည်။

“ဟောဒါ ငွေတို့သူငယ်ချင်း ကိုအေးဆွေလေ။ ငွေအတွက်ကြောင့် ခွေးဝိုင်းအကိုက်ခံရလို့”

ခင်သန်းငွေက ဖြစ်ပျက်ခဲ့ရသည့် အကြောင်းများကို ပြောပြသည်။

“ဟဲ့ နေစမ်းပါဦး၊ ခင်သန်းငွေက အဲဒီဘက်ကို ဘာကိစ္စနဲ့ ရောက်သွားရတာလဲ”

ဆရာဝန်သည် သမီးပျိုရှင်တစ်ဦး၏ ဖခင်ပီပီ ကိုအေးဆွေဘက်သို့ပါ အမှတ်မထင်ကြည့်လိုက်ပြီး မသင်္ကာဟန်ဖြင့် မေးလိုက်သည်။

တကယ်ဆိုတော့လည်း ကိုအေးဆွေနှင့် ခင်သန်းငွေတို့မှာ ၁၄၊ ၅၊ ၆ နှစ် မြီးကောင်ပေါက် အပျိုဖြန်း လူပျိုပေါက်စအရွယ်လေးများ ဖြစ်နေကြသည် မဟုတ်ပါလား။

“ဩော် ကိစ္စလား” ဟု ဆိုကာ ခင်သန်းငွေသည် ကိုအေးဆွေဘက်သို့ ဖျတ်ခနဲ ကြည့်လိုက်မိသည်။ ဆရာဝန်က မိမိနှင့် ကိုအေးဆွေတို့အား ကျောင်းမတက်ဘဲ သမီးရည်းစားအဖြစ်နှင့် တစ်နေရာတွင် ချိန်းတွေ့၍သာဖြစ်သည်ဟု ထင်မှတ်ကာ မေးလိုက်ခြင်းဖြစ်ကြောင်းကိုတော့ ခင်သန်းငွေက တစ်မုဟုတ်ချင်း ရိပ်စားမိလိုက်သည်။ ထိုကြောင့်လည်း မိမိဘာကြောင့် ပြည်တော်သာမြောက် ကွက်သစ်ဘက်သို့ ရောက်သွားရခြင်း၏ အကြောင်းစုံကို ရှင်းပြလိုက်ရသည်။

“အန်ကယ်လည်း စမ်းစမ်းမြင့်ကို သိမှာပေါ့၊ သစ်တောဝန်ထောက်သမီးလေ”

“အေး သိပါတယ်ကွယ်”

“အဲဒီ စမ်းစမ်းမြင့် နေမကောင်းဘူးကြားတာနဲ့ ကျောင်းမတက်မီ စောစောလာပြီး သူတို့အိမ်ကို လူနာသွားမေးတာ။ သိပ်များ နေမကောင်းဖြစ်နေသလားလို့။ အဲဒါ သူတို့အိမ်ကပြန်လာပြီးတော့ ကျောင်းတက်သွားမလို့၊ အဲဟိုဘက်လမ်းကဖြတ်ပြီး ပြန်လာတာ၊ သွားနေကျလမ်း မဟုတ်တော့လည်း ဘယ်နားအိမ်က ခွေးကိုက်တတ်တယ်ဆိုတာ သတိမထားမိဘူးပေါ့။ အဲဒီလိုလာမိလို့ ဒီလိုဖြစ်ရတာ။ ကိုအေးဆွေသာ အချိန်မီ ရောက်မလာရင် ငွေတော့ ...

ခင်သန်းငွေသည် သူ၏ ကျောလေးတွန့်၍ ကြက်သီးမွေးညင်းလေး ထကာ ကြောက်ရွံ့ဟန်လေး လုပ်ပြလိုက်လေသည်။

ထိုနောက်တော့ ဆရာဝန်သည် ကိုအေးဆွေ၏ ခွေးကိုက်ဒဏ်ရာကို သေချာစစ်ဆေးကြည့်ရှုပြီး ဆရာမတစ်ယောက်၏ အကူအညီဖြင့် ဆရာဝန်ကိုယ်တိုင်ပင် ဆေးထည့်ပြီး ပတ်တီးစည်းပေးခြင်း၊ ဆေးထိုးပေးခြင်းများ ပြုလုပ်ပေးလေသည်။

“အန်ကယ်၊ သူက လက်ပံပင်ကနေပြီး ဒီကို ကျောင်းလာတက်တာ။ ငွေတို့ မြမြဝင်းတို့နဲ့ တစ်တန်းထဲလေ”

ဆေးထိုးပြီး၍ လက်ဆေးနေသော ဆရာဝန်အား ခင်သန်းငွေက ပြောလိုက်သည်။

“ဩော် သမီးတို့နဲ့ တစ်တန်းထဲကိုး”

ဆရာဝန်သည် လက်ဆေးပြီးပြီ ဖြစ်၍ လက်သုတ်နေရင်းမှ ကိုအေးဆွေကို ပြုံးကြည့်ရင်း ဆိုလိုက်၏။ သူ့အပြုံးတွင် ရင်းနှီးဖော်ရွေမှု ပါလာသည်။

ကိုအေးဆွေကမူ ဘာတစ်ခွန်းမျှ ဝင်မပြောပေ။ မိမိအကြောင်းများကို ရင်းရင်းနှီးနှီးဖြင့် ပြောပြနေသော ခင်သန်းငွေ၏ စကားများကို အသာနားထောင်နေသလို ဆရာဝန်အားလည်း ပြုံး၍ကြည့်နေ၏။

“ဒီတော့ အန်ကယ်၊ ကိုအေးဆွေရဲ့ အနာပျောက်သွားတဲ့အထိ ဘယ်လိုလုပ်ပြီး ဆေးထိုးဆေးထည့်ရမလဲ။ သူက လက်ပံပင်ရွာမှာ နေတယ်ဆိုတော့ နေ့တိုင်းလာဖို့ဆိုတာ မလွယ်ဘူးထင်တယ်အန်ကယ်”

ဆရာဝန်သည် လက်သုတ်ပဝါကို သူ့နေရာတွင် ပြန်ထားလိုက်ရင်း မျက်မှောင်ကြုတ်၍ အနည်းငယ် စဉ်းစားလိုက်သည်။ ပြီးမှ –

“ကောင်းပြီလေ၊ အနာအတွက် ထည့်ဖို့ဆေးရော၊ စားဖို့ဆေးရော တစ်ပတ်စာ ပေးလိုက်မယ်” ဟု ဆိုကာ သူ့စားပွဲသို့သွားပြီး စာရေးနေသည်။ ထိုနောက် ဆရာဝန်သည် ကိုအေးဆွေအား စာရွက်ကိုပေးရင်း ယခုစားဆေးနှစ်မျိုး၊ အနာထည့်ရန် ဆေးတစ်မျိုးနှင့် ပတ်တီး၊ ဂွမ်းစများပါ ပေးလိုက်မည်၊ စားဆေးကို တစ်နေ့ ဘယ်နှကြိမ် စားရမည်၊ တစ်ကြိမ်စားလျှင် ဘယ်နှလုံး စားရမည်၊ အနာကိုက်လျှင် ဘယ်ဆေးကို စားရမည်၊ အနာကို ဘယ်လိုဖန်ဆေး၍ ဘယ်လိုဆေးထည့်ရမည်၊ နောက်ဘယ်နှရက်နေ့တွင် လာရမည် စသည်ဖြင့် အသေးစိတ် ညွှန်ကြားပြီးနောက် ကွန်ပေါင်ဒါထံတွင် ဆေးများ၊ ပတ်တီး၊ ဂွမ်းစများ ထုတ်ယူသွားရန် ညွှန်ကြားလိုက်လေသည်။

“အန်ကယ်၊ ကိုအေးဆွေရဲ့အနာကို မြန်မြန်ပျောက်အောင် ကုပေးပါနော်။ သူ စာတွေ နောက်ကျမှာ စိုးလို့ပါ”

ယခုတော့ ခင်သန်းငွေသည် ကိုအေးဆွေအပေါ်တွင် ကရုဏာ စေတနာတွေ ယိုဖိတ်စွာဖြင့် ပူပူပင်ပင် ပြောပြတောင်းပန်နေရှာသည်။

“ကိစ္စမရှိပါဘူးကွယ်၊ ပျောက်ပါတယ်။ ဆေးဝါးလည်း အပြည့်အစုံ ပေးလိုက်သားပဲ။ တစ်ပတ်ရှိရင်သာ အနာအခြေအနေကြည့်ရအောင် လှည်းကြုံစီးပြီး လာခဲ့ပေါ့၊ ဟုတ်လား”

ဆရာဝန်သည် နှစ်လိုဖွယ်ရာ ပြုံးရယ်ရင်းက ကိုအေးဆွေဘက်သို့ပါ လှည့်ပြောလိုက်၏။

ထိုနောက်တော့ ခင်သန်းငွေနှင့် ကိုအေးဆွေတို့သည် ဆေးပေးဌာနမှ ဆေးများနှင့် ပတ်တီး၊ ဂွမ်းစများကို သွားရောက်ထုတ်ယူပြီး ထွက်လာကြသည်။

**ဆက်လက်ဖော်ပြပါမည်။**

**“ကိုအေးဆွေမှာမူ ဒဏ်ရာက နာပင်နာငြားသော်လည်း အံကြိတ်ကာ မနာလေဟန် ဆောင်နေသည်။ တကယ်တော့ ကိုအေးဆွေသည် ခင်သန်းငွေ၏ ဖယောင်းတိုင်ချောင်းကလေးများပမာ လှပသော လက်ချောင်းကလေးများဖြင့် မိမိဒဏ်ရာအား ဂရုတစိုက် ကြင်နာယုယစွာ ပတ်တီးစည်းပေးနေသည်ကိုသာ အမှတ်ထင်ထင် ကြည့်မိနေရင်းက ရင်ထဲတွင် တလှိုက်လှိုက်ခုန်၍ ဖိုနေမိသည်။ စိတ်များ လှုပ်ရှားနေသည်။ နောက်ပြီး ကရုဏာရောင်သန်းနေသော ခင်သန်းငွေ၏ မျက်လုံးဝိုင်းကြီးများဆီသို့လည်း မကြာမကြာ ခိုး၍ခိုး၍ ...”**

ဆရာမောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

# စစ်တွေမြို့၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမျိုးသား၊ အမျိုးသမီး မီနီမာရသွန် အပြေးပြိုင်ပွဲ ကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၅**

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်အပြေးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ကမ်းနားလမ်းနှင့်ရှုခင်းသာလမ်းဆုံရှိ စစ်တွေမြို့စာတိုက်ကြီးရှေ့၌ ကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများ၊ အားကစားဝါသနာရှင်လူငယ်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင် အားကစားသမားများကို အချက်ပြသေနတ်ပစ်ဖောက်အချက်ပေး၍ တာလွှတ်ပေးရာ ပြိုင်ပွဲဝင် အားကစားသမားများက ကမ်းနားလမ်း–ရှုခင်းသာလမ်း– စစ်တွေဗျူးပွိုင့်– စစ်တွေဟိုတယ်ရှေ့ပွိုင့် လမ်းခြေနှင့် စာတိုက်ကြီးရှေ့စုရပ်နေရာသို့ ပြန်လည်ပန်းဝင်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရရှိသည့် အားကစားသမားများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တီးတိန်မြို့၌ ဌာနဆိုင်ရာဝန်ထမ်းများ ပထမအကြိမ် ထမနဲထိုးပြိုင်ပွဲကျင်းပ

**တီးတိန် ဖေဖော်ဝါရီ ၅**

ချင်းပြည်နယ် တီးတိန်မြို့၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ ပထမအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲပိုင်းက ထေရဝါဒဗုဒ္ဓသာသနာပြုဇဟိုကျောင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ငြိမ်းချမ်းက အမှာစကားပြောကြားခဲ့ပြီး ထမနဲထိုးပြိုင်ပွဲနှင့် ပတ်သက်သည့် စည်းကမ်းချက်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းက ဖတ်ကြားခဲ့သည်။

အဆိုပါထမနဲထိုးပြိုင်ပွဲတွင် ဌာနဆိုင်ရာများမှ အသင်း ငါးသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသည့် ပြိုင်ပွဲဝင်အသင်းများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် သင်္ဘောသားများအပန်းဖြေစခန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၅**

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများ အဖွဲ့ချုပ်က ကြီးမှူး၍ ပြည်တွင်း ပြည်ပမှ သင်္ဘောသားများကို ထောက်ပံ့ပေးရန် ရည်ရွယ်ချက်ဖြင့် သင်္ဘောသားများနှင့် မိသားစုဝင်များအတွက် အပန်းဖြေစခန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက် ညနေက ဗိုလ်တထောင်မြို့နယ်ဆိပ်ကမ်းရှိ Vintage Luxury Yacht Hotel ( Floating Hotel) တွင် ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသား



အလုပ်သမားများအဖွဲ့ချုပ်နာယကများ၊ အမှုဆောင်များ၊ သင်္ဘောသားများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန်စိုးမင်းအောင်က မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်သည် ပြည်တွင်းသာမက ပြည်ပမှရောက်ရှိလာသည့် သင်္ဘောသားများကိုပါ ထောက်ပံ့ပေးရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာပင်လယ်ပြင်တွင် တာဝန်ထမ်းဆောင်စဉ် မိသားစုများနှင့် ခွဲခွာ၍ ကာလရှည်ကြာစွာ တာဝန်ထမ်းဆောင်ကြပြီး နိုင်ငံအတွက် တရားဝင်နိုင်ငံခြားငွေ ရှာဖွေပေးကြသည့် မြန်မာသင်္ဘောသားများ မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိစဉ် အပန်းဖြေအနားယူနိုင်ရန်အတွက် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်က အပန်းဖြေစခန်းဖွင့်လှစ်နိုင်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း၊ အပန်းဖြေစခန်း ဖွင့်လှစ်ထားရှိသည့် Vintage Luxury Yacht Hotel ( Floating Hotel ) မှာ ၁၉၂၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့ပြီး သက်တမ်း နှစ် ၁၀၀ ရှိ သင်္ဘောကြီးဖြစ်ပြီး အဆိုပါ သင်္ဘောပေါ်တွင် စားသောက်ခန်းမပါရှိပြီး ဟိုတယ်ခန်းတွင် တည်းခိုအနားယူနေနိုင်ကြောင်း၊ SPA အခန်းတွင် အနားယူကျန်းမာရေး စောင့်ရှောက်မှုရယူနိုင်ကြောင်း ပြောကြားသည်။


**မျိုးမင်းသူရ**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## လေနှင်ရာရွှေ့လွမ်းငွေ့တိမ်တောင်





စာရေးသူ ကိုထွန်းရင်(အဏ္ဏဝါ) စီစဉ်ရေးသားသည့် လေနှင်ရာရွှေ့လွမ်းငွေ့တိမ်တောင် လူငယ်ဝတ္ထုတိုများ စာအုပ် ထွက်ရှိလာသည်။

တစ်နေ့တွင် စာရေးသူ၏အိမ်သို့ ငါးနှစ်အရွယ်ခန့် ‘ဝ’ လူမျိုးကလေးငယ်တစ်ယောက် ရောက်ရှိလာသည်။ သူ့ဦးလေးဖြစ်သူက ခိုင်းချင်ရာခိုင်းပါ၊ ပညာသင်ပေးပါဆိုပြီးလာအပ်သည်။ မည်မည်ရရ ခိုင်း၍ရမည့် အရွယ်မဟုတ်မှန်းသိသော်လည်း တောက်တိုမည်ရ အဖော်ရလျှင် တော်လှပါပြီသဘောထား၍ လက်ခံထားလိုက်သည်။ တာဝန်ရှိသည့်အလျောက် ကျောင်းအပ်နှံပေးရသည်။ ကျောင်းတက်၍ အသားကျနေချိန် ကျောင်းအားသောနေ့တစ်နေ့တွင် သူ့အမေကို ဖုန်းပြောချင်သည်ဟု ဆိုသည်။ မိခင်ကိုအောက်မေ့သည် ထင်၏။ မိခင်၏ရင်ခွင်တွင် နေရမည့်အရွယ်ကိုး။ ဖုန်းပြောခွင့်ပေးလိုက်သည်။ သားက ‘ဝ’ စကားမတတ်တော့ဘူး။ မေ့နေပြီ၊ မြန်မာလိုပဲပြောတတ်တော့တယ်၊ အမေကလည်း မြန်မာစကားကို ကောင်းကောင်းနားမလည်ဘူး။ ‘ဝ’ လိုပြောမှ နားလည်တယ်ဟု ရုတ်တရက်ပြောလေသည်။ မိခင်ကို ဖုန်းပြောမည့်ဆဲဆဲ ကလေးငယ်၏ရင်တွင်းမှ ခုန်ထွက်လာသောစကားသည် စာရေးသူ၏ရင်ကို ဆို့နင့်သွားစေသည်။ မျက်ရည်တို့ဖြင့် ဝေ့နေသော ကလေးငယ်ကို မည်သို့အားပေးရမှန်းမသိအောင် ဖြစ်သွားပါတော့သည်။ ထိုအဖြစ်အပျက်ကလေးကို အကြောင်းပြု၍ အကျိုးဆက်အဖြစ် လေနှင်ရာရွှေ့လွမ်းငွေ့တိမ်တောင်အမည်ရှိ အဆိုပါဝတ္ထုကလေး တစ်ပုဒ်ကို မွေးဖွားသန့်စင်ခဲ့လေသည်။

အဆိုပါစာအုပ်တွင် စာရေးသူက လူငယ်များအား လူငယ်ဘဝအတွေ့အကြုံကိုမျှဝေပေးချင်သည်။ ဆောင်ရန်၊ ရှောင်ရန်တို့ကို ကွဲကွဲပြားပြား သိစေချင်သည်။ ကောင်းသောအတွေး၊ ကောင်းသော လုပ်ဆောင်မှုတို့ဖြင့် ကောင်းသောဘဝများကို ပိုင်ဆိုင်စေချင်သည်။ ကြီးပွားတိုးတက်စေချင်သည်။ လူငယ်တို့၏အနာဂတ် လင်းလက်တောက်ပစေလိုသောဆန္ဒ စေတနာတို့သည် သူ့၌အမြဲရှိသည်ဟု ဆိုသည်။

စာအုပ်ကို ကိုထွန်းစာပေ၊ အမှတ် (၂၃၇) မြေညီ၊ (၃၆) လမ်း (အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၈၃၇၅၉၅၂နှင့် ၀၉–၄၂၁၀၆၀၆၅၄တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။

## ဆိုင်းမဆင့် ဗုံမဆင့်နှင့် သူ၏ရိုးရင်းများ




စာရေးသူ သန်းလင်း(ရွှေချောင်း–ပခုက္ကူ) စီစဉ်ရေးသားသည့် ဆိုင်းမဆင့် ဗုံမဆင့်နှင့် သူ၏ရိုးရင်းများ စာအုပ် ထွက်ရှိလာသည်။

တစ်နေ့၌ ကျောင်းသို့ နေ့စဉ်ဖယ်ရီကားနှင့် ကျောင်းတက်လေ့ရှိသော မခင်သဲကို ကျောင်းအဆင်းမှာ အိမ်သို့ စက်ဘီးနှင့် လိုက်ပို့ခဲ့ရာ လမ်းခုလတ်တစ်နေရာတွင် မခင်သဲ၏ ရည်းစားဟောင်းဆိုသူက လူမိုက်တစ်စုနှင့်အတူ ကျွန်ုပ်တို့စက်ဘီးကိုဆွဲ၍ ရန်စကားစလာ၏။ စာမေးပွဲဖြေဆိုဖို့လည်း နှစ်ရက်သာလိုတော့သည်။ ဒီပြဿနာကို ခုချက်ချင်း ဖြေရှင်းရမှာမဟုတ်သေးဘူးဟူသော သတိကဝင်လာသဖြင့် အသာငြိမ်နေလိုက်သည်။ နောက်တစ်နေ့တွင် ကျောင်းမတက်မီ သူငယ်ချင်းတွေစု၍ တိုင်ပင်နေမိ၏။ ခုရက်ပိုင်းမှာ ပြဿနာဆက် မဖြစ်အောင် နင်တို့နှစ်ယောက်ခပ်ကင်းကင်းနေသင့်တယ်ဟု သူငယ်ချင်းကိုမြလွင်က စကားစလိုက်ရာ မခင်သဲက ဘာမှရှောင်နေစရာမလိုဘူး။ ကိုယ့်လမ်းကိုယ်လျှောက်မယ်ဟု ခပ်ပြတ်ပြတ်ဆိုလေသည်။ အားလုံး ခဏတာငြိမ်နေကြစဉ် မချိုချိုက စကားတစ်ခွန်းဆိုလာသည်။ ဒီပြဿနာက နင်တို့နှစ်ယောက် ညားမှအေးမှာ။ စာမေးပွဲပြီးရင် ခိုးပြေးကြ။ ခုယူတာနဲ့ နောက်ယူတာပဲကွာမယ်ဟု လမ်းကြောင်းပေးနေ၏။

ထိုစကားကြားလိုက်ရသော မခင်သဲက စိန်လိုက်လေ ကြာသလားလို့၊ ခေါ်ရင်လိုက်မှာနော်။ ကိုလင်းကို ချစ်တယ်ဆိုတာ သင်သေပြချင်လို့၊ ကိုမြလွင်၊ ကိုဇော်လင်း၊ မချိုချိုဝင်း၊ မကြည်ကြည်ဝင်း၊ မခင်သဲနှင့် ကျွန်ုပ်တို့စုထိုင်နေကြသော်လည်း ကျွန်ုပ်တစ်ယောက်တည်းသာ ဘာစကားမှဝင်မပြောဖြစ်။ မခင်သဲမှာ ရည်းစား ၁၀ ယောက်ရှိစေကာမူ လောလောဆယ် သူ့အချစ်ကိုသိမ်းပိုက်နိုင်သူက စာရေးသူပင်ဖြစ်သည်။ စာရေးသူကသာခိုးပြေးရင် လိုက်မယ်ဆိုသည့်မခင်သဲ၏ ဘွာမခတ်သော စိန်ခေါ်မှုက ကျွန်ုပ်၏ဘဝကို လုံးဝပြောင်းလဲစေခဲ့သည်။ ဥစ္စာနဲ့ ပညာမပြည့်စုံသေးသည့်ကျောင်းသားဘဝမှ အိမ်ထောင်သည်ဘဝကို ဆိုင်းမဆင့် ဗုံမဆင့်တည်ဆောက်တော့မည်ဟု စာရေးသူက ရူးရူးမိုက်မိုက် ဆုံးဖြတ်ချက်ချခဲ့မိတော့သည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ်(၂၁၉)၊ လမ်း(၄၀–လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၇၁၃၉၄၇၇ နှင့် ၀၉–၇၆၀၄၆၈၁၃၈တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။

# အာတီတာရဲ့ ဇန်နဝါရီဈေးကွက် ကစားသမားသစ်ခေါ်ယူမှု ပရီမီယာလိဂ်ဖလားရရှိရေး မျှော်လင့်ချက်ရှင်သန်ခွင့်ရှိနိုင်မလား



*နည်းပြအာတီတာရဲ့ အာဆင်နယ်အသင်းဟာ ယခုနှစ် ဇန်နဝါရီ ဈေးကွက်အတွင်းမှာ ကစားသမားသစ် ခေါ်ယူမှုအဖြစ် လီအန်ဒရိုထရော့ဆက်၊ ဂျာကွတ်ကီဝီဝါနဲ့ ဂျော်ဂျင်ဟိုတို့ကို ပြောင်းရွှေ့ကြေးပေါင် စုစုပေါင်း ၅၉ သန်းပေးပြီး ခေါ်ယူခဲ့ပါတယ်။*

အာဆင်နယ်အသင်းက တကယ်တမ်းခေါ်ယူဖို့ ဦးစားပေးပစ်မှတ်ထားခဲ့တာက မိုင်ခေလိုမူဒရစ်နဲ့ ဗွိုက်ဆက်ဆိုင်စီဒိုတို့ဖြစ်ပေမယ့် အဲဒီကစားသမားနှစ်ဦးကို မခေါ်ယူနိုင်ခဲ့ဘဲ ဒုတိယဦးစားပေးကစားသမားတွေဖြစ်တဲ့ လီအန်ဒရိုထရော့ဆက်၊ ဂျာကွတ်ကီဝီဝါနဲ့ ဂျော်ဂျင်ဟိုတို့ကိုသာ ခေါ်ယူနိုင်ခဲ့တာဖြစ်ပါတယ်။

နည်းပြအာတီတာနဲ့ အားကစားဒါရိုက်တာ အက်ဒူတို့ကတော့ အခုဘောလုံးရာသီမှာ အာဆင်နယ်အသင်း ပရီမီယာလိဂ်ဖလားရရှိဖို့အတွက် အကောင်းဆုံးပြင်ဆင်ထားကြတယ်လို့ ဆိုပါတယ်။

အာဆင်နယ်အသင်းရဲ့ အပြောင်းအရွှေ့ကာလ ကစားသမားသစ်ခေါ်ယူမှုမူဝါဒကိုကြည့်ရင် လူငယ်ကစားသမားတွေကို ဦးစားပေးတဲ့အစဉ်အလာတွေရှိခဲ့ပါတယ်။ အခုဇန်နဝါရီဈေးကွက်အတွင်း အာဆင်နယ်အသင်း ခေါ်ယူခဲ့တဲ့ ကစားသမားတွေကို ကြည့်မယ်ဆိုရင် လီအန်ဒရိုထရော့ဆက်က ၂၈ နှစ်၊ ဂျော်ဂျင်ဟိုက ၃၁ နှစ်ရှိပြီဖြစ်တာကြောင့် အာဆင်နယ်အသင်းရဲ့ ပုံမှန်ကစားသမားသစ်ခေါ်ယူတဲ့ အသက်အရွယ်ကို အနည်းငယ်ကျော်လွန်နေတာ တွေ့ရပါတယ်။

အဲဒါဟာ အာဆင်နယ်အသင်းအနေနဲ့ ခေါ်ယူချင်တဲ့လူငယ်ကစားသမားတွေကို မခေါ်ယူနိုင်ခဲ့ခြင်းလို့ ဆိုရမှာလား။ အဲဗာတန်အသင်းကို မရှုံးနိမ့်မီ ပရီမီယာလိဂ် ၁၉ ပွဲကစားပြီးချိန်မှာ လက်ရှိပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းကို ငါးမှတ်ဖြတ်ပြီး ဦးဆောင်ထားနိုင်ပြီဖြစ်တာကြောင့် တောင့်တင်းတဲ့ကစားသမားစုဖွဲ့မှုလို့ ယူဆထားလေသလား။

လက်ရှိအချိန်ဟာ ပရီမီယာလိဂ်ဘောလုံးရာသီရဲ့ ပထမရာသီဝက်လို့ပဲ ဆိုရမယ်။ ဒုတိယရာသီဝက်ကျန်သေးတယ်။ ဒါကြောင့် နောက်လာမယ့် ပရီမီယာလိဂ်ပွဲစဉ်တွေဟာ ပရီမီယာလိဂ်ဖလားရရှိရေး၊ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေး၊ ယူရိုပါလိဂ်ဝင်ခွင့်ရရှိရေး၊ တန်းဆင်းဇုန်အတွင်းကနေ လွတ်မြောက်ပြီး ပရီမီယာလိဂ်ပြိုင်ပွဲမှာ ဆက်လက်ရပ်တည်ခွင့်ရရှိရေး စတဲ့ အသင်းရဲ့သမိုင်းအတွက် အရေးပါတဲ့ပွဲစဉ်တွေရှိသေးတာမို့ အသင်းရဲ့ ဝင်ငွေ/ထွက်ငွေအပေါ် တွက်ဆကာ ငွေသုံးစွဲနိုင်တဲ့အသင်းတိုင်းက ကစားသမားသစ်ခေါ်ယူရေး ကြိုးပမ်းခဲ့ကြတာဖြစ်ပါတယ်။

အာဆင်နယ်အသင်းအနေနဲ့ ဂျော်ဂျင်ဟိုကို ခေါ်ယူခဲ့ခြင်းဟာ အတွေ့အကြုံရင့်ကျက်တဲ့ ကစားသမားတစ်ဦးဖြစ်တာကြောင့် ခေါ်ယူခဲ့တာဖြစ်ပြီး ဂျော်ဂျင်ဟိုဟာ ၂၀၂၁ ခုနှစ်အတွင်းက အီတလီနိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ဥရောပချန်ပီယံရှစ်(ယူရို ၂၀၂၀)၊ ချယ်လ်ဆီးအသင်းနဲ့အတူ ဥရောပချန်ပီယံလိဂ်၊ ဥရောပစူပါဖလား စတဲ့ ဥရောပဖလားတွေကို တစ်နှစ်အတွင်းရရှိခဲ့တဲ့ ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် ကနဦးပွဲစဉ်တွေမှာ ခြေစွမ်းမပြနိုင်ခဲ့ရင် အတွေ့အကြုံရင့်ကျက်မှုအရ နောက်ပွဲစဉ်တွေမှာ အသင်းအတွက်အားထားရမယ့် ကစားသမားတစ်ဦးလို့လည်း သုံးသပ်ထားကြပါတယ်။

ဒါပေမယ့် နည်းပြအာတီတာအနေနဲ့ ဘင်ဝိုက်၊ ဇင်ချန်ကို၊ အီမိုင်းစမစ်၊ ဘူကာယိုဆာကာ၊ ဂျီးဆပ် စတဲ့ ကစားသမားတွေ ခေါ်ယူခဲ့ပြီးနောက် အာဆင်နယ်အသင်းရဲ့ ခြေစွမ်းကတော့ ရပ်တန့်မရခဲ့တာ အမှန်ပါ။ လက်ရှိအဲဒီကစားသမားတွေအပါအဝင် အသင်းလိုက်စုဖွဲ့မှုတွေကောင်းနေပေမယ့် လက်ကျန်ရာသီဝက်အတွင်းမှာ ဒဏ်ရာရသူ၊ ပုံမှန်ခြေစွမ်းပျောက်ဆုံးသူတွေ ရှိလာနိုင်တာကြောင့် အာဆင်နယ်အသင်းအနေနဲ့ ၂၀၀၄ ခုနှစ်နောက်ပိုင်း ပရီမီယာလိဂ်ချန်ပီယံဆုဖလားကို ရရှိနိုင်ဖို့ မျှော်လင့်ထားတယ်ဆိုရင် ဇန်နဝါရီဈေးကွက်အတွင်း ကစားသမားကောင်းတွေထပ်မံခေါ်ယူပြီး စုဖွဲ့မှုအားကောင်းတဲ့အသင်းဖြစ်ရေး တည်ဆောက်ဖို့လိုတယ်လို့ အဲဗာတန်အသင်းကို ရှုံးနိမ့်ပြီးတဲ့ပွဲစဉ်မှာ သုံးသပ်သူတွေက ဆိုကြပါတယ်။

ဖေဖော်ဝါရီ ၄ ရက်ညပိုင်းက ဂွတ်ဒီဆင်ပက်မှာ အဲဗာတန်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ပွဲကြုံခဲ့ရပြီးချိန်မှာ ဇန်နဝါရီဈေးကွက်အတွင်း အာတီတာရဲ့ ကစားသမားသစ်ခေါ်ယူမှုက ပရီမီယာလိဂ်ဖလားရရှိရေး မျှော်လင့်ချက်ရှင်သန်ခွင့်ရှိနိုင်မလားဆိုတာနဲ့ ပတ်သက်ပြီး ဝေဖန်မှုတွေ ထွက်ပေါ်ခဲ့ပါတယ်။ အဲဒီဝေဖန်ချက်တွေနဲ့ပတ်သက်ပြီး အာတီတာအနေနဲ့ နောက်လာမယ့်ပွဲစဉ်တွေမှာ ဘယ်လို အကောင်းဆုံးရလဒ် ရယူပြနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

## တူးလော့အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဇယားထိပ်မှာ ရှစ်မှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်နိုင်ခဲ့တဲ့ ပီအက်စ်ဂျီ

ပီအက်စ်ဂျီအသင်းနဲ့ တူးလော့အသင်းတို့ ဖေဖော်ဝါရီ ၄ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြင်သစ်ပထမတန်းပြိုင်ပွဲ ပွဲစဉ် ၂၂ မှာ ပီအက်စ်ဂျီအသင်းက တူးလော့အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

ပီအက်စ်ဂျီအသင်းနဲ့ တူးလော့အသင်းတို့ ပွဲစဉ်မှာ တူးလော့အသင်းက ပထမပိုင်းပွဲကစားချိန် မိနစ် ၂၀ မှာ ဗန်ဒင်ဘိုမန်းရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် ပီအက်စ်ဂျီအသင်းက ၃၈ မိနစ်မှာ ဟာကီမီနဲ့ ၅၈ မိနစ်မှာ မက်ဆီတို့က တစ်ဂိုးစီသွင်းယူပေးခဲ့လို့ ပီအက်စ်ဂျီအသင်းက အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။



ပီအက်စ်ဂျီအသင်းဟာ တူးလော့အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ပွဲစဉ် ၂၂ ပွဲ ကစားပြီးချိန်မှာ ၅၄ မှတ်အထိ စုဆောင်းနိုင်ခဲ့တာကြောင့် အမှတ်ပေးဇယားဒုတိယနေရာက မားဆေးလ်အသင်းကို ရှစ်မှတ်ဖြတ်ကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ လက်ရှိအချိန်မှာ အသင်းအတွက် အားထားရတဲ့ တိုက်စစ်မှူးတွေဖြစ်တဲ့ အမ်ဘာတ်ပီနဲ့ နေမာတို့ မပါဝင်နိုင်ခဲ့ပေမယ့် အသင်းအတွက် အကောင်းဆုံးရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး အခုပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးမက်ဆီဟာ အခုဘောလုံးရာသီမှာ ပီအက်စ်ဂျီအသင်းနဲ့အတူ ပြင်သစ်ပထမတန်းသွင်းဂိုး ၁၀ ဂိုး သွင်းယူနိုင်ခဲ့ပြီဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

## ဘောလုံးလောက သတင်းတိုများ

- ချယ်လ်ဆီးအသင်းဟာ နာပိုလီအသင်းမှ အသက် ၂၄ နှစ်အရွယ် နိုင်ဂျီးရီးယားတိုက်စစ်မှူး ဗစ်တာအိုစင်ဟန်းကို ခေါ်ယူဖို့ မန်ယူအသင်းနဲ့ အပြိုင်ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။
- ပီအက်စ်ဂျီအသင်းဟာ အာဂျင်တီးနား တိုက်စစ်မှူး လီယွန်နယ်မက်ဆီကို စာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးမှုများ ပြုလုပ်သွားမှာဖြစ်တယ်လို့ သိရပါတယ်။
- ဘာစီလိုနာအသင်းဟာ နည်းပြဇာဗီက အာဂျင်တီးနား နောက်တန်းကစားသမား ဂျူအန်ဖွိုက်အား ခေါ်ယူဖို့ ဆန္ဒရှိနေတာကြောင့် နွေရာသီဈေးကွက်တွင်း ခေါ်ယူသွားရေး စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။
- မန်ယူအသင်းနည်းပြ အဲရစ်တန်ဟက်ဟာ နောက်တန်းကစားသမား မက်ကွိုင်းယား၊ ကွင်းလယ်ကစားသမား အမ်တိုမီနေးနဲ့ တိုက်စစ်မှူး မာရှယ်တို့ကို နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ အသင်းကနေ ထွက်ခွာခွင့်ပြုဖို့ စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။

# (၇၆) ကြိမ်မြောက် မွန်အမျိုးသားနေ့ တနင်္သာရီတိုင်းဒေသကြီးတွင် ကျင်းပ

**ထားဝယ် ဖေဖော်ဝါရီ ၅**

နှစ်စဉ် တပို့တွဲလပြည့်ကျော် ၁ ရက်နေ့ ကျရောက်တိုင်း ကျင်းပသည့် မွန်အမျိုးသားနေ့ အခမ်းအနားသည် သမိုင်းအစဉ်အလာ၊ ဂုဏ်သိက္ခာကြီးမားခဲ့သည့် လူမျိုးတစ်မျိုး၏ အထွတ်အမြတ်ဖြစ်သည့် အားလျော်စွာ မွန်လူမျိုးအားလုံး မိမိတို့ရောက်ရှိနေထိုင်ကြသည့် နေရာဒေသအနှံ့အပြားတွင် ကျင်းပလျက်ရှိကြောင်း တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ယနေ့နံနက် ၈ နာရီက ထားဝယ်မြို့တော်ခန်းမ၌ ကျင်းပသည့် (၇၆)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားတွင် ပြောကြားသည်။

**အတူတကွပေါင်းစည်း**

တိုင်းဒေသကြီး ဝန်ကြီးချုပ်က (၇၆) ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို ကျင်းပရခြင်းမှာ မွန်လူမျိုးတို့၏ ဘာသာစကား၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း၊ သမိုင်းအစဉ်အလာများ မပျောက်ကွယ် မတိမ်ကောသွားစေရန်၊ ထိန်းသိမ်းသွားရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ မွန်လူမျိုးတို့၏ ဇာတိသွေး၊ ဇာတိမာန် အစဉ်နိုးကြားပြီး စည်းလုံးညီညွတ်မှုရှိစေရန်၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး အတူတကွပေါင်းစည်းပြီး စစ်မှန်သောဖက်ဒရယ် ပြည်ထောင်စုကိုတည်ဆောက်သွားရန် စသည့် ကောင်းမြတ်သော ရည်ရွယ်ချက်များဖြင့် ကျင်းပသည်ကို တွေ့ရကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းများ တိမ်ကောပျောက်ကွယ်မှု မရှိစေရန် အလေးအနက်ထား ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက အခမ်းအနားသို့ တက်ရောက်လာသော မွန်လူမျိုးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေး စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူ ဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက်တွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက လင်းခေးမြို့ရှိ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များရှိ စိုက်ပျိုးမွေးမြူရေးခြံများအတွင်း ရာသီသီးနှံများ၊ တစ်ရှူးငှက်ပျော၊ စင်တင်သီးနှံများ စိုက်ပျိုးထားမှုနှင့် ဥစားကြက် မွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❖ ပါရီအိုလံပစ်မှ**

လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်နေပြီး ပဏာမကစားသမားများကို ကျင်းပပြီးစီးခဲ့သည့် အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ခြေစွမ်းပြခဲ့သူများဖြင့် ဖွဲ့စည်းထားကာ စီနီယာကစားသမားများကို အခြေခံကာ လူငယ်ကစားသမားများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇန်နဝါရီမှစတင်ကာ ပြည်တွင်းခြေစမ်းပွဲများ ကစားလျက်ရှိပြီး ဖေဖော်ဝါရီလ သို့မဟုတ် မတ်လတွင် နိုင်ငံတကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ပါရီအိုလံပစ် ပထမအဆင့်ခြေစစ်ပွဲတွင် အီရန်၊ ဘင်္ဂလားဒေ့ရှ်၊ မော်လ်ဒိုက်အသင်းတို့နှင့် အုပ်စု (ခ) တွင် ကျရောက်နေသည်။ ခြေစစ်ပွဲကို အုပ်စုခုနစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ထိပ်ဆုံးရပ်တည်မှုရ တစ်သင်းစီသာ ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-သော်ကြီး**

■

# အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကျင်းပမည့်ရက် သတ်မှတ်

**ရန်ကုန် ဖေဖော်ဝါရီ ၅**

မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၄ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကျင်းပမည့်ရက် သတ်မှတ်ခဲ့ပြီး စက်တင်ဘာလတွင် ကျင်းပသွားမည်ဖြစ်သည်။

ယင်းခြေစစ်ပွဲကို စက်တင်ဘာ ၄ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အာရှဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံ ၄၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများစွာ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာရှဖလား ယူ-၂၃ ခြေစစ်ပွဲမှာ ၂၀၂၃ ခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်အတွင်း ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် မေလတွင် ကမ္ဘောဒီးယားနိုင်ငံ၌ကျင်းပမည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး စက်တင်ဘာလတွင် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ၊ အောက်တိုဘာလတွင် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၊ ဒီဇင်ဘာလတွင် အာဆီယံ ယူ-၂၂ ချန်ပီယံရှစ်ပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာရှဖလား ယူ-၂၃ ပြိုင်ပွဲ (ယခင် အာရှ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ) ကို ၂၀၁၄ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာအသင်းအနေဖြင့် ၂၀၁၄ ပြိုင်ပွဲ တစ်ကြိမ်သာ ခြေစစ်ပွဲအောင်မြင်ခဲ့ကာ နောက်ပိုင်းကျင်းပသည့် ၂၀၁၆၊ ၂၀၁၈၊ ၂၀၂၀၊ ၂၀၂၂ ပြိုင်ပွဲတို့တွင် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိပေ။

မြန်မာအသင်းသည် ယခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲအားလုံးအတွက် တပေါင်းတည်းလေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်ပြီး နည်းပြသစ် ခန့်အပ်ပြီးပါက ပြင်ဆင်မှုများပြုလုပ်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်း၏ ယခင်နည်းပြချုပ်ဖြစ်သူ ဘူလ်ဂေးရီးယားနိုင်ငံသား ပိုပေါ့ဗ်သည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလဆန်းပိုင်းတွင် ရာထူးမှ နုတ်ထွက်သွားသဖြင့် နည်းပြသစ် ခန့်အပ်ရန် စီစဉ်နေခြင်းဖြစ်သည်။

**ကိုညီလေး**

# ရေချွေတာရေး နည်းလမ်းများ

- ❖ **သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။**
- ❖ **သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။**
- ❖ **ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။**
- ❖ **ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)နှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

**○ ကျောဖုံးမှ**

တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် လယ်ယာမြေစိုက်ခင်းများအရောက် နှစ်စဉ်ဖြန့်ဝေ ဆောင်ရွက်ပေးလျက်ရှိသည်။

"ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီအတွက် ဒေသခံတောင်သူတွေကို စိုက်ပျိုးရေဖြန့်ဝေပေးရာ မဲဇလီရေလှောင်ဆည်မှ ဆည်ရေတွေကို တောင်မုန်းမြောင်းမကြီးနဲ့ မြောက်မုန်းမြောင်းမကြီးတို့မှ တစ်ဆင့် နွေစပါး၊ နွေနှမ်းနဲ့ အခြားနွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရန် ဖြန့်ဝေဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေဖြန့်ဝေပေးမှုနဲ့ ပတ်သက်ပြီး လယ်ယာလုပ်ငန်းခွင် ကြိုတင်ပြင်ဆင်နိုင်ဖို့၊ စိုက်ပျိုးရေကို အကျိုးရှိရှိသုံးစွဲကြဖို့နဲ့ စိုက်ပျိုးရေ ရယူသုံးစွဲရာမှာ ဆင်ခြင်သတိပြုရမည့် အချက်တွေကို တောင်သူတွေသိရှိစေရန်အတွက် အသိပေးဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ စိုက်ပျိုးရေဖြန့်ဝေပေးမယ့် ရက်ကတော့ ဖေဖော်ဝါရီ ၁၅ ရက်ကစပြီး ဇွန် ၁၅ ရက်အထိ ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။ ဒီနှစ်က နွေစပါးအတွက် တောင်မုန်းမြောင်းမကြီးက တစ်ဆင့် ဖြန့်ဝေပေးသွားမှာဖြစ်ပြီး နွေနှမ်းနဲ့ အခြားနွေသီးနှံအတွက်က မြောက်မုန်းမြောင်းမကြီးက တစ်ဆင့် ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲထွန်းအောင်က ပြောသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလှောင်ဆည်ရေဖြင့် တောင်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာတွင် နွေစပါး ၂၉၅၄၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ပြီး မြောက်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာတွင် နွေနှမ်း ၂၇၁၉၃ ဧကနှင့် အခြား နွေသီးနှံ ၃၆၈၇ ဧက စုစုပေါင်း နွေသီးနှံစိုက်ဧက ၆၀၄၂၈ ဧက စိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**


**ကန့်ကွက်ရန်ရှိ-မရှိ အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်-၁၄(ပထမထပ်-ခြေရင်းခန်း)ဟုခေါ်တွင်သော (၁၂½'x ၅၀')ပေအကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ဆက်စပ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဦးကိုကိုအောင်[၁၄/ပသန(နိုင်)၀၀၃၄၄၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ပြီးမြောက်သည်အထိ တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးငွေးလွင် B.Sc., R.L., M.A(Business Law)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၈)**
**အမှတ်-၃၃၊ ဂန္ဓမာလမ်း၊ မုန့်လုပ်ဆောင်းကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၆၀ ဆူ | ၁၆၀ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | သုခမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၄၃၂၉. ၀၂ | ၂ | - | ၂ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၅၈၂၆. ၀၅ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၈. ၇၅ | ၁ | - | ၁ |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးငယ်(အနောက်ဘက်) | ၁၂၂၀ | ၁ | - | ၁ |
| ၈။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၁၁။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၇၁ ခန်း | ၃၈၄ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၃၂ ခု | ၅၂၀ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၅. ၄၀ | ၂၁၁၉. ၅၃ ကျင်း | ၇၅ ကျင်း | ၂၀၄၄. ၅၃ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈ ကျင်း | ၂၇ ကျင်း | ၁၉၁ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၄. ၅၀ | ၅၉၁၁ ကျင်း | ၂၃ ကျင်း | ၅၈၈၈ ကျင်း |
| ၁၉။ | ကြွေပြား ၁ ကျင်းနှုန်း | ၃. ၆၀ | ၁၇၃၆ ကျင်း | ၃၁၀ ကျင်း | ၁၄၂၆ ကျင်း |
| ၂၀။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၂၈ သိန်း | ၁၇၄၀၃ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၅. ၄၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၁။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၃ စုံ | ၄၉၇ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ငါးလုပ်ငန်းဦးစီးဌာန
## ဒုတိယလက်ထောက်ဦးစီးမှူးနှင့် အငယ်တန်းစာရေး ရေးဖြေစာမေးပွဲအောင်မြင်သူများအား လူတွေ့မေးမြန်းစစ်ဆေးမည့်ရက်အသိပေးခြင်း

၁။ ငါးလုပ်ငန်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယလက်ထောက်ဦးစီးမှူး/ အငယ်တန်းစာရေး ရာထူးနေရာများတွင် ခန့်ထားနိုင်ရေးအတွက် အရည်အချင်းစစ်(ရေးဖြေ)စာမေးပွဲကို (၂၁-၁-၂၀၂၃)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး၊ ရေးဖြေအောင်မြင်သူများစာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးများသို့ ပေးပို့အကြောင်းကြားထားရှိပြီးဖြစ်သဖြင့် အဆိုပါဌာနများတွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

၂။ ရေးဖြေစာမေးပွဲအောင်မြင်သူများအား လူတွေ့မေးမြန်းခြင်းကို နေပြည်တော်စာစစ်ဌာနတွင် ဝင်ရောက်ဖြေဆိုသူများအား ရုံးအမှတ်(၃၆)၌ (၉-၂-၂၀၂၃)ရက် ရုံးချိန်အတွင်း စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တိုင်းဒေသကြီး/ ပြည်နယ် စာစစ်ဌာနအသီးသီးမှ ဝင်ရောက်ဖြေဆိုသူများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ရုံးများမှ တစ်ဆင့် Video Conferencing စနစ်ဖြင့် သတ်မှတ်ရက်များအလိုက် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ **ငါးလုပ်ငန်းဦးစီးဌာန**

## အများသိစေရန် ကြေညာခြင်း

အဖ ဦးမောင်စန်း၏သား ဦးသန်းထွန်းစိုး[၁၂/မရက(နိုင်)၀၄၃၄၉၅]အမှတ်(၉၇)၊ ဇေယျမင်္ဂလာလမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေသူ၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးသန်းထွန်းစိုးမှာ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဇေယျမင်္ဂလာလမ်းနှင့် အောင်ရတနာလမ်းထောင့် အမှတ်(၉၇)ရှိ (၂၀ x ၄၀)ပေရှိ ပထမလွှာ ဒုတိယထပ်အား (၁၆-၆-၂၀၁၆)ရက်နေ့တွင် မြေရှင်/အိမ်ရှင်ဖြစ်သူ ဦးအောင်နိုင်ထွန်းထံမှ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ဦးသန်းထွန်းစိုးမှ လက်ရှိနေထိုင်လျက်ရှိပြီး တခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းမျိုးမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းထွန်းစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေဇာမိုး(LL.B, D.B.L, C.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၃၄၄၀၂)**
**အမှတ်(၂၇၀/က-ခ)၊ တပင်ရွှေထီးလမ်း၊**
**ကြီးပွားရေးရပ်ကွက်မြောက်ပိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၂၀၈၇၂၉၀၊ ၀၉-၆၆၅၂၁၀၂၇၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၂)၊ ကျန်စစ်သားလမ်းနှင့် သဇင်လမ်းထောင့်၊ မြေကွက်အမှတ်(၅၆၂/က)၊ ဦးအောင်ဝင်းအမည်ပေါက် ပါမစ်မြေကွက် အကျယ်အဝန်း(အလျား၄၀ပေ x အနံ၂၀ပေ)ရှိ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်သီတာစိုး[၁၂/ဒဂတ(နိုင်)၀၅၂၉၁၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးလင်းလင်း[၈/နမန(နိုင်)၁၄၆၆၀၉]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားမှုအရ-**

| | |
|---|---|
| **ဦးပြည့်ဖြိုးသူ(LL.B)** | **ဒေါ်ရည်မွန်ထူး(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၆၁၄၀)** | **အထက်တန်းရှေ့နေ(စဉ်-၄၆၁၆၅)** |

**အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၂၄၄၉၈၆၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏဗိလာအိမ်ရာဝင်း၊ ကြိုးစက်ရုံလမ်း(ဇေယျာသုခလမ်း)၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ်($\frac{၂+၃}{၂၆}$)၊ မြေပိုင်မြေ၊ အမှတ်(P-26)၊ အကျယ်အဝန်း(၃၀x၅၇)ပေခန့်အကျယ်ရှိမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးစုလှိုင်(၁၁/မအန(နိုင်)၀၄၂၁၂၇)+၂ ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါကယနေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်ထွန်း(LL.B.,LL.M)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၆၃)
Fb Page:Aung Myay Saytanar RealestateCo.,Ltd, E-mail: aungmyayrealestate@gmail.com
အမှတ် (၈၈၈)၊အခန်း(၃)၊မေတ္တာလမ်းကွန်ဒို၊မေတ္တာလမ်းမ၊(၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
☎ : 09- 5080073 , 09- 76 5080073 , 09- 69 5080073

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ဗဟန်းမြို့နယ်၊ကမ္ဘာအေးဘုရားလမ်းနှင့်ဆရာစံလမ်းထောင့်၊ ပုလဲကွန်ဒို၊တိုက်အမှတ်(C)၊အခန်းအမှတ်(၁၃-၀၈)၊(၁၃)လွှာ၊(၁၂၅၀)စတုရန်းပေအကျယ်ရှိကွန်ဒိုတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်သန္တာမြင့်(၁၂/ဒဂန(နိုင်)၀၀၁၈၈၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မေရည်စိုးဦး
LL.B.,D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၁၂)
Fb Page:Aung Myay Saytanar RealestateCo.,Ltd, E-mail: aungmyayrealestate@gmail.com
အမှတ် (၈၈၈)၊အခန်း(၃)၊မေတ္တာလမ်းကွန်ဒို၊မေတ္တာလမ်းမ၊(၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
09- 5080073 , 09- 76 5080073 , 09- 69 5080073 , 09- 50 577 14

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
## ငါးလုပ်ငန်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းရှိ မြေ(၁.၃)ဧကနှင့် အဆောက်အဦများပေါ်တွင် ရေထွက်ပစ္စည်းများလဲလှယ်၊ ထုတ်ပိုး ရောဂါစစ်ဆေးခြင်း၊ ခေတ်ခွဲပေးခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ရန်အတွက် ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ရာ လုပ်ငန်းရှင်/ကုမ္ပဏီများသို့ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ငါးလုပ်ငန်းဦးစီးဌာန၊ စီမံရေးရာဌာနစု၊ ရုံးအမှတ်(၃၆) နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံရောင်းချမည့်-

| | | |
|---|---|---|
| (က) နေ့ရက် | - | (၈-၂-၂၀၂၃)ရက်မှ (၁၄-၂-၂၀၂၃)ရက်အထိ။ |
| (ခ) အချိန် | - | နေ့စဉ်ရုံးဖွင့်ချိန်များတွင် နံနက်(၉:၃၀)နာရီမှ (၁၅:၃၀)နာရီထိ။ |
| (ဂ) နေရာ | - | ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၆)၊ ပဏ္ဍိတလမ်း၊ နေပြည်တော်။ |

| | | |
|---|---|---|
| ၄။ | အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့် နေရာ | - ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၆)၊ ပဏ္ဍိတလမ်း၊ နေပြည်တော်။ |
| ၅။ | အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့် ရက်/အချိန် | - (၁၀-၂-၂၀၂၃)ရက်မှ (၁၆-၂-၂၀၂၃) ရက်အထိ။ နံနက်(၉:၃၀)နာရီမှ (၁၅:၃၀)နာရီထိ။ |
| ၆။ | အိတ်ဖွင့်တင်ဒါဖွင့်မည့် ရက်/အချိန် | - (၂၃-၂-၂၀၂၃)ရက်နေ့ နံနက် (၁၁:၀၀) နာရီ |

၇။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန Website;www.moali.gov.mm တွင်လည်း ဖော်ပြပေးထားမည်ဖြစ်ပါသည်။

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ဖုန်းနံပါတ် ၀၆၇-၄၀၈၄၇၄၊ ၀၆၇-၄၁၈၅၃၁ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

**အမိမြေ**
ဒဂုံမြို့သစ်(တောင်ပိုင်း၊ဆိပ်ကမ်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)
မြေကွက်များဝယ်လိုသည်။
09-73228881

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်နေ ဦးသက်မိုးအောင်၏ သမီး မကျော့ကလျာမိုးအောင်(ခ)သိမ့်နမိစိုး[၇/ပခန(နိုင်)၃၆၃၇၇၆]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မကျော့ကလျာမိုးအောင်(ခ)**
**မသိမ့်နမိစိုး**

# သင့်
# သွေးဖြင့်
# အသက်
# ကယ်ပါ

## ပြင်ဆင်ဖတ်ရှုပါရန်

၅-၂-၂၀၂၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၇)ပါ အထက်တန်းရှေ့နေ ဦးစိန်လှိုင်၏ ကျေးဇူးတင်ရှိပါကြောင်း အများသိစေရန် ကြေညာခြင်းတွင် (၂၉-၂-၂၀၂၃)အစား(၂၉-၁၂-၂၀၂၂)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**မိဘမေတ္တာ**
ဒဂုံမြို့သစ်ဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။
09 422 848 224

★STAR★
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

## ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ အောင်မင်္ဂလာရုံတော်ကြီးအား ငှားရမ်းမည်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့ရှိ အုံ့ဖွယ်ကိုးစုံ ရွှေစည်းခုံစေတီတော်ပိုင် ဝိုင်းမြေနှင့် အောင်မင်္ဂလာရုံတော်ကြီးမှာ စေတီတော်ကြီး၏ တောင်ဘက် ညောင်ဦးနှင့်ပုဂံမြို့ဟောင်း သွားကားလမ်းပေါ်တွင် တည်ရှိပါသည်။ ယခင်က ကဇာတ်ရုံ၊ ရုပ်ရှင်ရုံအဖြစ် အသုံးပြုခဲ့ပြီး အဆင့်မြင့်စားသောက်ဆိုင်၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရန်အကောင်းဆုံး နေရာဖြစ်ပါသည်။ ၎င်းရုံတော်ကြီးကို ၁-၃-၂၀၂၃ မှ ၃၁-၇-၂၀၂၃ အထိ (၅)လကို ပြင်ဆင်ကာလအဖြစ် အခမဲ့ခွင့်ပြုပေးပြီး ၁-၈-၂၀၂၃ ရက်မှစတင်၍ (၅)နှစ်စာချုပ်ဖြင့် ငှားရမ်းမည်ဖြစ်ပါသည်။

ငှားရမ်းလိုသူများအနေဖြင့် လျှောက်လွှာပုံစံကို ၂၁-၂-၂၀၂၃ ရက် ညနေ(၄)နာရီနောက်ဆုံးထား၍ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးသို့ လျှောက်ထားကြပါရန်နှင့် လေလံယှဉ်ပြိုင်ဆွဲဝယ်သည့်အချိန်တွင် စားပွဲတင်စပေါ်ငွေကျပ်သိန်း(၁၀၀)တင်သွင်းရမည်ဖြစ်ပါသည်။ ဈေးပြိုင်လေလံပွဲကို ၂၂-၂-၂၀၂၃ ရက် မွန်းလွဲ(၁)နာရီတွင် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လေလံစည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံးသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ညောင်ဦးမြို့**
**ဖုန်း-၀၉-၂၀၄၃၅၄၈၊ ၀၆၁-၂၄၆၀၈၂၅**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ခရေတည်းခိုခန်းအား ငှားရမ်းမည်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့ရှိ အုံ့ဖွယ်ကိုးစုံ ရွှေစည်းခုံစေတီတော်ပိုင် ခရေတည်းခိုခန်းမှာ စေတီတော်ကြီး၏အနီးတွင် တည်ရှိပါသည်။ ခရေတည်းခိုခန်းမှာ ပြည်တွင်းဧည့်သည်များ တည်းခိုရန်ဖြစ်ပါသည်။ တည်းခိုခန်းလုပ်ငန်းအပြင်အမှတ်တရပစ္စည်းရောင်းချခြင်း၊ အဆာပြေ အစားအစာရောင်းချခြင်းလုပ်ငန်းတို့ကိုပါ တွဲဖက်ဆောင်ရွက်နိုင်သော နေရာဖြစ်ပါသည်။ ၎င်းတည်းခိုခန်းကို ၁-၃-၂၀၂၃ မှ ၃၁-၅-၂၀၂၃ အထိ (၃)လကို ပြင်ဆင်ကာလအဖြစ် အခမဲ့ခွင့်ပြုပေးပြီး ၁-၆-၂၀၂၃ ရက်မှစတင်၍ (၅)နှစ်စာချုပ်ဖြင့် ငှားရမ်းမည်ဖြစ်ပါသည်။

ငှားရမ်းလိုသူများအနေဖြင့် လျှောက်လွှာပုံစံကို ၂၁-၂-၂၀၂၃ ရက် ညနေ(၄)နာရီနောက်ဆုံးထား၍ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးသို့ လျှောက်ထားကြပါရန်နှင့် လေလံယှဉ်ပြိုင်ဆွဲဝယ်သည့်အချိန်တွင် စားပွဲတင်စပေါ်ငွေကျပ်သိန်း(၅၀)တင်သွင်းရမည်ဖြစ်ပါသည်။ ဈေးပြိုင်လေလံပွဲကို ၂၂-၂-၂၀၂၃ ရက် မွန်းလွဲ(၁)နာရီတွင် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လေလံစည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံးသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ညောင်ဦးမြို့**
**ဖုန်း-၀၉-၂၀၄၃၅၄၈၊ ၀၆၁-၂၄၆၀၈၂၅**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၂) ကံဘဲ့၊ မြေကွက်အမှတ်(၇/က၂ + ၇/ခ၂)၊ ဧရိယာ(၁.၁၃၈)ဧက အကျယ်အဝန်းရှိ အမှတ်(၁၉)၊ ကန်ရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သည့် မြေပိုင်မြေ လ/န-၃(ခ)မြေကွက်နှင့်ပတ်သက်၍ (၁၂-၁-၂၀၂၃) ရက်နေ့ထုတ် "ကြေးမုံ"သတင်းစာပါ အများသိစေရန် ကြေညာချက်ကို ပြန်လည်ရှင်းလင်းကန့်ကွက်ခြင်း

၁။ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၂) ကံဘဲ့ မြေကွက်အမှတ်(၇/က၂+၇/ခ၂)၊ ဧရိယာ(၁.၁၃၈)ဧက အကျယ်အဝန်းရှိ အမှတ်(၁၉)၊ ကန်ရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သည့် မြေပိုင်မြေ လ/န-၃(ခ)မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်သူ ဦးမောင်မောင်၊ ဒေါ်ခင်ဝါဝါ(ခ) မတူး၊ ဒေါ်မီမီစိန်(ခ)မဖြူဖြူ၊ ဦးကိုကိုလေး(ကွယ်လွန်)တို့(၄)ဦးမှ ၁၉၈၅ - ခုနှစ်ကတည်းက ပိုင်ဆိုင်ခဲ့သော မြေကွက်ဖြစ်ပါသည်။

၂။ အထက်ဖော်ပြပါ (၄)ဦး ပူးတွဲအမည်ပေါက် ပိုင်ဆိုင်သည့်မြေ၏ လေးပုံတစ်ပုံကို ပိုင်ဆိုင်ထားသူ ဦးကိုကိုလေးက (၅-၅-၁၉၉၀)ရက်နေ့တွင် ပူးတွဲပိုင်ဆိုင်သူ ဦးမောင်မောင်သို့ ရောင်းချခဲ့ပါသည်။ အရောင်းအဝယ်စာချုပ်တွင် ရောင်းချသူ ဦးကိုကိုလေးနှင့် ဝယ်ယူသူ ဦးမောင်မောင်တို့က နှစ်ဖက်အသိသက်သေများရှေ့မှောက်တွင်လက်မှတ်ရေးထိုးခဲ့ပါသည်။ ထိုစဉ်က ဦးကိုကိုလေးတွင် ဇနီး ဒေါက်တာ ဒေါ်ရင်ရင်မေ တစ်ဦးတည်းသာရှိပါသည်။

၃။ ထို့ကြောင့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၂)ကံဘဲ့၊ မြေကွက်အမှတ်(၇/က၂+၇/ခ၂)၊ ဧရိယာ(၁.၁၃၈)ဧက မြေကွက်မှာ(၅-၅-၁၉၉၀)ရက်နေ့နှင့် နောက်ပိုင်းမှစပြီး အဆိုပါမြေကွက်တွင် ဦးကိုကိုလေး(ကွယ်လွန်)၏ပိုင်ဆိုင်မှုအစုလုံးဝမရှိတော့ပါ။

၄။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမောင်မောင်၊ ဒေါ်ခင်ဝါဝါ(ခ)မတူး၊ ဒေါ်မီမီစိန်(ခ) မဖြူဖြူတို့ ပူးတွဲပိုင်ဆိုင်သူ (၃)ဦး၏ သဘောတူညီချက်ဖြင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အာမခံတင်သွင်းခြင်းအပါအဝင် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကိုပြုလုပ်ခွင့်ရှိကြောင်း သက်ဆိုင်ရာ ရုံးဌာနများတွင် မြေပုံမြေရာဇဝင် ကူးယူလျှောက်ထားခွင့်ရှိကြောင်း မြေကွက်အမည်ပြောင်း လျှောက်ထားခွင့်ရှိကြောင်း ဒေါ်မြင့်မြင့်ရွှေနှင့် အများသိရှိစေရန် ပြန်လည်ရှင်းလင်း ကန့်ကွက်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်တင်တင်ညို (LL.B)** | | **နေဖြူဦးသန်းဆွေ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၇၂)** | | **LL.B, LL.M(Q) H.G.P, ADVOCATE** |
| **ဒေါ်သွယ်သွယ်ထွေး (LL.B,D.B.L)** | | **တရားလွှတ်တော်ရှေ့နေကြီး(စဉ်-၂၈၆၈)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၃၇)** | | **ကုမ္ပဏီရှေ့နေကြီး၊ ဘဏ်ရှေ့နေကြီး(ဥပဒေကျွမ်းပြု)** |
| **ဒေါ်ညီမ်းညီမ်းထွေး(LL.B,D.B.L)** | **ဒေါ်အေးငြိမ်းသူ(LL.B)** | **ဒေါ်နန့်အိဆုမွန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၃၃၁၅)** | **(စဉ်-၅၃၂၃၉)** | **(စဉ်-၄၉၄၀၁)** |

**ရုံး-တိုက်(၉/၁၁)၊ အခန်း(၁၀၃/E)၊ ပ-ထပ်၊ (၃၆)လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၂၉၈၄၄၄၉၊ ၀၉-၇၉၉၇၀၀၁၉၉**

## သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

## တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၄-၂၀၂၃ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၂၃-၁-၂၀၂၃ ရက်နေ့မှ ၂၈-၂-၂၀၂၃ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာအဋ္ဌမတန်းအောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့ စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သား အခြေခံလစာ (၁၅၀၀၀၀)ကျပ်နှင့် စရိတ်များ ခံစားခွင့်ရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်း တပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက် ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

**❖ နိုင်ငံတော်အစိုးရက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေပေးဝေမှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာတွင် တောင်သူလယ်သမားများအနေဖြင့်လည်း "ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်" ဆိုသည့် စကားရပ်နှင့်အညီ လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

**ကျေးဇူးတရား**

ဆောင်းပါး စာမျက်နှာ » ၁၅




**၂၀၂၃ ခုနှစ် ကမ္ဘာ့ရေးရာများကို မှန်းဆကြည့်ခြင်း**

စာမျက်နှာ » ၁၉

**အာတီတာရဲ့ ဇန်နဝါရီဈေးကွက် ကစားသမားသစ်ခေါ်ယူမှု ပရီမီယာလိဂ်ဖလားရရှိရေး မျှော်လင့်ချက်ရှင်သန်ခွင့် ရှိနိုင်မလား**

စာမျက်နှာ » ၂၅

**အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကျင်းပမည့်ရက် သတ်မှတ်**

စာမျက်နှာ » ၂၆

## ပွင့်ဖြူမြို့နယ်၌ နွေသီးနှံစိုက်ပျိုးနိုင်ရေး မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေဖြန့်ဝေပေးမည်



ပွင့်ဖြူ ဖေဖော်ဝါရီ ၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများ နွေသီးနှံ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မဲဇလီရေလွှဲဆည်မှ ဖေဖော်ဝါရီ ၁၅ ရက်တွင် စိုက်ပျိုးရေ စတင်ဖြန့်ဝေပေးမည်ဖြစ်သည်။

စိုက်ပျိုးရေပေးဝေမည့်အခြေအနေနှင့် စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးအတွက် ဒေသခံတောင်သူများကို ကြိုတင် အသိပေးထားပြီးဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွဋ်အောင်က ပြောသည်။

ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေဖူလုံစေရေးအတွက် မဲဇလီရေလွှဲဆည်မှ ဆည်ရေကို

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❍



## ပါရီအိုလံပစ်ခြေစစ်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာအမျိုးသမီးအသင်း ပြင်ဆင်

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပါရီအိုလံပစ် ခြေစစ်ပွဲပထမအဆင့်နှင့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

ပါရီအိုလံပစ် အမျိုးသမီးဘောလုံး အာရှဇုန် အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်ကို ဧပြီ ၃ ရက်မှ ၁၁ ရက်၊ (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို မေ ၅ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သောကြောင့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအနေဖြင့် ပြိုင်ပွဲနှစ်ခုစလုံးအတွက် တပေါင်းတည်းလေ့ကျင့်ပြင်ဆင်နေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှစတင်ကာ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်နေခြင်းဖြစ်ပြီး ပဏာမကစားသမား ၃၂ ဦးဖြင့်

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❖